# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 6 November 2017 ၉၁၀၀


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား ဂုဏ်ပြု


စာမျက်နှာ - ၃


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ တက်ရောက်ရန် ထွက်ခွာ


စာမျက်နှာ - ၅


လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ တိုင်းပြည်မှာ ဒီမိုကရေစီ ပိုမိုပြည့်ဝတဲ့ စနစ်တစ်ခု တည်ဆောက်နိုင်ဖို့လေ့ကျင့်ဆောင်ရွက်နေတာဖြစ်


စာမျက်နှာ - ၇





မောင်တောတောင်ပိုင်းဒေသ ကျောင်းတောင်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းပေးနေစဉ်။

# မောင်တောဒေသ၌ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ စပါးဧက သုံးထောင်ကျော် ရိတ်သိမ်းခြွေလှေ့ပြီးစီး

**မောင်တော နိုဝင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ မောင်တောဒေသအတွင်း ရိတ်သိမ်းခြွေလှေ့ချိန်တန် ရင့်မှည့်စပါးဧက နှစ်သောင်းကျော်ကို သုံးလတာကာလအတွင်း အပြီးရိတ်သိမ်းခြွေလှေ့သွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

"ဘူးသီးတောင်၊ မောင်တောဒေသတွေမှာ စပါးတွေက ရင့်မှည့်နေပြီဖြစ်တော့ လေလွင့်ဆုံးရှုံးမှုဖြစ်မသွားအောင် ကျွန်တော်တို့ဌာနမှာရှိတဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ တတ်နိုင်သမျှ လာရောက်ရိတ်သိမ်းခြွေလှေ့ပေးတာပါ၊ ရိတ်သိမ်းပြီးသား စပါးတွေကိုလည်း ကွင်းအလိုက် ပိုင်ဆိုင်မှုဧကပေါ်မှာ မူတည်ပြီးတော့ ထွက်လာတဲ့စပါးပမာဏကို ရိတ်သိမ်းစပါးများ ထိန်းသိမ်းလက်ခံရေးကော်မတီကို စာရင်းဇယားများနဲ့ စနစ်တကျ အပ်နှံနေပါတယ်၊ စပါးဧကလေးသောင်းကျော်မှာ သုံးလတာကာလအတွင်း စပါးဧက နှစ်သောင်းကျော်ကို ရိတ်သိမ်းခြွေလှေ့ အပ်နှံပေးသွားမှာဖြစ်ပါတယ်"ဟု စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ပြောသည်။

မောင်တောဒေသအတွင်း အောက်တိုဘာ ၂၆ ရက်မှစတင်၍ နိုင်ငံပိုင်ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီး၊ ပြည်နယ်အစိုးရအဖွဲ့ပိုင် ၁၈ စီး စုစုပေါင်း ၃၂ စီးဖြင့် ရင့်မှည့်စပါးများကို အလေအလွင့်မရှိအောင် ရိတ်သိမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အစိုးရက ဦးဆောင်၍ စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ စခန်းငါးခု အခြေချကာ နေ့စဉ်ရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိသည်။ ရိတ်သိမ်းခြွေလှေ့မှုအနေဖြင့် မောင်တောတောင်ပိုင်းဒေသများဖြစ်သော ကျောင်းတောင်ကျေးရွာအုပ်စုတွင် ရိတ်သိမ်းခြွေလှေ့စက် ရှစ်စီး၊ မောရဝတီကျေးရွာအုပ်စုတွင် ခြောက်စီး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂




## ကြေးမုံ

# ပဋိပက္ခများကင်းဝေး ပြည်သူများ စိတ်နှလုံးအေး

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာလ ၂ ရက်နေ့က ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောခရိုင် ပန်းတောပြင်၊ ခုံတိုင် (မြို)ရွာသစ်၊ တောင်ပြိုလက်ဝဲ၊ ကျီးကန်းပြင်ဒေသတို့သို့ သွားရောက်ပြီး အဆိုပါဒေသများဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ စိတ်နှလုံးချမ်းမြေ့ရေး အားဖြည့်ပေးခဲ့သည်ကို မြင်တွေ့ခဲ့ရပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အဆိုပါဒေသများသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့ခြင်းဖြစ်ပြီး ထိုဒေသ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ဆောင်ရွက်ပေးခြင်းဖြစ်၍ ဒေသနှင့်ပြည်သူများအတွက် ပိုမိုထိရောက်သောအကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်မိသလို ယခုခရီးစဉ်မတိုင်မီကာလတွင် စတင်အကောင်အထည်ဖော်နေပြီဖြစ်သည့် ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)အတွက်လည်း ပိုမိုထိရောက်သည့် တွန်းအားများ ဖြစ်ပေလိမ့်မည်။

ယခုခရီးစဉ်တွင် ထူးခြားချက်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်တွင်းမှ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ပဋိပက္ခများနှင့် မတည်ငြိမ်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသော်လည်း အမှန်တကယ်တွင် အဆိုပါဒေသသည် ရေမြေသဘာဝ ကောင်းမွန်ပြီး ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများရှိသည့် ဒေသဖြစ်သည်။ ထို့ကြောင့် စီးပွားရေးဘက်ဆိုင်ရာတွင် အမြော်အမြင်ရှိသူများ လိုက်ပါလာသည့်အတွက် အဆိုပါဒေသတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စီးပွားရေး အခွင့်အလမ်းများ ထူထောင်နိုင်မှု စသည့်လမ်းစများ ပေါ်ထွက်လာနိုင်ပေသည်။

ထို့အပြင် ကျေးရွာများ ပြန်လည်ထူထောင်ရေး၊ ကလေးငယ်များအားကောင်းမွန်စွာပညာသင်ကြားပေးရေး၊ အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးရေး၊ ဘာသာစကားတတ်မြောက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စုစည်းညီညွတ်စွာနေထိုင်နိုင်ရေး၊ လူမျိုးစုများ၏ သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး စသည်တို့ကို ဒေသခံပြည်သူများနှင့်အတူ နိုင်ငံတော်အစိုးရက ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များ ပေါ်ထွက်ခဲ့သည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေရှည် အမြစ်တွယ်ခဲ့သော စိန်ခေါ်မှုများစွာတို့ကို ကျော်လွှားဆောင်ရွက်ကြရသည်ဖြစ်၍ အခက်အခဲများ ရှိနေမည်မှာ အမှန်ဖြစ်သည်။ သို့သော် နိုင်ငံတော်၏ အထူးဝါယမစိုက်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်တွင်းမှ စေတနာရှင်များ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် မကြာမြင့်မီအချိန်ကာလတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဟု ယုံကြည်ပါသည်။

တစ်ဆက်တည်းပင် ရေတိုစီမံကိန်း၊ ရေရှည်စီမံကိန်းများနှင့်အတူ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည့် အစီအမံများကိုပါ အကောင်အထည်ဖော်နေပြီဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ အေးအေးချမ်းချမ်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် အဆိုပါဒေသများမှာ နယ်စပ်ဒေသဖြစ်၍ လုံခြုံရေးမှာ အထူးအရေးကြီးသည်။ ဤပြည်တွင်နေ၊ ဤရေကိုသောက်ပြီး အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ဤပြည်ထောင်စုအပေါ်တွင် သစ္စာရှိရမည်ဖြစ်သည်။ နိုင်ငံတော်က ရင်ဝယ်သားကဲ့သို့ မေတ္တာစေတနာထားကာ အလေးထားဆောင်ရွက်ပေးနေမှုအပေါ် နားလည်သိမှတ်ကာ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အမုန်းတရားနှင့်သံသယများ ကွယ်ပျောက်၍ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေထိုင်ကြရမည်ဖြစ်သည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း ပါဝင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သွားရောက်ခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်း ခရီးစဉ်သည် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ပေါ်လာရေးတို့အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်ရာ ဒေသခံပြည်သူများသာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနိုင်ကြစေရန် တိုက်တွန်းပါသည်။ ။

# ဂျပန်နိုင်ငံ ဖူကူအိုကာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား

**ရန်ကုန် နိုဝင်ဘာ ၅**

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ အသေးစားစက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဆက်သွယ်ရေး နည်းပညာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ သိရသည်။

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့မှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် အထူးစိတ်ဝင်စားနေကြပြီး မြန်မာနိုင်ငံ၏ ကျွမ်းကျင်လုပ်သားရှားပါးမှုကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာလူငယ်များအား ဖူကူအိုကာမြို့သို့ ဖိတ်ခေါ်ကာ လုပ်ငန်းကျွမ်းကျင်ပညာတော်သင် အစီအစဉ်များပေးအပ်ရန် မြို့တော်အစိုးရက စီစဉ်လျက်ရှိကြောင်း ဖူကူအိုကာမြို့တော်ဝန် မစ္စတာဆွိုင်ချီရိုတာကာရှီမာက ကုန်သည်/စက်မှုအသင်းချုပ်နှင့် အောက်တိုဘာ ၃၁ ရက်က တွေ့ဆုံခဲ့ရာတွင် ပြောကြားခဲ့သည်။

မြို့တော်ဝန် ဦးဆောင်သည့် မြို့တော်အစိုးရအဖွဲ့ဝင်များနှင့် ဖူကူအိုကာမြို့မှ လုပ်ငန်းရှင် ဦးရေ ၁၀၀ ခန့်ပါဝင်သည့် စီးပွားရေး လေ့လာရေးအဖွဲ့သည် ကုန်သည်/စက်မှုအသင်းချုပ်နှင့် မြန်မာလုပ်ငန်းရှင်များအား တွေ့ဆုံရာတွင် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အသေးစားစက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဆက်သွယ်ရေး နည်းပညာလုပ်ငန်းများအကြောင်း အထူးစိတ်ဝင်တစား ဆွေးနွေးခဲ့ကြသည်။

ဖူကူအိုကာမြို့မှ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ မြန်မာ့အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ကုန်သည်/စက်မှုအသင်းချုပ်က ဖိတ်ခေါ်ထားသည်။ ရန်ကုန်ဧရိယာအပြင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းထားပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆိပ်ကမ်းတည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံခြင်းများကို ကြိုဆိုဖိတ်ခေါ်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဂျပန်စီးပွားရေးလေ့လာရေးအဖွဲ့နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ယင်းအပြင် ဖူကူအိုကာမြို့မှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လာမည့် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့ ထပ်မံ လာရောက်ကာ ကုန်သည်/စက်မှုအသင်းချုပ် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့နိုင်ရန် ဆောင်ရွက်သွားမည်ဟု သိရသည်။

ဖူကူအိုကာမြို့နှင့် ရန်ကုန်မြို့တို့အကြား ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ညီအစ်မမြို့တော်များအဖြစ် သဘောတူလက်မှတ်ရေးထိုးထားခဲ့ကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ ခိုင်မာသော ဆက်ဆံရေးထူထောင်ရန် အပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

(၀၀၁)

# မုံရွာမြို့နယ် မြစိမ်းရောင်ကျေးရွာ ၁၀ ရွာမှ နှစ်နှစ်အတွင်း ငွေကျပ် ၁၂၇၄ သိန်းကျော် အတိုးငွေရရှိ



**မုံရွာ နိုဝင်ဘာ ၅**

မုံရွာမြို့နယ် မြစိမ်းရောင်ကျေးရွာ ၁၀ရွာမှ စီမံကိန်းကာလ နှစ်နှစ်အတွင်း ငွေကျပ် ၁၂၇၄ သိန်းကျော် အတိုးငွေရရှိခဲ့ကြောင်း မုံရွာမြို့နယ် ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုထံမှ သိရသည်။

မုံရွာမြို့နယ် မြစိမ်းရောင်ကျေးရွာ ၁၀ ရွာမှ ဒေသခံများကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ မီးလင်းရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကျပ်သိန်း ၃၀၀၀ ကျော် ထုတ်ချေးပေးခဲ့ရာ စီမံကိန်းကာလ နှစ်နှစ်အတွင်း ငွေကျပ် ၁၂၇၄ သိန်းကျော် အတိုးငွေများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ် ဘော်ဂါကျေးရွာမှ ဒေသခံတစ်ဦးက "အရင်က ရွာမှာ ငွေချေးရင် ငွေကျပ် ၁၀ တိုးနဲ့ ချေးရတယ်၊ မြစိမ်းရောင်စီမံကိန်းချပေးတော့ သူများဆီကနေ ငွေချေးသုံးတဲ့ မိသားစုတွေ နည်းသွားတယ်၊ အတိုးက အရင်ကလောက်မများတော့ဘူး၊ အတိုးက အရင် ၁၀ ကျပ်ကနေ ငါးကျပ်အထိ ထက်ဝက်လျော့လာတာ တွေ့ရတယ်၊ စီမံကိန်းချေးငွေနဲ့ လုပ်တဲ့လုပ်ငန်းတွေကို ကျေးလက်ဦးစီးက မကြာခဏ ကွင်းဆင်းပြီး လိုအပ်တာလုပ်ပေးတဲ့အတွက် လုပ်ငန်းတွေ အမှန်လုပ်လာကြတာ တွေ့ရပါတယ်၊ အခုဆိုရင် လုပ်ငန်းကရတဲ့အကျိုးအမြတ်နဲ့ အဆင်ပြေပြေ ပြန်ဆပ်နိုင်ကြတဲ့အပြင် အပိုကျန်လာတာကို တွေ့ရပါတယ်" ဟု ပြောပြသည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းကြောင့် ဒေသခံများ စည်းလုံးမှုပိုရလာသလို ကျေးရွာကော်မတီဝင်များအနေဖြင့်လည်း စာရင်းဇယားများကို နည်းစနစ်တကျ စာရင်းကိုင်တွယ်တတ်လာကြောင်း မုံရွာမြို့နယ် ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ပြောသည်။

"ကျေးရွာတစ်ရွာမှာ အတိုးငွေက ကျပ်သိန်း ၁၂၀ လောက်ရှိနေပြီ၊ စီမံကိန်းကရလာတဲ့ အတိုးငွေတွေကိုလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အသုံးပြုနေပါပြီ၊ ကျေးရွာတွေမှာ အရင်က အမျိုးသားအများစုကသာ ဦးဆောင်လုပ်ကိုင်ခဲ့ပေမယ့် အခု မြစိမ်းရောင်စီမံကိန်း ဝင်လာတဲ့နောက်ပိုင်းမှာ အမျိုးသမီးတွေလည်း ပါဝင်လုပ်ကိုင်တဲ့ တန်းတူအခွင့်အရေးတွေ ရလာနေတာ တွေ့ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော် ယခင်နှစ်ထက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ လုံခြုံရေးတိုးမြှင့်

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ်၏ နေ့ထူးနေ့မြတ်ဖြစ်သော (၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို နိုဝင်ဘာ ၇ ရက်တွင် ဘားအံမြို့ သီရိကွင်းအတွင်း၌ ယခင်နှစ်ထက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်ကာလအတွင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့က လုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပွဲတော်ကာလအတွင်း အများပြည်သူ ပျော်ရွှင်စွာ နွှဲပျော်နိုင်ဖို့အတွက် ယာဉ်အန္တရာယ်မဖြစ်စေဖို့ရယ်၊ လုံခြုံရေးကို ထိခိုက်စေနိုင်တဲ့ လက်နက်တစ်စုံတစ်ရာ မပါရှိစေဖို့ရယ်၊ မူးယစ်ဆေးဝါးတွေ သယ်ဆောင်လာခြင်းမရှိစေဖို့ရယ်၊ မီးရှူး၊ မီးပန်း၊ ဗျောက်အိုး၊ ရှူးဒိုင်းနဲ့ ပေါက်ကွဲစေတတ်တဲ့ပစ္စည်းတွေ သယ်ဆောင်လာခြင်း မရှိစေဖို့ရယ် အဓိကထားဆောင်ရွက်နေတာပါ၊ ဒီနှစ်က ပိုပြီးလူစည်ကားမှာမို့ လုံခြုံရေးကိုလည်း အပြည့်အဝ တာဝန်ချထားသွားမှာပါ"ဟု ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်းက ပြောသည်။

သီရိကွင်းအတွင်း ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများ၊ ကရင်ရိုးရာယဉ်ကျေးမှု ဒုံးယိမ်းအကပြိုင်ပွဲများ၊ ဇာတ်သဘင် အက၊ အလှများ၊ မုန့်ဈေးရောင်းပွဲတော်များ၊ ကုန်စည်ပြပွဲများ၊ မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးများ၊ လှေလှော်ပြိုင်ပွဲ၊ ကာယဗလမောင်/မယ်ပြိုင်ပွဲ၊ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများဖြင့် ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပွဲတော်ကို အများပြည်သူ စိတ်အေးချမ်းသာစွာဖြင့် ပါဝင်နွှဲပျော်စေနိုင်ရေးအတွက် စစ်ဆေးရေးတာဝန်များကို နိုဝင်ဘာ ၁ ရက်မှ စတင်ကာ တိုးမြှင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးတာဝန်များကို နိုဝင်ဘာ ၄ ရက် ညနေပိုင်းက စတင်တာဝန်ချထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား ဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ ၎င်း၏နေအိမ်၌ MMA (ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) One Hero's Dream ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား ရင်းရင်းနှီးနှီး လက်ခံတွေ့ဆုံ၍ ဂုဏ်ပြုအမှတ်တရလက်ဆောင်ပေးအပ်သည်။

မြန်မာနိုင်ငံ၌ နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သည့် One Championship Hero's Dream Open Weight Super –Bout ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Middle Weight တန်းမှ အောင်လအန်ဆန်က စိန်ခေါ်သူ Heavy Weight တန်း ကစ်ဘောင်ဆင် ကမ္ဘာ့ချန်ပီယံ အလိန်းဂါလာနီကို ပထမအချီ ၄ မိနစ် ၃၁ စက္ကန့်တွင် ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့သည်။

**သတင်းစဉ်**





ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲ Level(3) အဆင့် ပွဲစဉ်(၁) တွင် ပြိုင်ပွဲဝင်နေသူတစ်ဦးကို တွေ့ရစဉ်။

*** ငြိမ်းချမ်းရေးမှ**

Level(1)အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေးမြို့တို့တွင် ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသလက်ရွေးစင် ၃၆ ဦးကို ရွေးချယ်ခဲ့သည်။ ဆက်လက်၍ Level(2) အဆင့်ပွဲစဉ်လေးခု ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၁၁ ဦးကို Level(3)အဆင့်အတွက် ရွေးချယ်နိုင်ခဲ့သည်။

ယခုကျင်းပသည့် Level(3) အဆင့် သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ်လေးခုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များတွင် ဒိုင်များ၏ ဆုံးဖြတ်ချက်များအပြင် ပရိသတ်များ၏ Voting စနစ်လည်းပါဝင်ကြောင်း သိရသည်။

ပရိသတ်များ၏ Voting စနစ်အတွက် SMS ပေးပို့နိုင်သည့် Code များမှာ MPT (7676)၊ Telenor(6600)၊ Ooredoo(6031)တို့သို့ ပြိုင်ပွဲကျင်းပပြီးစီးသည့်အချိန်မှစတင်၍ ၄၈ နာရီအတွင်း SMS ပေးပို့နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအတွက် ပေးပို့သည့် Vote Number များကို ရုပ်မြင်သံကြားအစီအစဉ်များတွင် လည်းကောင်း၊ ငြိမ်းချမ်းရေးဂီတပွဲတော် Official Facebook Page တွင်လည်းကောင်း ကြေညာပေးသွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲ Level(3) အဆင့် ပွဲစဉ်(၁)မှ ရွေးချယ်ခံရသူများကို နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည့် Level(3) အဆင့် ပွဲစဉ် (၂) ပြိုင်ပွဲတွင် ကြေညာပေးသွားမည်ဖြစ်သည်။ Level(3) အဆင့် ပွဲစဉ် (၃)၊(၄)နှင့် Final ပွဲစဉ်များကို ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Level(3) အဆင့်ပြိုင်ပွဲသို့ ရွေးချယ်ခံထားရသည့် ဆန်ခါတင် ၁၁ ဦးအနက်မှ သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများရွေးချယ်ကာ ပထမဆု ကျပ်သိန်း ၃၀၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၀၊ တတိယဆု ကျပ်သိန်း ၁၀၀နှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ကျပ်သိန်း ၃၀ စီဖြင့် ရှစ်ဆုချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ သီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)မှ နေရာဒေသများသတ်မှတ်ကာ ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် (၂၀၁၇) သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲကျင်းပသည့်နေ့များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ ည ၈ နာရီသတင်းအပြီးတွင် တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtv-webmediaportal နှင့် Pace Music Festival Facebook စာမျက်နှာwww.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**✪ ရွှေဖုံးမှ**

အလယ်သံကျော်ကျေးရွာအုပ်စုတွင်ခြောက်စီး၊ နွားရုံတောင်ကျေးရွာအုပ်စုတွင် ခြောက်စီးနှင့် မြို့သူကြီးကျေးရွာအုပ်စုတွင် ခြောက်စီး စုစုပေါင်း ၃၂စီးဖြင့် ရိတ်သိမ်းခြွေလှေ့ပေးလျက်ရှိကာ နေ့စဉ်စပါးဧက၁၅၀ဝန်းကျင်ရိတ်သိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနက မြေစာရင်းဦးစီးဌာနနဲ့ ပူးပေါင်းပြီး ဒီဒေသက စပါးတွေကို နေ့စဉ်ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ ဆောင်ရွက်ပေးနေပါတယ်၊ ဒီဒေသမှာ အဓိကအခက်အခဲက အလုပ်သမားရှားပါးမှုပါ။ ဒါကြောင့် နေပြည်တော်၊ မန္တလေးနဲ့ စစ်ကိုင်းဘက်က စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်း ၁၀၀ လောက်ကို အကူအညီတောင်းပြီး လုပ်ဆောင်နေရပါတယ်၊ ဒီဒေသ အလုပ်သမားတွေက တစ်နေ့ငွေကျပ်တစ်သောင်းပေးတာတောင် ငှားရတာ မလွယ်ကူဘူး၊ ကျွန်တော်တို့အနေနဲ့ စက်ယန္တရားတွေ ဝင်ထွက်သွားလာမှု အဆင်ပြေတဲ့ လယ်မြေဧကတွေကို အတတ်နိုင်ဆုံး ရိတ်သိမ်းခြွေလှေ့ပေးသွားမှာပါ"ဟု စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်ဇော်အုန်းက ပြောသည်။

မောင်တောဒေသ၌ ယခုအခါ စပါးရိတ်သိမ်းခြွေလှေ့ပြီးစီးမှုမှာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ၁၀ ရက်တာအတွင်း ဧကသုံးထောင်ကျော် ရိတ်သိမ်းခြွေလှေ့ပြီးစီးနေပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၅၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ယင်းရိတ်သိမ်းခြွေလှေ့ပြီးစပါးများကို စက်မှုလယ်ယာဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ အပ်နှံလျက်ရှိပြီး လတ်တလောအနေဖြင့် ယင်းစပါးများကို အလယ်သံကျော်၊ မြင်းလွတ်နှင့် နီးစပ်ရာ စခန်းနေရာများ၌ ဂိုဒေါင်များထားရှိကာ ယာယီသိုလှောင်ထားလျက်ရှိသည်။

**သတင်းအဖွဲ့**




မောင်တောတောင်ပိုင်းဒေသ ကျောင်းတောင်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးခြွေလှေ့ပြီး မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။

**○ ကျောဖုံးမှ**

ဦးမြင့်ကို(ရတနာပုံ)၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် ဂိုးသမား-ဆန်းဆက်နိုင် (ရန်ကုန်)၊ ပြည့်စုံချစ် (ရတနာပုံ)၊ နောက်တန်း- နန်းဝေမင်း၊ မင်းကျော်ခန့် (ရန်ကုန်)၊မျိုးကိုထွန်း၊ ကျော်သက်ဦး (ရတနာပုံ)၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ လှိုင်မျိုးအောင် (ရှမ်းယူနိုက်တက်)၊ သီဟထက်အောင် (ချင်းယူနိုက်တက်)၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ အလယ်တန်း- စည်သူအောင်၊ လှိုင်းဘိုဘို (ရတနာပုံ)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ ကျော်မင်းဦး၊ ငြိမ်းချမ်းအောင် (ရန်ကုန်)၊ စွမ်းထက်အောင် (မကွေး)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရန်ပိုင်စိုး (ဧရာဝတီ)၊ ရှေ့တန်း-အောင်သူ (ရတနာပုံ)၊ အောင်ကောင်းမာန် (ဧရာဝတီ)၊ သန်းပိုင်(ချင်းယူနိုက်တက်)၊ ဝင်းနိုင်ထွန်းနှင့် ပြည့်စုံနိုင် (MFF Youth) တို့ ပါဝင်ကြသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# သမ္မတ ထရန့် ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိ

**တိုကျို နိုဝင်ဘာ ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သူ၏ အာရှငါးနိုင်ငံ ခရီးစဉ်ကို နိုဝင်ဘာ ၅ ရက်တွင် စတင်ခဲ့ရာ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ယနေ့ရောက်ရှိခဲ့သည်။ အဆိုပါဂျပန်နိုင်ငံ ခရီးစဉ်သည် ထရန့်အနေဖြင့် သမ္မတရာထူးတာဝန်များ စတင်ထမ်းရွက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခြင်းဖြစ်သည်။

ထရန့်နှင့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် ဂျပန်နိုင်ငံ၏ အကောင်းဆုံးဂေါက်ရိုက်သမား ဟီဒီကီ မတ်ဆုယာမာနှင့်အတူ ဂေါက်ရိုက်ကြမည်ဖြစ်သည်။ ထို့နောက် သမ္မတ ထရန့်နှင့် ဇနီးတို့အား ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးမည်ဖြစ်သည်။

နိုဝင်ဘာ ၆ ရက်တွင် ထရန့်က ဂျပန်ဧကရာဇ် အာကီဟီတိုနှင့် ဧကရီဘုရင်မ မီချိကိုတို့အား သွားရောက်တွေ့ဆုံမည်ဖြစ်သည်။ ထို့နောက် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ၁၉၇၀-၁၉၈၀ခုနှစ်များတွင် မြောက်ကိုရီးယားသူလျှိုများ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသူ ဂျပန်နိုင်ငံသားများ၏ မိသားစုဝင်များကိုလည်း သမ္မတထရန့်က တွေ့ဆုံမည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲသို့ ၂၀၀၂ ခုနှစ်က ပြုံယမ်းမှ ပြန်လည်လွတ်မြောက်လာခဲ့သော ဖမ်းဆီးခြင်းခံရသူ တစ်ဦးလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် သမ္မတ ထရန့်နှင့် ဝန်ကြီးချုပ် အာဘေး တို့က သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပမည် ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦး တွေ့ဆုံဆွေးနွေးပွဲတွင် မြောက်ကိုရီးယား နျူကလီးယားဖွံ့ဖြိုးမှု အစီအစဉ်နှင့် ဒုံးကျည်ပစ်လွှတ်ခြိမ်းခြောက်မှုဆိုင်ရာကိစ္စရပ်များ ပါဝင်နိုင်ဖွယ်ရှိသည်။ ထို့ပြင် ပြုံယမ်းအား ဖိအားထပ်မံပေးရန် တရုတ်နိုင်ငံနှင့် အခြားသောနိုင်ငံများအား အတူတကွ တိုက်တွန်းပြောကြားမည့်အရေးကိစ္စများကိုလည်း ဆွေးနွေးနိုင်ဖွယ်ရှိသည်။

စီးပွားရေးကဏ္ဍနှင့်ပတ်သက်ပြီး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ထပ်မံတိုးချဲ့ဆောင်ရွက်ရန်နှင့် နိုင်ငံရပ်ခြားအခြေခံအဆောက်အအုံ စီမံကိန်းများဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

ထရန့်အစိုးရအဖွဲ့က အမေရိကန်-ဂျပန် ကုန်သွယ်ရေး ဆောင်ရွက်မှုတွင် လိုငွေပြခြင်းနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်လျက်ရှိကြသည်။

ထရန့်အနေဖြင့် ကုန်သွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်တစ်ရပ် ချုပ်ဆိုရန် ဓေ့စပ်ညှိနှိုင်းမှုပြုမည်ကို ဂျပန်တာဝန်ရှိသူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

**အင်န်အိတ်ချ်ကေ**



# ကမ္ဘာ့အမြင့်ဆုံးနက္ခတ်တာရာစခန်း တိဘက်ဒေသ၌ တည်ဆောက်မည်



**လာဆာ နိုဝင်ဘာ ၅**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း တိဘက်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ကမ္ဘာ့အမြင့်ဆုံး နက္ခတ်တာရာ စခန်းကို ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားကြသည်။

အဆိုပါ နက္ခတ်တာရာစခန်းတွင် အချင်း တစ်မီတာရှိ မှန်ဘီလူးများပါရှိသော နက္ခတ်တာရာကြည့်မှန်ပြောင်း တစ်ခု ပါရှိမည်ဖြစ်ပြီး နက္ခတ္တဗေဒသုတေသနနှင့် အများပြည်သူတို့ နက္ခတ္တသိပ္ပံပညာရပ်ကို လေ့လာနိုင်မည့် စခန်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း တိဘက်ဒေသသိပ္ပံနှင့် နည်းပညာဌာန၏ပြောကြားချက်ကိုကိုးကားပြီး သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့အမြင့်ဆုံးနက္ခတ်တာရာစခန်းသည် ပြည်သူများအနေဖြင့် ကြယ်တာရာများနှင့် စကြဝဠာတို့ကို စူးစမ်းလေ့လာနိုင်ရန်အထောက်အကူပြုမည်ဖြစ်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

နက္ခတ်တာရာစခန်းကို ၂၀၁၉ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး လာဆာမြို့ရှိ တိဘက်သဘာဝသိပ္ပံပြတိုက်အတွင်း တည်ရှိမည်ဖြစ်သည်။ **ဆင်ဟွာ**

# အမေရိကန်သံရုံးစီးနင်းခံရမှု နှစ်ပတ်လည်နေ့တွင် မြို့တော် တီဟီရန်၌ အီရန်ပြည်သူများ ဆန္ဒပြ

**ဘေရွတ် နိုဝင်ဘာ ၅**

အီရန်နိုင်ငံ၌ ၁၉၇၉ ခုနှစ်က အမေရိကန်သံရုံးကို ဝင်ရောက်စီးနင်းခဲ့မှု နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပြည်သူထောင်ပေါင်းများစွာက အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ကြကြောင်း၊ ဆန္ဒပြပွဲများအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ မူဝါဒများကို ဆန့်ကျင်သည်ဟု ဆန္ဒထုတ်ဖော်ခဲ့ကြပြီး အမေရိကန်အလံကို မီးရှို့ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန် အစ္စလာမ့်တော်လှန်ရေး သမိုင်းဖြစ်ရပ်၏ အဓိကဖြစ်စဉ်အဖြစ် အမေရိကန်သံရုံးကို အီရန်ကျောင်းသားများက ဝင်ရောက်စီးနင်းခဲ့သည့် ဖြစ်ရပ်မှာ ၁၉၇၉ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ဖြစ်ပွားခဲ့သည်။ အီရန်တော်လှန်ရေးကိုထောက်ခံသော ကျောင်းသားများသည် သံရုံးအတွင်းရှိ သံတမန်များနှင့် အမေရိကန်နိုင်ငံသား ၅၂ ဦးကို ဓားစာခံအဖြစ် ၄၄၄ ရက်ကြာမျှ ထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ကမ္ဘာ့သမိုင်းတွင် ကာလအရှည်ကြာဆုံး ဓားစာခံဖမ်းဆီးမှုဖြစ်ရပ် ဖြစ်သည်။

ဆန္ဒပြသမားထောင်ပေါင်းများစွာသည် တီဟီရန်မြို့လယ်ရှိ အမေရိကန်သံရုံးဟောင်း ရှေ့တွင်ပြထားသော ခါဒါအက်ဖ် အမျိုးအစား တာဝေးပစ်ဒုံးကျည်အနီး စုဝေးခဲ့ကြသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားလက်ထက်က အီရန်နှင့် ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းခဲ့ခြင်းကြောင့် ပြည်သူလူထုအတွင်း အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ် မှေးမှိန်သွားခဲ့သော်လည်း သမ္မတ ဒေါ်နယ်ထရန့်လက်ထက်တွင် ၎င်း၏ မူဝါဒများကို ဆန့်ကျင်သူ တိုးပွားလာကြောင်း၊ ယခုနှစ်ပတ်လည် ဆန္ဒပြပွဲတွင် ပါဝင်ဆန္ဒပြသူဦးရေမှာ ယခင်နှစ် ဆန္ဒပြပွဲနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားကြောင်း သတင်းတွင်ဖော်ပြသည်။

အမေရိကန်သမ္မတ ထရန့်သည် မိမိတို့နိုင်ငံနှင့် ထိပ်တိုက်တွေ့မည့်လမ်းကြောင်းသို့ ရောက်ရှိစေရန် လုပ်ဆောင်နေကြောင်း အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက ဝေဖန်ပြောကြားသည်။

သမ္မတအိုဘားမားလက်ထက်က ရရှိခဲ့သော ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော ဥရောပ မဟာမိတ်နိုင်ငံများ၊ ရုရှားနှင့် တရုတ်နိုင်ငံတို့၏ ဆန္ဒကို သွေဖည်လျက် သမ္မတ ထရန့်က ယင်းသဘောတူညီချက်ကို အီရန် လိုက်နာမှုကို အသိအမှတ်ပြုပြောဆိုရန် ငြင်းဆိုခဲ့ရာမှ တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်ကို အီရန်နိုင်ငံ လိုက်နာဆောင်ရွက်လျက်ရှိသည်ဟု ကုလသမဂ္ဂစစ်ဆေးရေးမှူးများက အတည်ပြုပြောကြားခဲ့သော်လည်း အမေရိကန်သမ္မတက အလားတူထောက်ခံချက်ပေးရန် ငြင်းဆန်ခဲ့သည်။ **ရိုက်တာ**

# လျှပ်စစ်မော်တော်ကားသုံးစွဲမှု တိုးတက်လာစေရေး ဂျာမနီ၌ ဓာတ်အားပြန်လည်ဖြည့်တင်းရေးစခန်းများ ဖွင့်လှစ်

**ဖရန့်ဖတ် နိုဝင်ဘာ ၅**

ဂျာမနီနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီအများစုပါဝင်သော အုပ်စုတစ်စုက လျှပ်စစ်ကားများအား အလျင်မြန်ဆုံးနှုန်းဖြင့် ဓာတ်အား ပြန်လည်ဖြည့်တင်းပေးနိုင်မည့် စခန်းများကို ယခုနှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ အလားတူစခန်း ၄၀၀ အထိကို ဥရောပတစ်ဝန်း၌ ဖွင့်လှစ်သွားရန်လည်း အစီအစဉ်တစ်ရပ် ရေးဆွဲချမှတ်ထားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဥရောပတစ်ဝန်း၌ လျှပ်စစ်ကားသုံးစွဲမှု ဘက်သို့ မော်တော်ယာဉ်မောင်းများ ဦးလှည့်လာစေရေးအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာရန် အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြစဉ် ဘီအမ်ဒဗလျူ၊ ဒိုင်မလာအေဂျီ၊ ဖို့ဒ်မော်တော်ကားကုမ္ပဏီနှင့် ဗောက်စ်ဝေဂွန် မော်တော်ကားကုမ္ပဏီတို့က အော်ဒီနှင့် ပေါ့ခ်ျကားကုမ္ပဏီတို့နှင့်အတူ ဖက်စပ်လုပ်ငန်းတစ်ရပ်ကို ထူထောင်လိုက်ကြပြီဖြစ်သည်။

လျှပ်စစ်မော်တော်ကားဈေးကွက်တစ်ခု ပေါ်ထွန်းလာရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်အဖြစ် ဥရောပတိုက်လုံးဆိုင်ရာ ဓာတ်အားပြန်လည်ဖြည့်တင်းရေး စခန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သွားရန် လိုအပ်ကြောင်း အိုင်းယွန်နာတီဟု အမည်ပေးထားသော ဖက်စပ်လုပ်ငန်းက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။


မိမိတို့သည် ဓာတ်အားပြန်လည် ဖြည့်တင်းရေးစခန်းဖွင့်လှစ် လုပ်ကိုင်လိုသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး မကြာမီဆုံးဖြတ်ချက်တစ်ရပ် ချမှတ်မည်ဖြစ်ကြောင်း အိုင်းယွန်နာတီဖက်စပ်လုပ်ငန်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ လျှပ်စစ်ကားသုံးစွဲမှုကို မြှင့်တင်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အမြန်ဆုံးနှုန်းဖြင့် ပြန်လည်ဖြည့်တင်းပေးနိုင်မည့်စခန်း ထောင်ပေါင်းများစွာကို ဖွင့်လှစ်ရန် လိုအပ်နေပြီး ယင်းသို့ ဖွင့်လှစ်နိုင်ရေးအတွက် ဒေါ်လာငွေ ဘီလီယံပေါင်းများစွာကို ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

ဂျာမနီရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းများမှ ကုမ္ပဏီပေါင်းစုံပါဝင်သော အဖွဲ့ကြီးဖြစ်သည့် အိုင်းယွန်နာတီအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြည့်တင်းရေးစခန်းတစ်ခုလျှင် ယူရို ၂၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၃၃၀၀၀)ခန့် ကျခံသုံးစွဲရမည်ဆို၏။

**ရိုက်တာ**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ (Defence & Security 2017) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ် Gen. Ponpipaat Benyasri နှင့် ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက သုဝဏ္ဏဘူမိလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(ဓါပုံ)**

**သတင်းစဉ်**

# MMA ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချီးကျူးဂုဏ်ပြုလွှာ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၅**

ရန်ကုန်မြို့၌ နိုဝင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သည့် One Championships Hero’s Dream Open Weight Super – Bout ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Middle Weight တန်းမှ ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က စိန်ခေါ်သူ Heavy Weight တန်း ကစ်ဘောက်ဆင် ကမ္ဘာ့ချန်ပီယံ အလိန်းဂါလာနီအား ပထမအချီ ၄ မိနစ် ၃၁ စက္ကန့်တွင် ထိုက်ထိုက်တန်တန်အနိုင်ရခဲ့သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပေးအပ်သော ချီးကျူးဂုဏ်ပြုလွှာ ပေးအပ်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ချီးကျူးဂုဏ်ပြုလွှာပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက အောင်လအန်ဆန်အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပေးအပ်သည့် ချီးကျူးဂုဏ်ပြုလွှာကို ပေးအပ်ပြီး နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်တွင်းပြည်ပ စာပေပညာရှင်များ တက်ရောက် ဆွေးနွေးသည့် စတုတ္ထအကြိမ်မြောက် ဧရာဝတီ စာပေပွဲတော် ကျင်းပပြီးစီး



**မန္တလေး နိုဝင်ဘာ ၅**

ပြည်တွင်းပြည်ပစာပေပညာရှင်များနှင့် စာပေချစ်မြတ်နိုးသူများ ပါဝင်ဆင်နွှဲခဲ့သည့် စတုတ္ထအကြိမ်မြောက် ဧရာဝတီစာပေပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort ၌ နိုဝင်ဘာ ၃ ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အဆိုပါပွဲတော်တွင် ပြည်တွင်းပြည်ပ စာပေပညာရှင်များက စာတမ်းများ ဖတ်ကြားခြင်း၊ တက်ရောက်လာကြသည့် စာရေးဆရာများနှင့် စာပေဝါသနာရှင်များက စာပေအကြောင်းအရာများ ဆွေးနွေးခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ ပန်းချီရေးဆွဲခြင်း၊ ကာတွန်း ရေးဆွဲခြင်းတို့အပြင် ရန်ကုန်နှင့် မန္တလေးတို့မှ စာအုပ်အရောင်းဆိုင် ၄၀ နီးပါး လာရောက်ရောင်းချခဲ့ကြသည်။

“မန္တလေးမြို့မှာ ဧရာဝတီစာပေပွဲတော်ကျင်းပခဲ့တဲ့အထဲမှာ ခုကျင်းပတဲ့ ပွဲက အားရကျေနပ်စရာကောင်းပါတယ်၊ စာတမ်းဖတ်သူတွေဘက်မှာလည်း လူငယ်မျိုးဆက်သစ်တွေ ပါဝင်လာပြီး ဆွေးနွေးမေးမြန်းသူတွေထဲမှာ လူငယ်တွေ အများအပြားပါလာတဲ့အတွက် ဝမ်းသာအားရမိပါတယ်။ ဒီနှစ်မှာ နိုင်ငံတကာ စာပေပညာရှင်တွေရဲ့ ဆွေးနွေးချက်ကလည်း အင်မတန်အဖိုးတန်ပါတယ်၊ ဂျာနယ်လစ်ဇင်အပိုင်းက သတင်းတုတွေနဲ့ သတင်းလမ်းလွဲအောင် လုပ်တဲ့နည်းတွေကို သူတို့ကိုယ်တိုင်ဖော်ထုတ် ဆွေးနွေးခဲ့ကြတယ်၊ ဒီပွဲတော်မှာ စာအုပ်အရောင်းဆိုင်တွေ၊ အမှတ်တရ ပစ္စည်း အရောင်းဆိုင်တွေနဲ့ အစားအသောက်တွေ လာရောက် လှူဒါန်းမှုတွေရှိလို့ ပရိသတ်အရေအတွက် မြင့်တက်လာတဲ့အတွက် နောင်ကျင်းပမယ့်ပွဲတွေမှာ ဒီထက်အောင်မြင်ပြီး လူငယ်မျိုးဆက်သစ်တွေကို အကျိုးပြုလိမ့်မယ်လို့ မြင်ပါတယ်” ဟု ပွဲတော်ကျင်းပရေးအဖွဲ့မှ Country Director ဒေါက်တာ အောင်မြင့် က ပြောသည်။

စတုတ္ထအကြိမ်မြောက် ဧရာဝတီစာပေပွဲတော်၏ ထူးခြားသည့် အောင်မြင်မှုမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှစ၍ ယနေ့ခေတ်ကဗျာဆရာများ စုစည်းရေးသားထားသည့် မြနန္ဒာ ကဗျာပေါင်းချုပ် စာအုပ်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် လည်းကောင်း၊ ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ကာတွန်းဆရာများ၏ ကာတွန်းများကိုလည်း စာအုပ်တစ်အုပ်အဖြစ် လည်းကောင်း ပွဲတော်အမှတ်တရအဖြစ် ထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မန္တလေးမြို့ခံ စာရေးဆရာ ကျော်ရင်မြင့်ကလည်း “စတုတ္ထအကြိမ် ဧရာဝတီပွဲတော်က ပိုပြီး စည်ကားပြီး ရန်ကုန်၊ မန္တလေးနဲ့ နိုင်ငံတကာက စာရေးဆရာတွေ စာနယ်ဇင်းသမားတွေ အားလုံး တက်တက်ကြွကြွနဲ့ ပါဝင်လာကြတယ်၊ ဒီလိုစာပေပွဲတော်တွေ ကျင်းပခြင်းဖြင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပြီး အသိအမြင်တွေလည်း ကျယ်စေတယ်၊ နိုင်ငံတကာက စာရေးဆရာတွေလည်း မြန်မာနိုင်ငံအကြောင်း ပိုပြီးသိလာစေတဲ့အတွက် နိုင်ငံအတွက်ရော စာပေအတွက်ပါ အကျိုးရှိတယ်”ဟု ပြောသည်။

အဆိုပါ စာပေပွဲတော်တွင် လာရောက် ရောင်းချသည့် အော်ဂင် စာအုပ်အရောင်းဆိုင်မှ ကိုမျိုးမြင့်ကလည်း “ဒီပွဲတော်မှာ သုတ၊ ရသ စာပေတွေ ပိုပြီး ရောင်းအားကောင်းပါတယ်၊ ဝယ်သူအများစုက စာရေးဆရာတွေ၊ လူကြီးပိုင်းစာပေဝါသနာရှင်တွေနဲ့ ကျောင်းဆရာဆရာမတွေ အများဆုံးဝယ်ကြတယ်၊ တစ်နေ့ကို နှစ်သိန်းဖိုးလောက် ရောင်းရတယ်၊ ဒီမှာလာရောင်းကြတာက ရန်ကုန်က စာအုပ်ဆိုင်တွေပိုများပြီး ဒီပွဲတော်ပြီးရင် ကျုံးအရှေ့ဘက်မှာ လုပ်မယ့် စာအုပ်ဈေးရောင်းပွဲတော်မှာ ဆက်ပြီး ရောင်းချသွားပါမယ်” ဟု ပြောသည်။

စတုတ္ထအကြိမ်မြောက် ဧရာဝတီစာပေပွဲတော်ကို နိုဝင်ဘာ ၃ ရက်မှစ၍ ကျင်းပခဲ့ရာ နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီတွင် ပိတ်ပွဲအခမ်းအနားကျင်းပခဲ့ပြီး တက်ရောက်လာကြသော ပွဲတော် ဖြစ်မြောက်ရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပ စာပေပညာရှင်များ၊ စာရေးဆရာများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# MMA ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အောင်လအန်ဆန်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်မြို့ရှိ သုဝဏ္ဏ မိုးလုံလေလုံ အားကစားရုံကြီး၌ နိုဝင်ဘာ ၃ ရက် ညပိုင်းက ကျင်းပသည့် One Hero's Dream ပြိုင်ပွဲတွင် အဓိကပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်သည့် MMA မစ်ဒယ်ဝိတ်တန်း လက်ရှိကမ္ဘာ့ချန်ပီယံဖြစ်သူ အောင်လအန်ဆန်က စိန်ခေါ်သူ မွေထိုင်း ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံ အလိန်းဂါလာနီ(ဟောင်ကောင်)အား ပထမအချီ၌ပင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ပေးပို့သည့် ဂုဏ်ပြုစာလွှာအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Sedona Hotel ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး မင်းသက်ဦးက သွားရောက်ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

အောင်လအန်ဆန်သည် ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ဆုကို ရယူနိုင်ခဲ့ပြီး မြန်မာ့ဇာတိသွေး၊ ဇာတိမာန်ကို ပြသနိုင်ခဲ့သဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အပင်ကောင်းမှ အသီးလှမည်

ဒေါက်တာစန်းဝင်း(သစ်တောတက္ကသိုလ်)

အသီးအပွင့်ကောင်းကောင်းလေးတွေ လိုချင်လို့ အပင်တွေ စိုက်ကြပါတယ်။ ဒီအခါမယ် ကိုယ့်ရဲ့စိတ်ဝင်စားတဲ့နေရာက အသီးနဲ့အပွင့်လောက်သာပါပဲ။ အပင်နဲ့ အပင် ဖြစ်ထွန်းအောင် လုပ်ပေးတဲ့လုပ်ရပ်၊ ပံ့ပိုးပေးတဲ့ ဂေဟစနစ်တွေကို အမှုမဲ့ အမှတ်မဲ့ နေကြလို့ မသိကြတာများပါတယ်။

စိုက်ပျိုးရေးသီးနှံတွေအောင်မြင်ဖို့ သစ်တောတွေရဲ့ ပံ့ပိုးမှုက လိုအပ်ပါတယ်။ ရေအတွက်၊ ရာသီဥတုထိန်းညှိဖို့အတွက်၊ ရွက်ကြွေမြေဩဇာအတွက်၊ မြေတိုက်စား၊ ရေတိုက်စားကာကွယ်ဖို့အတွက်၊ သီးနှံစိုက်ခင်းတွေကို လေပြင်းဒဏ်မှ ကာကွယ်ဖို့အတွက် စသည်ဖြင့်ပေါ့။ သစ်တောတွေက စိုက်ပျိုးရေး၊ သီးနှံထွက်ရှိရေး ကူညီကြပါတယ်။ ဥပမာ သဘာဝမြေဩဇာပြုလုပ်ရာမှာ ဝါးရုံအောက်ကမြေကို ယူဆောင်ပြီး လုပ်ရပါတယ်။ အကြောင်းကတော့ ဝါးရုံအောက်ကမြေမှာ မြေဩဇာဖြစ်စေရေး အထောက်အကူပြုတဲ့ အဏုဇီဝပိုးတွေ အများအပြားရှိနေလို့ပါ။

သစ်တောတွေရဲ့ အကျိုးပြုပုံကို ပြောပြရရင် စိုက်ပျိုးရေးသာမက မြို့ပြတွေမှာ ရေလွှမ်းမိုးခံရခြင်း (အထူးသဖြင့် မိုးရာသီမှာပေါ့)ကလည်း သစ်တောပြုန်းတီးခြင်းနဲ့ အတိုင်းအတာအတော်များများ ဆက်စပ်နေပါတယ်။ (၁)ရွာချတဲ့မိုးရေကို ခေတ္တခဏစုပ်ယူနိုင်မယ့် သစ်တောတွေက နည်းပါးလာတော့ ရွာသမျှမိုးရေက အရှိန်ပြင်းစွာနဲ့ မြေတိုက်စားပြီး စီးဆင်းလာတယ်။ (၂) ရေတိုက်စားမှုနဲ့အတူ ပါလာတဲ့မြေကြီး၊ သဲ အစရှိတာတွေ အနည်ပို့ချမှုဖြစ်ကာ မြစ်တွေ တိမ်ကောလာတယ်။ အထူးသဖြင့် ချောင်းဝတွေ၊ မြစ်ဝတွေမှာပေါ့။

မြို့ပြတွေကလည်း မြစ်ချောင်းနံဘေးမှာ တည်ထားတာတွေဆိုတော့ တိမ်ကောနေတဲ့ မြစ်တွေထဲ အရှိန်ပြင်းပြင်းနဲ့ များများဆင်းလာတဲ့ ချောင်းရေ၊ မြစ်ရေက ရေလျှံမှုဖြစ်စေပါတယ်။ ဒီဖြစ်စဉ်ကို ပိုဆိုးစေတဲ့ အချက်က မြစ်ဝကနေ ရှောရှောရှူရှူ ဆင်းသွားနေရမယ့် ရေတွေက ရာသီဥတုပြောင်းလဲခြင်းကြောင့် ပင်လယ်ရေ မျက်နှာပြင် တက်လာတဲ့ခေတ်နဲ့ တည့်တည့်တိုးနေတော့ မြို့တွေ ရေလျှံတာ ပုံမှန်လိုဖြစ်နေပြီ။ ဒ့ါအပြင် တစ်မြို့လုံး ကွန်ကရစ်ခင်းထားတော့ မိုးရေတွေ မြေအောက် စိမ့်မဝင်နိုင်ပြန်တာကြောင့် မြို့ပြတွေ ရေလျှံတာ ပိုဆိုးစေပြန်တယ်။

နိုင်ငံအတော်များများမှာလည်း လူကြီးများက စိုက်ပျိုးရေးသီးနှံတွေ အထွက်ကောင်းဖို့အတွက် စိတ်ဝင်စားကြပေမယ့် စိုက်ပျိုးရေးသီးနှံကောင်းအောင် အထက်ဖော်ပြပါ အထောက်အပံ့တွေကို ပေးနေတဲ့ သစ်တောတွေ ရေရှည်တည်တံ့ဖို့ကိုတော့ စိတ်ဝင်စားမှုနည်းလေ့ရှိကြပါတယ်။ (Political Support နည်းတယ်ပေါ့)။ သစ်တောကနေ တိုင်းပြည်ဝင်ငွေတိုးဖို့ကိုတော့ စိတ်ဝင်စားခဲ့တာတွေ့ခဲ့ရပါတယ်။

အကြောင်းရင်းက စိုက်ပျိုးရေးနဲ့ သစ်တောရဲ့ ဆက်စပ်မှု (The Nexus of Agriculture and Forestry) ကို မသိကြလို့ဖြစ်သလို သစ်တောစီးပွားရေးက ရေရှည်လုပ်ရတဲ့ (ရှင်သန်ကြီးထွားပြီး အကျိုးအမြတ် ရရှိအောင် နှစ်များစွာစောင့်ရတဲ့) လုပ်ငန်းဖြစ်တာကို အမှုမဲ့ အမှတ်မဲ့ ဖြစ်တာကြောင့်လည်း ပါနိုင်ပါတယ်။

တွက်တဲ့အတွက်က ဘာလဲဆိုတော့ စိုက်ပျိုးရေးကဏ္ဍဖြစ်ထွန်းရင် ပြည်ပဝင်ငွေရမယ်။ အစားအသောက် ပေါမယ်။ ဒီလိုဆိုရင် ဆူပူမှုတွေမရှိနိုင်ဘူး။ ဒါကြောင့် ဆန်စပါးကို အရင်က အလားအလာအရှိဆုံးသီးနှံ ရယ်လို့တောင် အချို့ကပြောကြပါတယ်။ အဲဒီလိုသတ်မှတ်ပြောဆိုလာတာနဲ့အညီ သီးနှံအထွက်တိုးရေးအတွက် ဆည်မြောင်း၊ ကန်ချောင်းတွေအတွက် ငွေကြေးများ အသုံးပြုကြသလို စိုက်ပျိုးရေးအတွက် သစ်တောဧရိယာတွေမှာ စိုက်ပျိုးနယ်မြေတွေ ချဲ့ထွင်လာကြပါတယ်။

ဒါတောင်မှ ယခုခေတ်က ရာသီဥတုပြောင်းလဲနေတဲ့ခေတ်ဖြစ်လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ သစ်ပင်သစ်တောရဲ့ အကျိုးပြုပါဝင်ပုံတွေ မြင့်လာလို့၊ ပိုမိုသိရှိလာလို့ သစ်တောသစ်ပင် ထိန်းသိမ်းရေးကို နည်းနည်းပိုစိတ်ဝင်စားလာကြတာပါ။

စိုက်ပျိုးရေးလုပ်ငန်းနဲ့ ဆက်စပ်မှုရှိနေတဲ့ သစ်တောမြေနေရာတွေကို ကာကွယ်ရမယ့်အစား ခုတ်ထွင်ရှင်းလင်းခြင်းတောင် ခံခဲ့ရကာ သစ်တောဧရိယာ ယုတ်လျော့မှု အကြောင်းအရင်းတစ်ရပ် (အခြားအကြောင်းအရင်းများလည်း ရှိပါသေးသည်)ဖြစ်လာတာပေါ့။ လောင်စာဆီ အစားထိုး မသနော အတွက် ကြံစိုက်မယ်ဆိုပြီး၊ စားဆီဖူလုံရေးအတွက် ဆီအုန်းစိုက်တယ်ဆိုပြီး စတဲ့ သီးနှံတွေအတွက် ပေးဆပ်ခဲ့ရတဲ့ သစ်တောဧရိယာတွေ အတော်များများရှိပါတယ်။ နောက်တော့မှ (အဲဒီစိုက်ဖို့ ယူထားတဲ့သစ်တောတွေထဲက သစ်ပင်တွေကုန်တော့မှ) စိုက်ဖို့ အကြောင်းမသင့်တော့သလိုလိုနဲ့ သတ်မှတ်ဧရိယာ ပြည့် မစိုက်နိုင်ခဲ့တာတွေ ရှိခဲ့ပါတယ်။ ဆန်စပါး စိုက်ပျိုးရေးဧရိယာ ချဲ့ထွင်ဖို့အတွက် ဒီရေတောများ ပေးဆပ်ခဲ့ရတာတွေလည်း ရှိခဲ့ပါတယ်။ ဥပမာ ကမ္ဘာ့ဘဏ်အကူအညီနဲ့လုပ်တဲ့ စပါး ၁၊ စပါး ၂ စီမံကိန်းတွေပေါ့။ ဒါပေမယ့် စပါးစိုက်လယ်များ ဆားငန်ရေ ဝင်ရောက်မှုမရှိရေးကို သာမက လူနဲ့ ကျွဲ၊ နွားတွေကိုပါ အဘက်ဘက်က အကာအကွယ်ပေးနေတဲ့ ဒီရေတောများ မရှိတော့တဲ့အခါ နာဂစ်လို ဆိုင်ကလုန်းမုန်တိုင်းတိုက်လိုက်တော့ လယ်ထဲကို ဆားငန်ရေတွေ ရောက်၊ ကျွဲ၊ နွား၊ လူနဲ့ အိမ်ရာတွေ ပျက်စီးခဲ့ရတာ ဆယ်စုနှစ် တစ်ခု မပြည့်သေးပါဘူး။ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံလောက်ရှိတယ်လို့ အဲဒီတုန်းကပြောတာ မှတ်လိုက်ရပါတယ်။ ဒီရေတောတွေ ကုန်ခဲ့တဲ့နောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးရဲ့ စပါးထွက်တန်ဖိုး ၁၀ ဘီလီယံရော ဝင်ငွေရခဲ့ပြီလား။

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာက လယ်ယာချဲ့ထွင်ဖို့အတွက်ကြောင့် သစ်တောများ ပြုန်းတီးရသလို ငွေကြေးကဏ္ဍလိုအပ်လို့ တိုင်းပြည်ကဏ္ဍဖြည့်တင်းဖို့အတွက်ပါ သစ်တောများဟာ ပေးဆပ်ခဲ့ကြရတာပါ။

ဥပမာအားဖြင့် ၁၉၈၀ ပြည့်နှစ်နဲ့ ၁၉၉၀ ပြည့်နှစ်များအတွင်းက မြန်မာနိုင်ငံရဲ့ ပြည်ပကဏ္ဍ ငွေဖြည့်တင်းတဲ့နေရာမှာ ဆန်၊ စပါးကရတဲ့ဝင်ငွေထက် သစ်တောကဏ္ဍကရတဲ့ဝင်ငွေက ပိုများလာတာ မှတ်သားတွေ့ရှိခဲ့ရပါတယ်။ ၁၉၈၀ ကျော်နှစ်များဖြစ်တဲ့ ၁၉၈၁-၈၂ ကစပြီး ဆန်စပါးကရတဲ့ ပြည်ပဝင်ငွေ နည်းလာတာဟာ ၁၉၈၈ ခုနှစ်ရောက်တော့ များစွာနည်းပါးသွားတာတွေ့ရှိပြီး သစ်တောဝင်ငွေက ပိုမိုများလာတာတွေ့ရပါတယ်။ သစ်တောက ဝင်ငွေပိုမိုတိုးတယ်ဆိုတာက သစ်တောတွေ အတော်များများ ခုတ်ယူရောင်းချခဲ့လို့ဆိုတာ ပြောနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၈၅၆ ခုနှစ်ကစခဲ့တဲ့ သစ်တောအုပ်ချုပ်မှုစနစ်က နှစ်စဉ်တိုးလာတဲ့ သစ်ထုထည်ကိုသာ ခုတ်ယူဖို့ပါ။

ဘဏ်အပ်ထားတဲ့ငွေရဲ့အတိုးကိုသာ ထုတ်ယူသုံးမယ်ဆိုတဲ့ သဘောမျိုးပါ။

အတိတ်တစ်ချိန်က ဖြစ်ပေါ်ခဲ့ပုံရတဲ့ သစ်တောကဏ္ဍအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုကို ကြည့်ကြပါဦးစို့၊ သစ်တောကဏ္ဍကရတဲ့ငွေအပါအဝင် ပြည်ပကို မိမိနိုင်ငံရဲ့သယံဇာတ (သစ်၊ ရေနံ၊ ဓာတ်ငွေ့၊ ဆန်စပါး စသည်)တို့ကိုရောင်းချရပြီး ရတဲ့ဝင်ငွေတွေဟာ ဟိုတုန်းက သတ်မှတ်ငွေလဲနှုန်း (အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ ခြောက်ကျပ် ဝန်းကျင်)နဲ့ပဲ စဉ်းစားခံခဲ့ရတော့ သက်ဆိုင်ရာကဏ္ဍတွေက ရတဲ့ငွေတွေက (ပြင်ပငွေလဲနှုန်းနဲ့စဉ်းစားတဲ့အခါ) မများသလို ဖြစ်နေတယ်။ ဒီလိုမများသလိုဖြစ်ခဲ့တော့ ဒီရငွေအပေါ်မှာ ရင်းနှီးမြှုပ်နှံဖို့စဉ်းစားလေ့ရှိတဲ့ အလေ့အကျင့်နဲ့ တွေ့ပုံရခဲ့တော့ ငွေရှာပေးတဲ့ကဏ္ဍအတွက် ပြန်ရင်းနှီးမြှုပ်နှံဖို့ ထိထိရောက်ရောက် အားမသာကြပြန်တော့ဘူး။

ဒီမှာ သစ်တောတွေအတွက် ပိုဆိုးသွားစေတဲ့ကိစ္စရပ်က အထက်ကပြောခဲ့သလို သစ်တောအတွက် ရင်းနှီးမြှုပ်နှံဖို့ အားမသာပြန်တော့ သဘာဝတောထဲက သဘာဝအလျောက်ပေါက်နေတဲ့ တန်ဖိုးရှိ ကျွန်း၊ ပျဉ်းကတိုးတွေကို ခုတ်ဖို့အတွက်၊ သယ်ဖို့အတွက် လိုအပ်တဲ့ စက်ယန္တရားတွေ တောင် မဖြည့်ဆည်းနိုင်တော့ဘူးလို့ ထင်ပါတယ်။ သစ်ကိုတော့ လိုချင်တယ်၊ သစ်က ဝင်ငွေကိုတော့ ပိုတိုးလိုချင်တယ်၊ ပြန်လည်ပြီးတော့ ရင်းနှီးမြှုပ်နှံဖို့တော့ အားမသာခဲ့ပြန်တော့ မြန်မာ့သစ်တောတွေ ခုတ်ယူရောင်းချဖို့အတွက်ကို ပုဂ္ဂလိကသစ်ခုတ်တဲ့ကုမ္ပဏီတွေလက်ထဲ ထည့်လိုက်ရပါတယ်။

အသီးကောင်းဖို့အတွက် အပင်ကောင်းဖို့လိုပေမယ့် အပင်တွေက ယဲ့ယဲ့သာကျန်ပါတော့တယ်။ အသီးအပွင့်လေးတွေက ဓာတုဆေးဝါးကူညီမှုတွေနဲ့ ထွက်တော့ ထွက်နေသေးသလိုဖြစ်နေပေမယ့် ရေရှည်မှာ ဓာတုကြွင်းကျန်သီးနှံတွေကို လက်ခံလာကြမှာလားဆိုတဲ့ သဘောကို စဉ်းစားရန်လိုပါတယ်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရဲ့ အယူအဆနဲ့ကြည့်ရင် သယံဇာတတွေကို မိမိတို့လည်း အသက်ရှင်နေထိုင်ဖို့အတွက် သုံးနိုင်ကြပေမယ့် အနာဂတ်မျိုးနွယ်တွေအတွက် (သူတို့ခေတ်အခါမှာ သူတို့အသက်ရှင်နေထိုင်ဖို့အတွက်) ချန်ထားရမယ်။ အမွေကောင်းပေးရမယ်လို့ ဆိုတဲ့အတွက် ရေ၊ မြေ၊ လေ သယံဇာတကောင်းစားရေးအတွက် အရေးပါတဲ့ သစ်တောသယံဇာတများကို ပိုထိန်းဖို့ လိုပါတယ်။

ထွက်ပေါက်တစ်ခုအနေနဲ့ နိုင်ငံတော်က ပျက်စီးသစ်တောများအားလုံးကို ပြန်လည်ထူထောင်ဖို့အတွက် ပုဂ္ဂလိကစိတ်ဝင်စားသူတွေကို သစ်တောမြေဧရိယာတွေ ခွင့်ပြုလုပ်ကိုင်စေခဲ့ပေမယ့် တချို့လူတွေက "မြေနေရာဦး" ထားတာလောက်ပဲဖြစ်ပြီး သူတို့ရတဲ့မြေတွေကို အပြည့်မစိုက်နိုင်ကြဘူးလို့ ကြားရပါတယ်။ အောင်မြင်အောင် စိုက်ကြစေလိုပါတယ်။ သစ်တောတွေကြောင့် ချမ်းသာသွားသူတွေ သစ်တောပြန်လည်ထူထောင်ရေးကိစ္စတွေမှာ ပါဝင်ကူညီသင့်လှပါတယ်။

ဒုတိယထွက်ပေါက်အနေနဲ့ကတော့ ကျန်နေသေးတဲ့ တောတွေကို မခုတ်စေလိုတော့ပါဘူး။ အပင်ကောင်းကျန်မှ အသီးကောင်းရမှာမို့၊ အသီးကောင်းရမှ နောင်စိုက်မယ့် သစ်တောစိုက်ခင်းတွေ အရည်အသွေးမီမှာမို့၊ ဒ့ါအပြင် မြေတိုက်စားကာကွယ်ဖို့၊ မြစ်ချောင်းများ ရေရှည်တည်တံ့ဖို့ စသဖြင့် အကြောင်းကြောင်းတွေကြောင့် မခုတ်စေလိုတော့ပါ။

တိုင်းပြည်တစ်ခုမှာရှိတဲ့ မြစ်၊ ချောင်း သယံဇာတများဟာ အဲဒီတိုင်းပြည်ရဲ့ လူမှုရေး၊ စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုပါတယ်။ ဒီမြစ်ချောင်းတွေ တည်တံ့ဖို့အတွက် ရေဦးရေဖျားမှာရှိတဲ့ သစ်တောတွေ ရေရှည်တည်တံ့ဖို့ လိုပါတယ်။ မြန်မာပြည်အနေနဲ့ ပြောရရင် ဧရာဝတီ၊ ချင်းတွင်းမြစ်များရဲ့ ရေဦးရေဖျားဒေသတွေဖြစ်တဲ့ ကချင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ သစ်တောတွေကို ထိထိရောက်ရောက်ထိန်းဖို့လိုပါတယ်။ သံလွင်၊ စစ်တောင်းနဲ့ လှိုင်မြစ်များအတွက် ပဲခူးရိုးမ ဒေသကြီးများက သစ်တောတွေကို ထိရောက်စွာ ထိန်းချုပ်နိုင်လို့ ဒီမြစ်တွေ ရေရှည်သုံးသွားနိုင်ရင် မြန်မာပြည်ရဲ့ လူမှုစီးပွားရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိရောက်သော ကူညီမှုများ ရရှိပါလိမ့်မယ်။

အပင်ကောင်းမှ အသီးအပွင့်ကောင်းမှာမို့ တစ်နည်းအားဖြင့် သစ်တောဂေဟစနစ်တွေ ကောင်းမှ စိုက်ရေးပျိုးရေး ရေရှည်ကောင်းမှာမို့ အပင်ကောင်းစားရေးအတွက် ထိရောက်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ကြစေရန်အတွက် မမေ့ကြစေလိုကြောင်း ဆုတောင်းလိုက်ရပါတယ်။ ။

*ထွက်ပေါက်တစ်ခုအနေနဲ့ နိုင်ငံတော်က ပျက်စီးသစ်တောများအားလုံးကို ပြန်လည်ထူထောင်ဖို့အတွက် ပုဂ္ဂလိကစိတ်ဝင်စားသူတွေကို သစ်တောမြေဧရိယာတွေ ခွင့်ပြုလုပ်ကိုင်စေခဲ့ပေမယ့် တချို့လူတွေက "မြေ နေရာဦး" ထားတာလောက်ပဲဖြစ်ပြီး သူတို့ရတဲ့မြေတွေကို အပြည့်မစိုက်နိုင်ကြဘူးလို့ ကြားရပါတယ်။ အောင်မြင်အောင် စိုက်ကြစေလိုပါတယ်။ သစ်တောတွေကြောင့် ချမ်းသာသွားသူတွေ သစ်တောပြန်လည်ထူထောင်ရေးကိစ္စတွေမှာ ပါဝင်ကူညီသင့်လှပါတယ်။*

## ခရမ်းချဉ်စိုက်ခင်းများ အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရ

**မုံရွာ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ အမြင့်ပိုင်းဒေသများတွင် စိုက်ပျိုးခဲ့သော ခရမ်းချဉ်သီးစိုက်ခင်းများ ယခုနှစ်စိုက်ပျိုးရာသီတွင် အောက်တိုဘာလအတွင်း မိုးရွာသွန်းမှုများခဲ့သဖြင့် သီးနှံအထွက်နှုန်းများ ကျဆင်းပြီး ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း သိရသည်။

"အောက်တိုဘာလအတွင်းက ရွာတဲ့မိုးကြောင့် ပုံမှန်အချိန်စိုက်ပျိုးခဲ့တဲ့ ခရမ်းချဉ်သီးစိုက်ခင်းတွေ ပျက်စီးခဲ့တယ်။ မိုးမရွာခင်က ခရမ်းချဉ်သီးတောင်း တစ်ရာလောက်ထွက်တဲ့အခင်းတွေ အခုအချိန်မှာ ၂၀ ရာခိုင်နှုန်းလောက်ပဲ ထွက်တယ်။ ဈေးနှုန်းကလည်း အရင်က တစ်ပိဿာကို ကျပ် ၇၀၀ ကနေ ကျပ် ၁၁၀၀ ကျော်အထိ ဈေးတက်သွားတယ်။ အခုအချိန်မှာ အသီးထွက်တဲ့အခင်းတွေကတော့ အတော်ကိုဈေးကောင်းရမှာပါ။ စိုက်ခင်းတွေကလည်း အများကြီးပျက်စီးခဲ့တဲ့အတွက် ဈေးကွက်ကလည်း လိုသလောက်မရတဲ့အတွက် ဈေးနှုန်းမြင့်တက်သွားတာပါ"ဟု မုံရွာမြို့နယ် ခတ္တကန်တောင်ကျေးရွာမှ ခရမ်းချဉ်သီးစိုက် တောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်းရှိ အမြင့်ပိုင်းဒေသများဖြစ်သော ခတ္တကန်၊ ကြီးအုပ်၊ ညောင်ပင်သာ၊ ကျောက်ကွဲ ညောင်ပင်ကျေးရွာနှင့် လှည်းတား ဘန်စီကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး ထွက်ရှိသည့်အသီးများကို မုံရွာမြို့ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် အသီးထွက်ရှိမှုနည်းသော်လည်း ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**



# လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

## တိုင်းပြည်မှာ ဒီမိုကရေစီ ပိုမိုပြည့်ဝတဲ့ စနစ်တစ်ခု တည်ဆောက်နိုင်ဖို့ လေ့ကျင့်ဆောင်ရွက်နေတာဖြစ်





**လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ရန်ကုန်တက္ကသိုလ် Recreation Centre ၌ ကျင်းပစဉ်။**

**ရန်ကုန် နိုဝင်ဘာ ၅**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို လူငယ်များနှင့် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ရေးအတွက် လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူများပါဝင်သည့် ပြည်သူ့စကားဝိုင်းများကို ကျင်းပလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် Recreation Centre ၌ ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "ကျွန်တော်တို့ တိုင်းပြည်မှာ ဒီမိုကရေစီ ပိုမိုပြည့်ဝတဲ့ စနစ်တစ်ခု တည်ဆောက်နိုင်ဖို့ လေ့ကျင့်ဆောင်ရွက်နေတာဖြစ်ပါတယ်၊ ဦးဆောင်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်များရဲ့ ဆွေးနွေးချက်တွေကို နားထောင်ပြီး၊ ဆက်စပ်ပြီး မိမိတို့ဆွေးနွေးချင်တာရှိသမျှကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပါ။ အကျိုးသင့် အကြောင်းသင့် မေးမြန်းဆွေးနွေးတဲ့ ဆွေးနွေးပွဲစကားဝိုင်း ဓလေ့ဖြစ်စေချင်ပါတယ်၊ မိမိသဘောဆန္ဒကို ယဉ်ကျေးသော နည်းလမ်းအားဖြင့် တင်ပြဆွေးနွေးသောအားဖြင့် ကျွန်တော်တို့ တိုင်းပြည်မှာ ယဉ်ကျေးသော ဆွေးနွေးတဲ့ ဓလေ့တစ်ခု ထွန်းကားစေချင်ပါတယ်။ ဒါကလည်း ဒီမိုကရေစီ အလေ့အကျင့်ဖြစ်ပါတယ်"ဟု ပြောကြားသည်။

### တိုင်ပင်ဆွေးနွေးပါမှ ဘုံသဘောတူညီချက်တစ်ရပ် ရရှိမည်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်မှ ပြည်သူလူထု၏ အသံများကို နားထောင်လိုပါကြောင်း၊ ပြည်သူလူထုအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ပါဝင်ရန်လိုအပ်ပါကြောင်း၊ ၎င်းတို့၏ ဖြစ်လိုသော ဆန္ဒများ၊ အခြေအနေများကို မိမိတို့အနေဖြင့် တိုင်ပင်လိုပါကြောင်း၊ ထိုကဲ့သို့ တိုင်ပင်ဆွေးနွေးပါမှ ဘုံသဘောတူညီချက်တစ်ရပ်ကို ရရှိမည်ဖြစ်ပါကြောင်း၊ ၎င်းကိုနိုင်ငံရေးစင်မြင့်မှတစ်ဆင့် လွှတ်တော်ထံ ပြည်သူများအသံဟု ဆုံးဖြတ်ပြီး အစိုးရက အကောင်အထည်ဖော်မှ မိမိတို့နိုင်ငံအနေဖြင့် အောင်မြင်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အခန်းကဏ္ဍတွင် လူထုနှင့် တိုင်ပင်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ယခုလိုအခြေအနေတစ်ခုကို ဖန်တီးပေးလာသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုလို ဆွေးနွေးပွဲများကို ပြည်သူလူထုအကြားကျယ်ပြန့်ရေးအတွက် မိမိတို့တိုင်းဒေသကြီး အစိုးရအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အပြန်အလှန် ဆွေးနွေးမှုများကို ထူထောင်သွားမည်

မိမိတို့အားလုံး ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်နိုင်ရေးအတွက် အခွင့်အလမ်းတစ်ခုကို ယခုလိုပြည်သူ့အသံများ၊ အပြန်အလှန် ဆွေးနွေးမှုများကို ထူထောင်သွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးမှုပြုလုပ်ရာတွင် အချိန်အနည်းငယ်ပေး၍ လာရောက်သင့်ပြီး ဖြစ်စေချင်သည့် ဆန္ဒများကို ဆွေးနွေး၍ ရပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်နေသည့် ပြဿနာရပ်များကို ပြည်သူများပေးသည့် အကြံဉာဏ်များနှင့်အတူ နိုင်ငံတော်ကြီးကို ထူထောင်ဖို့ အားလုံးစုရုံးပြီး တိုင်ပင်ဆွေးနွေးကြပါစို့၊ မိမိတို့ကံကြမ္မာ အနာဂတ်ကို မိမိတို့ ဖန်တီးကြပါစို့ဟု ပြောကြားသည်။

"လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း" ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က FDA ၏ အချက်အလက်များအရ မိမိတို့နိုင်ငံတွင် လူငယ်အရေအတွက်သည် ၂၈ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ရှိသည်ဟုသိရှိရပြီး နိုင်ငံ၏အလားအလာ ကောင်းမွန်ပါကြောင်း၊ အနာဂတ်၏ အားကိုးအားထားရာ လူငယ်ဦးရေများပြားသည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်လည်း အရေးကြီးပါကြောင်း၊ လူငယ်များသည် ဘဝအစတွင် ခိုင်မာသည့် အလုပ်အကိုင် အခွင့်အလမ်းများကိုရရှိရန် လိုသကဲ့သို့ တတ်မြောက်သည့် ပညာ၊ ဂုဏ်တို့နှင့် အညီ အလုပ်အကိုင်ရရှိရန်လည်း အရေးကြီးပါကြောင်း၊ ယခုကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိသွားမည်ဆိုပါက လူမှုဘဝတိုးတက်မြင့်မားလာမည် ဖြစ်သကဲ့သို့ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်ပေးနေ

အလုပ်အကိုင်အခွင့်အလမ်းဆိုသည့်စကားရပ်မှာ အဓိပ္ပာယ်ရှိပါကြောင်း၊ အခွင့်အလမ်းများ လက်ဆုပ်လက်ကိုင်ရရှိရန်မှာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတစ်ခုတည်းဖြင့် မရပါကြောင်း၊ အခြားသော ဆက်နွယ်နေသည့် ကဏ္ဍများရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်း လုပ်ဆောင်နိုင်သည့် လုပ်ထုံးလုပ်နည်းများနှင့် အခြားနယ်ပယ်များလည်း တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ အလုပ်အကိုင် အခွင့်အလမ်း အများအပြားရှိလာပြီး လူငယ်များ အလုပ်အကိုင်ကောင်းကောင်း ရရှိမည်ဖြစ်ပါကြောင်း၊ ယနေ့စကားဝိုင်းတွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ လက်ဆုပ်လက်ကိုင်ရရှိနိုင်ရေး မည်ကဲ့သို့ပြင်ဆင်ရန် လိုအပ်သည်ကို မိမိတို့ဘက်ကရော အစိုးရအနေဖြင့် မည်သို့လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ဆိုသည်ကို ပုဂ္ဂိုလ်ငါးဦးဖြင့် ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ပြောင်းရွှေ့လုပ်သားအင်အား တဖြည်းဖြည်းမြင့်တက်လာ

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုးက စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်ကို ကျေးလက်ဒေသမှ အလုပ်အကိုင်အခွင့်အလမ်းများ လာရောက်ရှာဖွေကြခြင်းကြောင့် ပြောင်းရွှေ့လုပ်သားအင်အား တဖြည်းဖြည်းမြင့်တက်လာရာ ရန်ကုန်မြို့၏ အလုပ်သမား ဈေးကွက်နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း အလုပ်သမားဈေးကွက်ကို ကြည့်မည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးကို ပြောင်းရွှေ့လာသည့် ရွှေ့ပြောင်းလုပ်သားသည် ၁၁ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ဧရာဝတီ၊ ပဲခူး စသည့် နီးစပ်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်တို့မှ အလွှာအသီးသီး၊ အမျိုးအစားစုံလင်စွာနှင့် ပြောင်းရွှေ့လာကြခြင်း ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန် ၂၉ ခုတွင် များသောအားဖြင့် အလုပ်ရသည်မှာ အမျိုးသမီးငယ်များဖြစ်ပြီး ၇၀ ရာခိုင်နှုန်းမှာ အထည်ချုပ်လုပ်ငန်းများတွင် ဖြစ်ပါကြောင်း၊ အခြား ၃၀ ရာခိုင်နှုန်းသည် စက်မှုလုပ်ငန်းနှင့် ပတ်သက်သည့် အလုပ်အကိုင်များတွင်ဖြစ်ပြီး ရန်ကုန်တွင်ဖြစ်ပါကြောင်း၊ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များမှလည်း နည်းပညာသစ်များ သင်ယူလေ့လာရန် ရန်ကုန်ကို ပြောင်းရွှေ့လာကြပါကြောင်း ဆွေးနွေးသည်။

### အလုပ်အကိုင်ကောင်းများ များစွာရှိ

ထို့နောက် အင်းစိန်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်က ရန်ကုန်မြို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာ၌ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတွင် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းရှားပါးသည်ဟု ပြောနေကြပါကြောင်း၊ အချို့အတွက် အလုပ်အကိုင်ကောင်းများ များစွာရှိပါကြောင်း၊ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းတစ်ခု ရရန်လိုအပ်ပါကြောင်း၊ ထိုသို့ရရာတွင်လည်း လူ့ဂုဏ်သိက္ခာနှင့် ညီမျှသည့် အလုပ်အကိုင်ဖြစ်ရန် လိုအပ်ပါကြောင်း။

လူငယ်များအနေဖြင့် အလုပ်အကိုင်ရလျှင် ပြီးရောဆိုပြီး မလုပ်ချင်သည့် အလုပ်များကို ဝင်ရောက်လုပ်ကိုင်ကြရသည်များလည်း ရှိပါကြောင်း၊ ထိုအလုပ်များသည် အခွင့်အလမ်းကောင်းများ မဟုတ်ပါကြောင်း၊ လူငယ်များသည် အလုပ်အကိုင်ရှာဖွေရာတွင် လူ့ဂုဏ်သိက္ခာနှင့် ညီမျှသည့် အလုပ်အကိုင်များကို ရှာဖွေရန် အရေးကြီးပါကြောင်း၊ ထိုသို့သော အလုပ်များရရန်မှာ ကျွမ်းကျင်မှု (Skill) လိုအပ်ပါကြောင်း၊ ကျွမ်းကျင်မှုမရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင် အခွင့်အလမ်း များပြားစေကာမူ အလုပ်အကိုင်ရရှိရန် ခက်ခဲမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များကလည်း ကျွမ်းကျင်လုပ်သားကို ဦးစားပေး ရှာဖွေခန့်ထားမည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်အကိုင်ကောင်းများ ရလိုပါက မိမိတို့၏ ကျွမ်းကျင်မှု၊ အရည်အချင်းနှင့် ဝမ်းစာကို ဖြည့်ဆည်းကြရန် အရေးကြီးပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက အလုပ်အကိုင်ကောင်းများရရှိရန် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနသည် အလုပ်ရှာဖွေနေသည့် အလုပ်သမားများနှင့် အလုပ်သမားလိုချင်သည့် အလုပ်ရှင်များကို ချိတ်ဆက်ပေးသည့် လုပ်ငန်းကို ဆောင်ရွက်နေပါကြောင်း။

### အလုပ်ရှင်နှင့် အလုပ်သမား တိုက်ရိုက် ထိတွေ့ရွေးချယ်

၁၉၄၆ ခုနှစ်တွင် ရန်ကုန်၌ အလုပ်အကိုင် ဆက်သွယ်ရေးရုံးကို စတင်တည်ထောင်ခဲ့ပါကြောင်း၊ ထို့နောက် ၁၉၅၁ ခုနှစ်တွင် အလုပ်အကိုင်နှင့် လေ့ကျင့်သင်ကြားရေးဥပဒေကို ထုတ်ပြန်ပြီး အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကို ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ ၁၉၅၉ ခုနှစ်တွင် အလုပ်ခန့်ထားမှု ကန့်သတ်ရေးဥပဒေ ဖြစ်ပေါ်လာပြီး တစ်နိုင်ငံလုံးတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးပေါင်း ၈၀ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ ၁၅ ရုံးအပါအဝင် စုစုပေါင်း ၉၅ ရုံးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလုပ်သမားရှာဖွေနေသူများက အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ရပြီး အလုပ်သမားလိုချင်သည့် အလုပ်ရှင်များကလည်း မိမိတို့ဌာနသို့ အမှာစာပို့ရပါကြောင်း၊ ထိုသို့ အမှာစာပို့ပြီးပါက မိမိတို့ရုံးများတွင် အလုပ်သမား၏ ကျွမ်းကျင်မှု၊ ပညာအရည်အချင်း၊ အသက် စသဖြင့် သတ်မှတ်ချက် အသေးစိတ်ကို ကြေညာထားပါကြောင်း၊ အလုပ်လိုချင်သူများက လာရောက်လျှောက်ထားသည့်အခါ ပြန်လည်စုစည်းပြီး အလုပ်ရှင်ထံ ပြန်လည်အကြောင်းကြားပါကြောင်း၊ ထို့နောက် အလုပ်ရှင်နှင့် အလုပ်သမား တိုက်ရိုက်ထိတွေ့ရွေးချယ်ပြီး မိမိတို့ထံ ပြန်လည်ပေးပို့ပါက မိမိတို့က အလုပ်ခန့်ထားမှုပုံစံ ၇ ထုတ်ပေးသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

### တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုပေါ်တွင် မူတည်

ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ JPE Everest Ltd မှ ဦးဝင်းနိုင်က ပြည်တွင်းလုပ်ငန်း အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအနေဖြင့် လက်ခံဆောင်ရွက်ပေးနေသည့် အလုပ်အကိုင်အခွင့်အလမ်း အမျိုးအစားများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ယခုတက်ရောက်လာသူများတွင် အလုပ်လုပ်ကိုင်နေသူများ ပါဝင်သလို ကျောင်းတက်နေဆဲ ကျောင်းသား ကျောင်းသူများလည်းပါဝင်သဖြင့် မိမိတို့၏ အတွေ့အကြုံများကို မျှဝေလိုပါကြောင်း၊ ဘယ်လိုအလုပ်မျိုးက ရလွယ်သလဲ၊ လစာကောင်းသလဲ ဆိုတာသည် တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု (Individual Skill) ပေါ်တွင် မူတည်ပြီး လစာရရှိမှုအနည်းအများ ဖြစ်ပေါ်ခြင်းဖြစ်ပါကြောင်း၊ လက်ရှိတိုင်းပြည်၏ အနေအထားအရ Sales and Marketing၊ Engineering၊ Admin and HR စသည့် အလုပ်များ များပြားပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပြပွဲများကျင်းပရာတွင်လည်း မိမိတို့သည် ကျွမ်းကျင်လုပ်သား (Skill Worker) များကို ခေါ်ကြတာ များပါကြောင်း၊ လူငယ်များဘက်မှ မိမိတို့ ဝါသနာ၊ ဖြစ်ချင်သည့် ဆန္ဒပေါ်တွင် မူတည်၍ လစာသည် ကွာခြားသွားပြီး အလုပ်အကိုင်ရရှိမှုမှာလည်း ကွာခြားနိုင်ပါကြောင်း ဆွေးနွေးသည်။

စာမျက်နှာ ၉ သို့ »»

# စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍများ နှစ်ဆင့်ချေးငွေစီမံကိန်း ထုတ်ချေးပေးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးချက်များ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍများကို နှစ်ဆင့်ချေးငွေစီမံကိန်း (JICA Two Step Loan ) ထုတ်ချေးပေးမှုများဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းချေးငွေထုတ်ချေးပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းဆွေးနွေးချက်များကို တင်ပြလိုက်ရပါသည်။**



ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)



ဦးမင်းသူ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)



ဒေါ်တင်တင်ရည် (အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**

နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီးပွားရေးမူဝါဒတွေ ချမှတ်ဆောင်ရွက်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိဖို့ဆိုတာ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဆက်စပ်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှုမရှိဘဲနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်မြင့်နဲ့ ရနိုင်မှာမဟုတ်ပါဘူး။ ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်နေပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ကိုယ့်အင်ကိုယ့်အားနဲ့ ရင်းနှီးနိုင်တဲ့သူတွေရှိသလို ကိုယ့်အင်ကိုယ့်အားထက်ကျော်လွန်ပြီး လိုအပ်တဲ့အရင်းအနှီးအတွက်ကို ဘဏ်ချေးငွေဖြစ်စေ၊ အကူအညီရတဲ့ငွေဖြစ်စေ ရှာဖွေရင်းနှီးကြရပါတယ်။

ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့အတွက် ဘဏ်ချေးငွေအပိုင်းအနေနဲ့ တော်တော်လေးအရေးပါတဲ့အပိုင်းကပါဝင်နေပါတယ်။ ဒါကြောင့် ဘဏ်ချေးငွေအပါအဝင် ချေးငွေအမျိုးမျိုးကို တိုးမြှင့်ပြီး ရသင့်ရထိုက်တဲ့သူတွေ ရနိုင်အောင် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။ ပြည်တွင်းက ရရှိနိုင်မယ့်အရင်းအမြစ်တွေကိုလည်း တိုးချဲ့ဆောင်ရွက်နေပါတယ်။ ပြည်ပက ရနိုင်သမျှ အရင်းအမြစ်တွေကို ပြည်တွင်းအတွက် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ပကရရှိတဲ့ချေးငွေတွေရှိပါတယ်။ ဥပမာ တရုတ်ပြည် China Exim Bank ကနေ လယ်ယာကဏ္ဍအတွက်ပေးတဲ့ ချေးငွေတွေရှိပါတယ်။ ဒီချေးငွေတွေကို ယခင်သမဝါယမဝန်ကြီးဌာနကနေ တာဝန်ယူထုတ်ချေးပါတယ်။ ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းအေဂျင်စီ (JICA) က တစ်ဆင့်နှစ်ဆင့်ချေးငွေဆိုပြီး ပေးတာရှိပါတယ်။ အဲဒီချေးငွေတွေက လယ်ယာကဏ္ဍကို သွားတာရှိသလို အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းကဏ္ဍတွေကို သွားတာလည်းရှိပါတယ်။

အလားတူ ကိုရီးယားနိုင်ငံက KOICA အဖွဲ့အစည်း၊ ဂျာမနီနိုင်ငံ ဂျာမနီဖွံ့ဖြိုးရေးဘဏ်က ချေးငွေတွေကလည်း အသေးစားနဲ့ အလတ်စားစက်မှုလက်မှုလုပ်ငန်းတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ စသည်ဖြင့် အမျိုးမျိုးပျံ့နှံ့သွားတာတွေရှိပါတယ်။ ထို့အတူ ပြည်တွင်းကရတဲ့ အရင်းအမြစ်တွေကိုလည်း ချဲ့နိုင်သမျှချဲ့ပြီး ဆောင်ရွက်ပေးဖို့ လုပ်ဆောင်နေပါတယ်။ ဒီနေရာမှာ နိုင်ငံတော်က ဖွဲ့စည်းထားတဲ့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးစီးတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုတာရှိပါတယ်။ အဲဒီကော်မတီရဲ့အောက်မှာ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများလုပ်ငန်းကော်မတီဆိုတာရှိပါတယ်။ အဲဒီကော်မတီမှာ ကျွန်တော်ကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ကော်မတီဟာ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်အသီးသီးကို သွားရောက်ပြီး ငွေထုတ်ချေးနိုင်မယ့် အခွင့်အလမ်းတွေကို လုပ်ငန်းရှင်တွေကို ရှင်းလင်းပြောပြ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းအရင်းအမြစ်တွေကို ကော်မတီက ရှာဖွေတဲ့အခါ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်နဲ့ အခြားပုဂ္ဂလိကဘဏ်တွေအပါအဝင် အခြားသက်ဆိုင်ရာဘဏ်တွေကနေ လက်ရှိချေးနေတဲ့ချေးငွေအနေအထားနဲ့ ထပ်မံထုတ်ချေးပေးနိုင်မယ့်အနေအထားတွေကို သုံးသပ်ပြီး နိုင်ငံတော်က ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်နေတဲ့ကဏ္ဍအသီးသီးကို ရောက်ရှိအောင် ဆက်လက်ထုတ်ချေးဖို့ စီစဉ်တာဖြစ်ပါတယ်။

ပြည်တွင်းအင်အားကိုယူပြီး ထုတ်ချေးမယ်ဆိုတာကလည်း မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ အပ်ငွေအများဆုံးရှိတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် ပုံမှန်ချေးနေတဲ့ Commercial Loan လို့ခေါ်တဲ့ စီးပွားရေးချေးငွေကတော့ တစ်နှစ်ကို အတိုးနှုန်း ၁၃ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပါတယ်။ ဒီစီးပွားရေးချေးငွေမှာ သက်တမ်းက တစ်နှစ်ပဲ ချေးနိုင်တယ်ဆိုတဲ့ အနေအထား၊ အတိုးနှုန်းကလည်း ၁၃ ရာခိုင်နှုန်းထိ ပေးရတဲ့အနေအထားနဲ့ အာမခံပစ္စည်းပေးရတယ်ဆိုတဲ့အနေအထားလေးတွေရှိပါတယ်။ အဲဒီမှာ ချေးငွေရဖို့ အခက်အခဲရှိတယ်ဆိုတဲ့ အကြောင်းလေးတွေရှိပါတယ်။ အခုနောက်ထပ်တိုးချဲ့ပေးမယ်ဆိုတဲ့ ချေးငွေကတော့ မြန်မာ့စီးပွားရေးဘဏ်က ပုံမှန် ၁၃ ရာခိုင်နှုန်းနဲ့ ပေးတဲ့ စီးပွားရေးချေးငွေတွေအပြင် နိုင်ငံတော်အတွက် လိုအပ်ချက်အရ အထူးကိစ္စအဖြစ် မူဝါဒဆိုင်ရာချေးငွေများဆိုပြီး ပေးမှာဖြစ်ပါတယ်။ မူဝါဒဆိုင်ရာချေးငွေတွေကို ပေးတဲ့အခါ ဂျပန်နိုင်ငံက ပေးတဲ့ချေးငွေက လယ်ယာကဏ္ဍနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို အဆင့်နှစ်ဆင့်ချေးငွေအဖြစ်သွားသလို မြန်မာ့စီးပွားရေးဘဏ်ကလည်း လယ်ယာကဏ္ဍနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို အဆင့်နှစ်ဆင့်ချေးငွေအဖြစ်နဲ့သွားဖို့ ပထမစီစဉ်ပါတယ်။

ဂျပန်နိုင်ငံကနေ မြန်မာနိုင်ငံကို ချေးတဲ့ချေးငွေ Two Step Loan ဆိုတာက ဂျပန်အစိုးရကနေ မြန်မာအစိုးရကို ပထမတစ်ဆင့်ပေးတယ်။ မြန်မာအစိုးရကနေ သက်ဆိုင်ရာကဏ္ဍကိုရောက်ဖို့ ဒုတိယတစ်ဆင့်ထပ်ပေးတယ်။ အလားတူ မြန်မာ့စီးပွားရေးဘဏ်ကနေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပထမတစ်ဆင့်ပေးတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ သက်ဆိုင်ရာလယ်ယာကဏ္ဍမှာရှိတဲ့ တောင်သူလယ်သမားအပါအဝင် လုပ်ငန်းရှင်တွေဆီကို ဒုတိယအဆင့်အဖြစ်ပေးမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ပေးမယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အတိုးနှုန်း ကိုးရာခိုင်နှုန်းနဲ့ လုပ်ငန်းရှင်တွေဆီကို ထပ်ဆင့်ချေးပါမယ်။ မြန်မာ့စီးပွားရေးဘဏ်က အခြားပုဂ္ဂလိကဘဏ်တစ်ခုခုကို ပထမတစ်ဆင့်ပေးပြီး သက်ဆိုင်ရာ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေဆီ ရောက်အောင်ချေးတဲ့နည်း၊ သို့မဟုတ် မြန်မာ့စီးပွားရေးဘဏ်က စီးပွားရေးလုပ်ငန်းရှင်တွေကို တိုက်ရိုက်ထုတ်ချေးတဲ့နည်းတွေရှိပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေဆီချေးတာက ၁၃ ရာခိုင်နှုန်းနဲ့ချေးတဲ့ စီးပွားရေးချေးငွေမဟုတ်ဘဲ အထူးကိစ္စအဖြစ်ချေးတဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးတဲ့ငွေဖြစ်ပါတယ်။

တိုးချဲ့ပြီးလုပ်မယ့် ချေးငွေအစီအစဉ်မှာ ရည်ရွယ်ချက်တွေရှိပါတယ်။ အာမခံပစ္စည်း ပေးနေရတယ်ဆိုတဲ့ အနေအထားမှာ အာမခံပစ္စည်းပေးရင်ရသလို အာမခံပစ္စည်းမပေးနိုင်ရင်လည်း ချေးငွေကို ရနိုင်တယ်ဆိုတဲ့ နည်းလမ်းတွေကိုပါ ထည့်သွင်းစဉ်းစားပြီး ချေးမယ့်သူနဲ့ ထုတ်ချေးမယ့်ဘဏ်နဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေရှိပါတယ်။ ချေးငွေသက်တမ်းမှာ လက်ရှိစီးပွားရေးချေးငွေက တစ်နှစ်သက်တမ်းပဲချေးနိုင်တဲ့ အနေအထားကနေ အခုပေးမယ့် ချေးငွေတွေမှာ နှစ်လတ်နဲ့နှစ်ရှည်ဆိုပြီး ခွဲထားပါတယ်။ နှစ်လတ်ကိုသုံးနှစ်လောက်ထားပြီး နှစ်ရှည်ကို ငါးနှစ်လောက်ထားနိုင်ဖို့ စီစဉ်ထားပါတယ်။ အတိုးနှုန်းအနေနဲ့ စီးပွားရေးချေးငွေက ၁၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ မူဝါဒနဲ့ ကိုက်ညီတဲ့ ချေးငွေကိုရဖို့ ကိုက်ညီသူတွေက ၁၃ ရာခိုင်နှုန်းထက် သက်သာပါမယ်။ ဥပမာ လယ်ယာကဏ္ဍအတွက်သွားတဲ့ ချေးငွေတွေဆိုရင် ၈ ဒသမ ၅ ရာခိုင်နှုန်း၊ ကိုးရာခိုင်နှုန်းတို့နဲ့ ရရှိအောင်စီစဉ်ထားပါတယ်။ အလားတူ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေမှာလည်း ကိုးရာခိုင်နှုန်းနဲ့ရအောင် စီစဉ်ထားပါတယ်။ ဒါတွေက ကျွန်တော်တို့ တိုးချဲ့ဆောင်ရွက်မယ့် အစီအစဉ်တွေပါ။

လယ်ယာကဏ္ဍအပါအဝင် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအပြင် ဆောက်လုပ်ရေးကဏ္ဍကိုလည်း ပေးမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ခြင်းဟာ ဆောက်လုပ်ရေးကုမ္ပဏီတွေအကျိုးသာမက ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီတွေနဲ့ဆက်စပ်ပြီး ဆောင်ရွက်နေတဲ့သူတွေကိုပါ အကျိုးသက်ရောက်စေတာဖြစ်တဲ့အတွက် ဆောက်လုပ်ရေးကဏ္ဍကို မြေတောင်မြှောက်ပေးဖို့အတွက် ဆောက်လုပ်ရေးကဏ္ဍမှာ အရင်းအနှီးလိုနေတဲ့သူတွေဆီကို လိုအပ်တဲ့ ချေးငွေပံ့ပိုးပေးဖို့ အစီအစဉ်တွေရှိပါတယ်။ ထပ်မံတိုးချဲ့မယ့် ချေးငွေနဲ့ပတ်သက်လို့ လိုအပ်တဲ့မူဝါဒတွေကို အသေးစိတ်ရေးဆွဲနေပါတယ်။ သက်ဆိုင်ရာဘဏ်တွေမှာလည်း အသေးစိတ်ရေးဆွဲပြီးတဲ့အခါ ရုံးချုပ်ကနေ အောက်ခြေဘဏ်ခွဲတွေအထိ ရှင်းလင်းပြောကြားပြီး Customer တွေနဲ့ ဆက်သွယ်ဆောင်ရွက်ရမယ့်ကိစ္စတွေဖြစ်တဲ့အတွက် လာမယ့် ၂၀၁၈ ဇန်နဝါရီလမှာ စတင်အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်နေပါတယ်။

ပြည်သူတွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ ပြေလည်နိုင်သမျှပြေလည်အောင် ဘဏ္ဍာရေးရှုထောင့်အပိုင်းကနေ ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ ချေးငွေကို လုပ်ငန်းအတွက် အကျိုးရှိအောင်အသုံးချပြီး အတိုးတွေ၊ အရင်းတွေကို သတ်မှတ်ကာလတွေမှာ အပြည့်အဝပြန်လည်ပေးဆပ်မှသာ ငွေကြေးလည်ပတ်မှု ပုံမှန်လည်ပတ်ပြီး ချေးငွေရသွားတဲ့သူတွေအတွက် လုပ်ငန်းတွေ တိုးတက်သွားမယ်၊ မရသေးတဲ့သူတွေအတွက် အခွင့်အလမ်းတွေရရှိမှာ ဖြစ်ပါတယ်။ ချေးငွေသက်တမ်းလည်း ပိုရအောင်၊ ချေးငွေအတိုးနှုန်းလည်း သက်သာအောင် ဆောင်ရွက်ပေးချင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မရောက်သေးတဲ့နေရာတွေ၊ မရသေးတဲ့သူတွေကို ရစေချင် ရောက်စေချင်ပါတယ်။ သက်ဆိုင်ရာဒေသအလိုက် ဦးစားပေးကဏ္ဍတွေ၊ လုပ်ငန်းတွေကို ဒေသထောက်ခံချက်တွေနဲ့အတူ ရရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးဖို့ အစီအစဉ်တွေရှိပါတယ်။

**ဦးမင်းသူ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ တောင်သူတွေအတွက်လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေကို အဓိကထုတ်ချေးပေးနေတဲ့ ဘဏ်တစ်ခုဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘဏ်ခွဲပေါင်း ၁၅ ခု၊ မြို့နယ်ဘဏ်ခွဲပေါင်း ၂၀၈ ဘဏ်နဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ပေါင်း ၂၅၀ ကျော်က တောင်သူတွေအတွက် နှစ်စဉ်လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေကို အဓိကထုတ်ချေးပေးနေပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေ လိုအပ်ချက်ဟာ နိုင်ငံတော်ရဲ့ကုန်ထုတ်လုပ်မှုမြင့်မားလာတာနဲ့အမျှ တဖြည်းဖြည်းမြင့်တက်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်ကဆိုရင် ငွေကျပ်ဘီလီယံ ၁၆၃၀ ထုတ်ချေးခဲ့ပါတယ်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ငွေကျပ် ဘီလီယံပေါင်း ၁၉၈၀ အထိ ထုတ်ချေးနိုင်ဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့အထိဆိုရင် စိုက်ပျိုးစရိတ်ချေးငွေကျပ် ဘီလီယံပေါင်း ၁၄၄၀ အထိ ထုတ်ချေးပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ထုတ်ချေးပေးလျက်ရှိပါတယ်။

ဒီလို ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးပေးနေသလို စိုက်ကေများတဲ့ တောင်သူလယ်သမားတွေကို ထုတ်ချေးပေးချင်တဲ့အခါ လည်ပတ်နေတဲ့ငွေနဲ့ မလုံလောက်ပါဘူး။ ဒါကြောင့် ဂျပန်အစိုးရနဲ့ မြန်မာအစိုးရ ညှိနှိုင်းမှုအစီအစဉ်အရ (JICA Two Step Loan ) ဆိုတာ ဖြစ်ပေါ်လာခဲ့ပါတယ်။ JICA ကနေ မြန်မာအစိုးရကတစ်ဆင့်ယူတယ်။ မြန်မာအစိုးရကနေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အဲဒီကနေတစ်ဆင့် တောင်သူလယ်သမားတွေရဲ့ စိုက်ပျိုးမွေးမြူရေးအခြေခံစီးပွားရေးလုပ်ငန်းတွေကို ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ ချေးငွေပမာဏက ဂျပန်ယန်း ၁၅ ဒသမ ၁၃၅ ဘီလီယံရှိပါတယ်။ မြန်မာကျပ်ငွေအနေနဲ့ဆိုရင် ငွေကျပ် ၁၈၀ ဘီလီယံနီးပါးရှိပါတယ်။ ဒီချေးငွေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကနေ နှစ်ပေါင်း ၄၀ အထိ သက်တမ်းရှိမှာဖြစ်ပါတယ်။ ဂျပန်အစိုးရကို ဆိုင်းငံ့ကာလ ၁၀ နှစ်နဲ့ ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်း နှစ် ၄၀ အထိ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ တောင်သူတွေကို သုံးနှစ်အတွင်းပြန်ဆပ်ရမယ့် နှစ်တိုချေးငွေ၊ ငါးနှစ်အတွင်းပြန်ဆပ်ရမယ့် နှစ်ရှည်ချေးငွေဆိုပြီး ချေးမှာဖြစ်ပါတယ်။ နှစ်တိုချေးငွေကို လယ်ယာလုပ်ငန်းမှာလိုအပ်တဲ့ စက်ကိရိယာအသေးစားတွေအတွက် ထုတ်ချေးခွင့်ရမှာ ဖြစ်ပါတယ်။ နှစ်ရှည်ချေးငွေမှာ စက်ကိရိယာအကြီးစားတွေ၊ ဂိုဒေါင်တွေ၊ သိုလှောင်ရုံတွေအပြင် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်နိုင်တဲ့စက်ရုံတွေအထိ ထုတ်ချေးခွင့်ရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ●

»» စာမျက်နှာ ၇ မှ

ထို့နောက် 7 HR Business Group and Two Four DMA Media Group မှ CEO & Chief Editor ဦးသန်းစိုးက အလုပ်အကိုင်ရရှိရန် လွယ်ကူသည့် လုပ်ငန်းအမျိုးအစားများနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ယခု ခေတ်အနေအထားအရ အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်ရန် များပြားလာပါကြောင်း၊ ယခင်က အလုပ်အကိုင် အခွင့်အလမ်းရှာဖွေရာတွင် သတင်းစာ၌သာ ကြော်ငြာရှိပါကြောင်း၊ ယခုအချိန်တွင် အလုပ်အကိုင် အခွင့်အလမ်းများကို သတင်းစာ၊ ဂျာနယ်သာမက Social Media များတွင်လည်း အများအပြား တွေ့မြင်လာရပါကြောင်း၊ ထို့ပြင် ဖုန်းမှတစ်ဆင့် မိုဘိုင်းအက်ပလီကေးရှင်းများ ရှာဖွေကြည့်ကာ အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေနိုင်ပါကြောင်း၊ ထိုအချက်သည် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာသည်ကို ပြသနေပါကြောင်း။

အလုပ်လုပ်သူများအနေဖြင့် အလုပ်မကောင်းလျှင် မကောင်းသလို ပြောဆိုနိုင်သည့် အခွင့်အရေး ရရှိလာပါကြောင်း၊ အလုပ်ရှင်ဘက်ကလည်း မိမိတို့ဘက်မှ စည်းကမ်းဖောက်ဖျက်မှု မရှိရေးနှင့် မျှမျှတတ အဆင်ပြေပြေ ဆောင်ရွက်ရမည်ဆိုသည့် အသိရရှိလာပါကြောင်း၊ ထို့ပြင် မိမိတို့အဆင်မပြေမှုများကို တင်ပြ လာနိုင်ပြီး တစ်ဖက်ကလည်း ပြန်ထိန်းသွားနိုင်ပါကြောင်း၊ ဂျာနယ်တွင် အလုပ်အကိုင် အခွင့်အလမ်းခေါ်ယူမှု အများဆုံးမှာ HR နှင့် Admin ဖြစ်ပြီး ဒုတိယအများဆုံးမှာ Sales and Marketing ဖြစ်ပါကြောင်း၊ တတိယအများဆုံးမှာ Accountant ဖြစ်ပြီး ထို့နောက်တွင် ယာဉ်မောင်း၊ လုံခြုံရေးဝန်ထမ်းတို့ကို ခေါ်ယူမှုများပြားပါကြောင်း၊ လုပ်ငန်းများအနေဖြင့် ဟိုတယ်လုပ်ငန်း၊ Distribution၊ အစားအသောက်နှင့် အဖျော်ယမကာ လုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် စားသောက်ဆိုင်လုပ်ငန်းများမှ အလုပ်ခေါ်ယူမှု များပြားနေသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

**“ဦးဆောင်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်များရဲ့ ဆွေးနွေးချက်များကို နားထောင်ပြီး၊ ဆက်စပ်ပြီး မိမိတို့ဆွေးနွေးချင်တာရှိသမျှကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပါ။ အကျိုးသင့်၊ အကြောင်းသင့် မေးမြန်းဆွေးနွေးတဲ့ ဆွေးနွေးပွဲ စကားဝိုင်း ဓလေ့ဖြစ်စေချင်ပါတယ်၊ မိမိသဘောဆန္ဒကို ယဉ်ကျေးသော နည်းလမ်းအားဖြင့် တင်ပြဆွေးနွေးသောအားဖြင့် ကျွန်တော်တို့ တိုင်းပြည်မှာ ယဉ်ကျေးသော ဆွေးနွေးတဲ့ ဓလေ့တစ်ခု ထွန်းကားစေချင်ပါတယ်။ ဒါကလည်း ဒီမိုကရေစီအလေ့အကျင့် ဖြစ်ပါတယ်”**

ထို့နောက် အခြေခံပညာအဆင့်ကျောင်းများတွင် တက္ကသိုလ်ပညာရေး၌ သင်ကြားနေသည့် ဘာသာရပ်များနှင့် အသုံးချနိုင်သည့် လုပ်ငန်းနယ်ပယ်များ၊ Innovation စင်တာများ၏ တည်နေရာနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ စနစ်ကျသည့် ပညာရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရသူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးနေမှု၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်း ချိတ်ဆက်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးပြီး မေးခွန်းများ မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည် ဖြည့်စွက်ဖြေကြားကြသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အခန်းကဏ္ဍတွင် လူထုနှင့် တိုင်ပင်နိုင်ရန် ယခုလို ဆွေးနွေးပွဲများကို ပြည်သူလူထုအကြား ကျယ်ပြန့်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ပြည်သူ့စကားဝိုင်းများကို ဆက်လက်ပြုလုပ်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

● စာမျက်နှာ ၈ မှ

တောင်သူတွေအနေနဲ့ တစ်ဦးချင်း ကျပ်သိန်း ၅၀၀ အထိ ထုတ်ချေးလို့ရပါတယ်။ ဒီထက်မက လိုအပ်ခဲ့ရင် တောင်သူတွေအနေနဲ့ သုံးယောက်ကနေ ၁၀ ယောက်အထိ အစုအဖွဲ့တွေ ဖွဲ့ရမယ်။ ဒါဆိုရင် ကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးနိုင်ပါတယ်။

တောင်သူတွေ လိုအပ်တဲ့ စက်ကိရိယာတွေအတွက် တောင်သူတွေ စိတ်ကြိုက် ရွေးချယ်နိုင်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ တောင်သူတွေကို စေတနာထားပြီး ရောင်းချပေးစေချင်ပါတယ်။ အရည်အသွေးကောင်းတာတွေ ပျက်ရင် ချက်ချင်းအစားထိုးပြင်ဆင်နိုင်တဲ့စက်တွေ ရောင်းချပေးစေချင်တယ်။ ဆောင်ရွက်ပေးစေချင်တယ်။ ဒါမှ ချေးငွေနဲ့ ဝယ်ယူတဲ့ တောင်သူတွေအတွက် လုပ်ငန်းတွေကို တိုးချဲ့လာနိုင်မယ်၊ လယ်ယာ ကုန်ထုတ်လုပ်ငန်းတွေ ထွန်းကားလာမယ်၊ ပို့ကုန်တွေမြှင့်တင်လာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ဒီထုတ်ချေးမယ့် အစီအစဉ်ဟာ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေနဲ့ ဆောင်ရွက်လို့ မရနိုင်တဲ့ ချေးငွေပမာဏကို ကွပ်လပ်ဖြည့်ပေးတဲ့ များစွာအထောက်အကူဖြစ်စေတဲ့ ချေးငွေဖြစ်ပါတယ်။

ငါးနှစ်တစ်ကြိမ် ကျပ်ဘီလီယံ ၁၈၀ ကို လည်ပတ်မှာဖြစ်ပြီး နှစ်ပေါင်း ၄၀ အတွင်းမှာ ရှစ်ကျော့လောက် ပြန်ကျော့နိုင်တဲ့အတွက် အင်မတန်အကျိုးရှိတဲ့ ချေးငွေဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေလိုတဲ့ နိုင်ငံတော်ရဲ့ စေတနာ ရည်ရွယ်ချက်နဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုပြည်နယ်နဲ့ တိုင်းဒေသကြီး ငါးခုမှာ စတင်ဆောင်ရွက်နေပါပြီ။ ကျန်တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူတွေအနေနဲ့ သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး ဘဏ်ခွဲတွေ မြို့နယ်ဘဏ်ခွဲတွေနဲ့ ဆက်သွယ်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ချေးငွေဟာ နှစ်စဉ် စိုက်ပျိုးစရိတ်ချေးငွေလို အတိုးနှုန်း ရှစ်ရာခိုင်နှုန်းပဲ ရယူထားတဲ့အတွက် တစ်လကို ဒသမ ၆၇ ကျပ် ပဲယူထားတာဖြစ်ပါတယ်။ အာမခံပစ္စည်းရယူမှုအနေနဲ့ ဝယ်ယူမယ့်စက်ပစ္စည်းတန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းကို စုဆောင်းငွေအနေနဲ့ ဘဏ်မှာ ဦးစွာအပ်နှံရမှာဖြစ်ပါတယ်။ အဲဒီလို အပ်နှံတဲ့အတွက် ဘဏ်အနေနဲ့ ရှစ်ရာခိုင်နှုန်းအတိုး ပြန်ပေးမှာဖြစ်ပါတယ်။ လက်ရှိ စိုက်ပျိုးစရိတ်ချေးငွေအတွက် ပုံစံ (၇)ကို ရယူထားခြင်း မရှိပါဘူး၊ ဂျိုက်ကာ တူးစတက်လုံးမှာတော့ အာမခံအဖြစ် ရယူထားမှာဖြစ်ပါတယ်။ ချေးငွေနဲ့ ဝယ်ယူတဲ့ စက်ကိရိယာတွေနဲ့ သက်ဆိုင်တဲ့ စာရွက်စာတမ်းတွေကို အာမခံအဖြစ် ရယူထားမှာဖြစ်ပါတယ်။ ဒါနဲ့လုံလောက်မှုမရှိရင် ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို အာမခံရယူထားမှာ ဖြစ်ပါတယ်။ ဒီလိုရယူရခြင်းဟာ တန်ဖိုးအင်မတန်ကြီးမားတဲ့အတွက် ပြန်လည်ပေးဆပ်တဲ့နေရာမှာ အခက်အခဲမရှိစေဖို့ဖြစ်ပါတယ်။ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေတွေကို ပေါင်းရင် ဘီလီယံ ၅၀ ကျော်ရှိပြီး အမှန်တကယ် ချေးငွေလိုအပ်တဲ့ ကဏ္ဍတွေမှာ ပြန်လည်ထုတ်ချေးမှာဖြစ်တဲ့အတွက် အကျိုးရှိတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဒီချေးငွေလိုပဲ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ထုတ်ချေးမယ့် အစီအစဉ်လည်း ရှိပါတယ်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ငွေပင်ငွေရင်း လည်ပတ်ဖို့ အင်မတန်နည်းပါတယ်။ စုဆောင်းငွေ ပမာဏကြီးမားတဲ့ မြန်မာ့စီးပွားရေးဘဏ်ကနေ ယူရတာဖြစ်ပါတယ်။ မကြာမီကာလမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ကနေ ကျပ် ဘီလီယံ ၂၀၀ လောက်ယူပြီး ချေးငွေအစီအစဉ်တွေမှာ ပါဝင်ခွင့်မရတဲ့ တောင်သူတွေ၊ လုပ်ငန်းရှင်တွေနဲ့ စိုက်ပျိုးမွေးမြူရေးအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေကို အတိုးနှုန်း ကိုးရာခိုင်နှုန်းလောက်နဲ့ ထုတ်ချေးသွားမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလလောက်မှာ စတင်နိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ သက်ဆိုင်ရာဘဏ်ခွဲတွေကို ဆက်သွယ်ဆောင်ရွက်ကြစေလိုပါတယ်။

ဂျိုက်ကာချေးငွေအစီအစဉ်ကတော့ တောင်သူတွေလက်ထဲကို ငွေပေးတဲ့အစီအစဉ် မဟုတ်ပါဘူး။ တောင်သူတွေအနေနဲ့ လိုချင်တဲ့စက်ကိရိယာကို နှစ်သက်ရာကုမ္ပဏီတွေမှာ ရွေးချယ်ရပါမယ်။ အဲဒီလို တောင်သူတွေ ရွေးချယ်ပေးတဲ့စက်ကိရိယာကို ကျွန်တော်တို့က ကုမ္ပဏီကို Cross Cheque နဲ့ ငွေပေးချေမယ်။ တောင်သူတွေက စက်ကိရိယာကို အပိုင်ရသွားမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ပြန်လည်ပေးဆပ်တဲ့အချိန်မှာ အပင်ပန်းမကြီးဘဲ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးဧကတွေ၊ ထုတ်လုပ်မှုတွေ၊ အကျိုးအမြတ်ရရှိမှုတွေနဲ့ ချေးငွေကို ပြန်လည်ပေးဆပ်နိုင်စွမ်း စတာတွေကို စိစစ်ပြီး ချေးသင့်တဲ့ တောင်သူတွေကို ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ ဂျိုက်ကာအစီအစဉ်ဟာ နှစ် ၄၀ အတွင်းမှာ အကျိုးရှိအောင် အသုံးချရမယ့် အစီအစဉ်ဖြစ်ပါတယ်။ ချေးငွေဖြစ်တဲ့အတွက် ပြန်လည်ပေးဆပ်ရမှာဖြစ်ပါတယ်။ ငါးနှစ်အတွင်း ချေးခွင့်ရတဲ့တောင်သူတွေက သတ်မှတ်ကာလတွေမှာ ပြန်လည်ပေးဆပ်မှသာ နောက်ငါးနှစ်မှာ ကျန်တဲ့တောင်သူတွေကို ထုတ်ချေးပေးနိုင်မှာဖြစ်ပါတယ်။ ပေးဆပ်မှုကောင်းမှသာ နောက်တစ်ဆင့်သူတွေအတွက် လက်လွှဲချေးပေးနိုင်မှာ ဖြစ်ပါတယ်။

**“Two Step Loan ဆိုတာက ဂျပန်အစိုးရကနေ မြန်မာအစိုးရကို ပထမတစ်ဆင့်ပေးတယ်။ မြန်မာအစိုးရကနေ သက်ဆိုင်ရာကဏ္ဍကို ရောက်ဖို့ ဒုတိယတစ်ဆင့် ထပ်ပေးတယ်။ အလားတူ မြန်မာ့စီးပွားရေးဘဏ်ကနေ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပထမတစ်ဆင့်ပေးတယ်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကနေ သက်ဆိုင်ရာလယ်ယာကဏ္ဍမှာရှိတဲ့ တောင်သူလယ်သမားအပါအဝင် လုပ်ငန်းရှင်တွေဆီကို ဒုတိယအဆင့်အဖြစ် ပေးမှာဖြစ်ပါတယ်”**

**ဒေါ်တင်တင်ရည်**
**(အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)**

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ လယ်ယာကဏ္ဍအတွက် ကျပ်ဘီလီယံ ၂၀၀ အထိ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (Small and Medium Enterprise-SME ) အတွက် ကျပ်ဘီလီယံ ၂၅၀ အထိ ချေးဖို့ လျာထားပြီးဖြစ်ပါတယ်။ လယ်ယာကဏ္ဍအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကတစ်ဆင့် တောင်သူတွေကို ထုတ်ချေးမှာဖြစ်ပြီးတော့ SME ကဏ္ဍမှာတော့ မြန်မာ့စီးပွားရေးဘဏ်က SME လုပ်ငန်းရှင်တွေကို တိုက်ရိုက်ထုတ်ချေးမှာဖြစ်ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်က မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကို အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း ထုတ်ချေးမှာဖြစ်ပါတယ်။ ချေးငွေသက်တမ်းက နှစ်လတ်ချေးငွေအမျိုးအစားဖြစ်ပြီးတော့ သုံးနှစ်ကနေ ငါးနှစ်အထိဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနဲ့ ညီညွတ်ပြီး SME လိုင်စင်ရရှိထားတဲ့ အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေက ချေးငွေရယူနိုင်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေအစိုးရရဲ့ ထောက်ခံချက် SMEs အေဂျင်စီတွေရဲ့ ထောက်ခံချက်ရရှိတဲ့ အဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်တွေကို ဦးစားပေးထုတ်ချေးမှာ ဖြစ်ပါတယ်။

ဦးစားပေးအဖြစ် သတ်မှတ်ထားတဲ့ လုပ်ငန်းတွေရှိပါတယ်။ ဒီလုပ်ငန်းတွေကတော့ ပြည်ပပို့ကုန် အထောက်အကူပြု ကုန်ထုတ်လုပ်ငန်း၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးအခြေခံ ကုန်ထုတ်လုပ်မှု၊ မွေးမြူရေးအခြေပြု ထုတ်လုပ်မှု၊ နည်းပညာ အခြေခံထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတွေကို ဦးစားပေးထုတ်ချေးမှာ ဖြစ်ပါတယ်။

နိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ SME သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ SME လုပ်ငန်းအားလုံးကို ချေးငွေမျှတစွာရရှိဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်က SME လုပ်ငန်းရှင်တွေကို ပုံမှန်အတိုးနှုန်း ၁၃ ရာခိုင်နှုန်းထက် လျော့နည်းသက်သာတဲ့ အတိုးနှုန်းနဲ့ ထုတ်ချေးမှာပါ။ အကြမ်းဖျင်းလျာထားအတိုးနှုန်းကတော့ ကိုးရာခိုင်နှုန်းဖြစ်ပါတယ်။ ချေးငွေသက်တမ်းကတော့ နှစ်လတ်ချေးငွေ သက်တမ်း သုံးနှစ်ကနေ ငါးနှစ်ဖြစ်ပါတယ်။

အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးကို အများဆုံး ကျပ်သန်း ၁၀၀၀ အထိ ထုတ်ချေးဖို့ လျာထားသတ်မှတ်ထားပါတယ်။ SME လုပ်ငန်းရှင်တွေအနေနဲ့ ရရှိလာတဲ့ ချေးငွေကို လှည့်လည်ရင်းနှီးငွေအဖြစ် ငါးဆယ်ရာခိုင်နှုန်း၊ ပုံသေရင်းနှီးငွေအဖြစ် ငါးဆယ်ရာခိုင်နှုန်း အသုံးပြုဖို့ သတ်မှတ်ပါတယ်။ ဒါပေမယ့် SME လုပ်ငန်းတွေရဲ့ လုပ်ငန်းပုံစံအပေါ် မူတည်ပြီး ဘဏ်က သင့်လျော်သလို ပြောင်းလဲသတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။

အဓိကကတော့ မရွှေ့မပြောင်းနိုင်တဲ့မြေနဲ့ အဆောက်အအုံတွေအပြင် ရွှေ့ပြောင်းနိုင်တဲ့ စက်၊ ယာဉ်၊ ယန္တရားတွေကိုလည်း အာမခံအနေနဲ့ ပေးလို့ရပါတယ်။ ဒါ့အပြင် ရွှေထည်ပစ္စည်းနဲ့ ရွှေတုံးတွေ၊ ငွေစုဘဏ်အပ်ငွေနဲ့ စာရင်းသေအပ်ငွေ၊ အစိုးရ ငွေတိုက် လက်မှတ်နဲ့ ငွေတိုက်စာချုပ်တွေ၊ စတော့ရှယ်ယာ၊ ဒီဘင်ချာ၊ ဘဏ်အာမခံ၊ အစိုးရအာမခံ၊ ချေးငွေအာမခံလက်မှတ်တွေကိုလည်း အာမခံအဖြစ် လက်ခံသွားမှာဖြစ်ပါတယ်။

မြေအမျိုးအစားအတွက် ဘိုးဘပိုင်မြေ၊ ဂရန်မြေ၊ အခြားနည်းနဲ့ အသုံးပြုခွင့်ပေးထားတဲ့ မြေ လန ၃၉ မြေ၊ ၃ (ခ) မြေ၊ လယ ၃၀ (က) မြေ၊ လယ ၃၀ (ခ)မြေတို့ဖြစ်ပြီးတော့ အဆောက်အအုံ အမျိုးအစားတွေအတွက် ကွန်ကရစ်တိုက်၊ အုတ်ညှပ် အဆောက်အအုံ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက် အဆောက်အအုံ၊ Steel Structure အဆောက်အအုံတွေကို အာမခံအဖြစ် လက်ခံသွားမှာဖြစ်ပါတယ်။

ချေးငွေမာဂျင်အနေနဲ့ အပ်ငွေတွေနဲ့ ငွေတိုက်စာချုပ်တွေအတွက် ၈၀ ရာခိုင်နှုန်း၊ မြေတန်ဖိုးအတွက် ၇၅ ရာခိုင်နှုန်း၊ ရွှေထည်ပစ္စည်းနဲ့ ရွှေတုံးတွေအတွက် ၇၀ ရာခိုင်နှုန်း၊ အဆောက်အအုံတန်ဖိုးအတွက် ၆၅ ရာခိုင်နှုန်းနဲ့ စက်ယာဉ်ယန္တရားတွေအတွက် ၅၀ ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်။

SME ချေးငွေစိစစ်အကဲဖြတ်အဖွဲ့အနေနဲ့ ကျပ်သန်း ၁၀၀ အထိကို တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာ၊ ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာတို့ ပါဝင်တဲ့ အဖွဲ့က စိစစ်ဆောင်ရွက်မှာဖြစ်ပြီးတော့ ကျပ်သန်း ၁၀၀ အထက်ကို ရုံးချုပ် SMEs ချေးငွေစိစစ်အကဲဖြတ်ရေးအဖွဲ့တွေက စိစစ်ဆောင်ရွက်ဖို့ တာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။

ချေးငွေလျှောက်ထားလိုသူတွေက မိမိတို့ နေထိုင်ရာ မြို့နယ်၊ ခရိုင်၊ မြန်မာ့ စီးပွားရေးဘဏ် ဘဏ်ခွဲတွေကနေ တိုက်ရိုက်သွားရောက် လျှောက်ထားနိုင်ပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးရုံးတွေကတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ရုံးချုပ် ဖွံ့ဖြိုးရေး ချေးငွေဌာနကို ဆက်လက်တင်ပြသွားမှာဖြစ်ပြီးတော့ မြန်မာ့စီးပွားရေးဘဏ် ချေးငွေကော်မတီနဲ့ ဝန်ကြီးဌာန ဘဏ်ချေးငွေကော်မတီတို့က စိစစ်ခွင့်ပြုပေးမှာ ဖြစ်ပါတယ်။

SMEs ချေးငွေတွေကို ထုတ်ချေးရတဲ့အတွက် ထုတ်လုပ်မှုအခြေခံ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်ရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုးလည်း တိုးတက်လာမှာဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်လာတဲ့အတွက် နိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေဖို့ မျှော်မှန်းပါတယ်။

**မင်းမင်းဇော်(ကလေး)**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အလှူငွေပေးအပ်လှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်များက ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကျေးဇူးတင်စကားပြောကြားရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် သုံးစွဲရန် အလှူငွေပေးအပ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် အရေးကိစ္စသည် တစ်နိုင်ငံလုံး၏ အရေးကိစ္စပင်ဖြစ်ပါကြောင်း၊ ထိုဒေသတွင် နေထိုင်ကြသောသူများ၏ ဒုက္ခသည် မိမိတို့ နိုင်ငံသူနိုင်ငံသားအားလုံး၏ ဒုက္ခဟု ခံယူကြရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် တိုင်းပြည်တွင်ဖြစ်ပေါ်နေသည့် အရေးကိစ္စများကြုံလာတိုင်း အစဉ်တစိုက် ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်နေသည့်အတွက် ဝမ်းသာပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရုပ်ရှင်အစည်းအရုံးမှ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်အနုပညာရှင်များအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသည်ကို အမြဲတမ်းတွေ့ရှိရပါကြောင်း၊ ပြည်သူများ ဒုက္ခရောက်ချိန်တွင် အနုပညာရှင်များက ငွေကြေး၊ ပစ္စည်းများအပြင် ကိုယ်တိုင်လာရောက်၍ တွေ့ဆုံအားပေးကူညီခြင်းသည် ဒေသခံပြည်သူများအတွက် ပိုမိုအားဖြစ်စေသည်ကိုလည်း တွေ့ရပါကြောင်း၊ ယခုလို ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့်ကိစ္စတွင် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကူညီမှုသည် ရုပ်ရှင်အစည်းအရုံး၏လူမှုရေးစိတ်ဓာတ် အစဉ်အလာကို ထိန်းသိမ်းရာရောက်သကဲ့သို့ သက်ဆိုင်ရာဒေသခံပြည်သူများအတွက်လည်း အားတက်ဖွယ်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက စည်သူဗိုလ်ကလေးတင့်အောင်က မုဒိတာစကားပြောကြားသည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများနှင့် အမှုဆောင်များ ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့်အတွက် ယနေ့လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ပြန်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုကဲ့သို့ လက်ခံခြင်းဖြစ်ပြီး အဆိုပါ အလှူငွေများကို ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ် ကိုင်းကြီး(မြို)ကျေးရွာသစ်နေရာတွင် တနင်္သာရီတိုင်းဒေသကြီး ပြည်သူများလှူဒါန်းငွေဖြင့် စာသင်ကျောင်းဆောင်သစ် တည်ဆောက်မည်

**မောင်တော နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ပြည်သူများလှူဒါန်းငွေဖြင့် မောင်တောမြို့နယ် မောင်တော-ကျောက်ပန္နူသွားကားလမ်းဘေး ကိုင်းကြီး(မြို) ကျေးရွာသစ်နေရာတွင် စာသင်ကျောင်းဆောင်သစ်နှင့် ဆရာ ဆရာမများအတွက် အဆောင်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ပြောကြားသည်။



ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာသစ်နေရာ၌ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကျင်းပသည့် ပန္နက်တင်အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"စာသင်ကျောင်းဆောင်သစ်ဆောက်ဖို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရက လှူတာမဟုတ်ပါဘူး၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူတွေ စေတနာနဲ့ လှူဒါန်းတဲ့ ငွေနဲ့ တည်ဆောက်မှာပါ၊ ကိုယ့်တိုင်းရင်းသားတွေ၊ ကိုယ့်ဆွေမျိုးတွေ ဒုက္ခရောက်နေတာ မျက်ကွယ်ပြုလို့ မရဘူးဆိုပြီး ပြည်သူတွေဆီက လှူဒါန်းငွေနဲ့ လာလှူတာပါ"ဟု ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ပြောသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က "ဒီဒေသက ကလေးတွေ ပညာတတ်စေချင်တယ်၊ စာသင်ကျောင်းက မူလတန်းလွန်အဆင့်လောက်အထိ စီစဉ်ထားတယ်၊ ခြံစည်းရိုးလေးနဲ့ စနစ်တကျ ဆောက်လုပ်ပေးသွားမယ်၊ ပေ ၂၅၀ လောက်ရှိတဲ့ အဝင်အထွက်လမ်းကိုလည်း လုပ်ပေးသွားမယ်၊ ရွာအနီးအနားမှာလည်း ဘုရားစေတီတည်ပေးမယ်၊ ဘုန်းတော်ကြီးကျောင်းလည်း ဆောက်ပေးသွားမယ်" ဟု ပြောသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က အမှာစကားပြောကြားကြပြီး တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူများ လှူဒါန်းလိုက်သည့် ဆေးဝါးနှင့် အဝတ်အထည်များကို ကိုင်းကြီး(မြို)ရွာမှ ကျေးရွာသူ ကျေးရွာသားများအား ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်ဒေါက်တာလဲ့လဲ့မော်၊ တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာကို ပန္နက်ရိုက်ပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး ပြည်သူများ လှူဒါန်းငွေဖြင့် မောင်တောမြို့နယ် မောင်တော-ကျောက်ပန္နူသွားကားလမ်းဘေး ကိုင်းကြီး(မြို)ကျေးရွာသစ်နေရာတွင် ပေ ၉၀ × ပေ ၃၀ စာသင်ကျောင်းဆောင်၊ ပေ ၄၀ × ပေ ၃၀ ဆရာ ဆရာမများ အဆောင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် နှစ်ခန်းတွဲ ရေလောင်းအိမ်သာနှစ်လုံး ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ မောင်တောမြို့သို့ လာရောက်သည့် ခရီးစဉ်အတွင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တာဝန်ရှိသူများသည် မောင်တောမြို့ရှိ အမှတ်(၁)နယ်စပ်ကုန်သွယ်ရေး ဝင်/ထွက်ဂိတ်စခန်းနှင့် ကညင်ချောင်း စီးပွားရေးဇုန်တွင် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုကြသည်။

**(သတင်းအဖွဲ့)**




## ကျောက်ဖြူမြို့တွင် မီးလောင်မှုဖြစ်ပွားသော မိသားစုများအား ထောက်ပံ့ငွေပေးအပ်

**ကျောက်ဖြူ နိုဝင်ဘာ ၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကျောက်ဖြူမြို့၌ မီးလောင်မှုဖြစ်ပွားခဲ့သည့် မိသားစုဝင်များအား ယနေ့နံနက် ၈ နာရီခွဲတွင် ကျောက်ဖြူမြို့လေဆိပ်၌ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက် ဖြတ်လမ်း(၇)နှင့် ဖြတ်လမ်း(၈)ကြားရှိ ဦးဇော်မင်းသန်း(ခ)ဦးမောင်မောင်၏ ခုံးဝယ်ဒိုင်၌ နံနက် ၁ နာရီခွဲအချိန်တွင် မီးစတင်လောင်ကျွမ်းခဲ့သောကြောင့် ငါး၊ ပုစွန်အဝယ်ဒိုင် ၁၁ ဒိုင်၊ လူနေအိမ် ၁၆ လုံး လူဦးရေ ၇၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသောကြောင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ကျန်မြန်မာ့ပင်လယ်ပြင်တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး (၃၉)ကြိမ်မြောက် ယူနက်စကို အထွေထွေညီလာခံ တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူ၊ မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပသော (၃၉)ကြိမ်မြောက် ယူနက်စကို အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် နိုဝင်ဘာ ၁ ရက်က အဆင့်မြင့်ဝန်ကြီးအဆင့် အစည်းအဝေး တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ယူနက်စကိုအဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် ယူနက်စကိုအတွင်းရေးမှူးချုပ် Ms. Irina Vokova တို့၏ ပညာရေးစွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ထိုသို့တက်ရောက်ရာတွင် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များ (Sustainable Development Goals) အောင်မြင်ရေးအတွက် မြန်မာနိုင်ငံမှ ချမှတ်အကောင်အထည်ဖော်လျက်ရှိသော ပညာရေးမူဝါဒနှင့် စီမံကိန်းများဆိုင်ရာ ပညာရေးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်များအပေါ် ယူနက်စကိုနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၃၉)ကြိမ်မြောက် ယူနက်စကို အထွေထွေညီလာခံသို့ တက်ရောက်စဉ် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားမူဝါဒဆိုင်ရာမိန့်ခွန်းတစ်ရပ်




ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)တွင် မူဝါဒများ ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားခွင့်ရရှိရေး၊ ကျောင်းထွက်နှုန်း ပပျောက်ရေး၊ ကျောင်းနေနှုန်း တည်မြဲရေး၊ ခွဲခြားမှုမရှိရေးဟူသော မူဝါဒဖြင့် အရည်အသွေးမြင့် ပညာရေးဆီသို့ ရည်မှန်းချက်ထားလျက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ၊ ကျောင်းသားများ၏ အင်္ဂလိပ်စာနှင့် အိုင်စီတီ အရည်အသွေးကို မြှင့်တင်လျက် တိုင်းပြည်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်သုတေသန ပူးပေါင်းဆောင်ရွက်ရေး၊ ကျောင်းသားဖလှယ်ရေး၊ ဆရာဖလှယ်ရေး အစီအစဉ်များကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးမူဘောင်ချမှတ်ကာ အရည်အသွေးအာမခံမှုမြှင့်တင်နိုင်ရေးအတွက် တက္ကသိုလ်များတွင် ပညာရပ်ဆိုင်ရာ လွတ်လပ်ခွင့်များကို စတင်ကျင့်သုံးနေပြီ ဖြစ်ပါကြောင်း။

ဗြိတိန်နိုင်ငံအစိုးရ၏ SPHEIR အစီအစဉ်ဖြင့် အဝေးသင်ပညာရေးစနစ် အရည်အသွေးမြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်းများ တိုးချဲ့ဖွင့်လှစ်လျက်ရှိပါကြောင်း၊ နှစ်နှစ်သင် ဆရာအတတ်ပညာရေး ဒီပလိုမာစနစ်ကို လေးနှစ်သင် ဆရာအတတ်ပညာရေးဘွဲ့စနစ်သို့ ပြောင်းလဲသွားမည်ဖြစ်ပါကြောင်းနှင့် ယူနက်စကိုအဖွဲ့ကြီးအနေဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် သဘာဝအမွေအနှစ် ဒေသများကို ထည့်သွင်းသတ်မှတ်ပေးခြင်းများအတွက် လည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာအသစ်များနှင့် ပို့ဆောင်ရေးနည်းပညာအသစ်များကို ဆက်သွယ်အသုံးပြုခွင့်ရရှိရေး ပံ့ပိုးကူညီမှုများအတွက် လည်းကောင်း ယူနက်စကိုအဖွဲ့ကြီးကို နိုင်ငံတော်၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၂ ရက် ညနေပိုင်းတွင် ယူနက်စကို ပညာရေးစီမံကိန်းဆိုင်ရာ နိုင်ငံတကာပညာသင်ဌာန(UNESCO International Institute for Education Planning-IIEP)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများ၊ ပညာရေးအရာရှိများ၏ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ ပို့ချနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၃ရက် ညနေပိုင်းတွင် ယူနက်စကို ပညာရေးကော်မရှင် (UNESCO Education Commission) အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆင်နဲ့ပတ်သက်တဲ့ သတ်ဖြတ်ခံရမှုတွေ တွေ့ရှိရင် ကိုယ်တိုင်မကာကွယ်နိုင်တောင် ကာကွယ်နိုင်တဲ့သူတွေကို အကြောင်းကြားတာတွေ လုပ်ပေးသင့်ပါတယ်

**မြန်မာနိုင်ငံတွင် ဆင်များအမဲလိုက် သတ်ဖြတ်ခံနေရပြီး အရေခွံခွာခံနေရသည့် အရေးကိစ္စကို ပြည်သူလူထုအား အသိပညာပေးသည့် လှုပ်ရှားမှုတစ်ရပ်ကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ သုံးရက်တိုင်တိုင် ကျင်းပရာ အဆိုပါပွဲသို့ တက်ရောက်လာသော ဆင်များကို ချစ်မြတ်နိုးသည့် အနုပညာရှင် ဒါရိုက်တာကြည်ဖြူသျှင်နှင့်တွေ့ဆုံ၍ ဆင်များနှင့် ပတ်သက်သည့်အကြောင်းအရာကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်-**

**မေး။ ဒီလှုပ်ရှားမှုပွဲလေးနဲ့ပတ်သက်ပြီး အစ်မရဲ့ ခံစားချက်လေး ပြောပြပေးပါဦး။**

ဖြေ။ ဒီလှုပ်ရှားမှုနဲ့ပတ်သက်ပြီးတော့ ဖိတ်ကြားခံရကတည်းက စိတ်ဝင်စားတယ်။ နဂိုကတည်းကလည်း ဆင်တွေကို ချစ်တယ်။ ဆင်တွေနဲ့ ပတ်သက်ပြီး စောင့်ရှောက်မှုတွေ ရှိခဲ့ပေမယ့် အခုလို တွင်တွင်ကျယ်ကျယ် ပြည်သူတွေ အလွယ်တကူ သိနိုင်တဲ့ လှုပ်ရှားမှုတွေက မရှိခဲ့ဘူး။ မြို့တော်ခန်းမရှေ့မှာ ဆင်ရုပ်ချမယ်။ ဆင်လေးတွေ မတရားအသတ်ခံရတဲ့ အပေါ်မူတည်ပြီးတော့ လှုပ်ရှားမှု ရှိတယ်ဆိုတော့ အလွန်စိတ်ဝင်စားတယ်။ မအားတဲ့ကြားက လာခဲ့တယ်။ ဒီရောက်တော့ ထင်ထားတာထက် စိတ်ဝင်စားဖို့ကောင်းတယ်။ ဆင်မှာကပ်ထားတဲ့ စာလေးတွေ၊ ကာလာတွေကအစ စိတ်ဝင်စားဖို့ကောင်းတယ်။ မြင်လိုက်တာနဲ့ ခံစားချက်ကို ပေးတယ်။ စက္ကူဆင်လေးတွေကို မြင်လိုက်ရတဲ့အခါမှာ ဒီအဖွဲ့ ပေးချင်တဲ့ မက်ဆေ့တွေပါ ပေါ်လွင်တယ်လို့ ခံစားရတယ်။ တိရစ္ဆာန်ချစ်တဲ့သူဆိုတော့ မြင်လိုက်တာနဲ့ စိတ်မကောင်းဘူး။

**မေး။ နောက်လုပ်ဆောင်သွားမည့် အစီအစဉ်တွေမှာ အစ်မအနေနဲ့ ပါဝင်ဖို့ရှိပါသလား။**

ဖြေ။ ဒီအစီအစဉ်တွေမှာ ပါဝင်ဖို့ အစ်မအနေနဲ့ အလုပ်ကလည်း မအားတော့ ကိုယ်တိုင် မပါဝင်နိုင်တောင်



သူတို့ပေးချင်တဲ့ မက်ဆေ့ကို အွန်လိုင်းကနေ share လုပ်ပေးသွားဖို့ ရှိတယ်။

**မေး။ လက်ရှိ မြန်မာနိုင်ငံမှာ ဆင်တွေ ပြုန်းတီးလာမှုနဲ့ ပတ်သက်ပြီးတော့လည်း အစ်မအနေနဲ့ သုံးသပ်ပေးပါဦး။**

ဖြေ။ ဒီလှုပ်ရှားမှုကို လာလိုက်တော့မှ ဆင်တွေ ဘယ်လောက်ပြုန်းတီးတယ်ဆိုတာ သိလိုက်ရတယ်။ အများကြီး တုန်လှုပ်သွားတယ်။ ဆင်တွေက သတ်ခံထိတယ်။ စိတ်ထဲမှာ သောင်းဂဏန်းလောက်ရှိမယ်ထင်တာ ဒီရောက်တော့ တစ်ထောင်ပဲကျန်တာ သိရတယ်။ တစ်ပတ်ကို တစ်ကောင်နှုန်း အသတ်ခံနေရတယ်။ အဆိုးဆုံးထက်ဆိုးနေတဲ့ အခြေအနေဖြစ်နေတယ်။ ဒီလိုလှုပ်ရှားမှုကြောင့် ပြည်သူတွေ သိပေမယ့် စိတ်မကောင်းရုံက လွဲလို့ ဘာမှ မတတ်နိုင်ဘူးဆိုတော့ နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ အများကြီး သက်ဆိုင်တယ်လို့ ထင်တယ်။ အဓိကကတော့ သစ်တောနဲ့ ပတ်သက်တဲ့ဌာနတွေ၊ တိရစ္ဆာန်နဲ့ ပတ်သက်တဲ့ စောင့်ရှောက်တဲ့ဝန်ကြီးဌာနတွေက ထိထိရောက်ရောက် လုပ်ပေးသင့်တယ်၊ စောင့်ရှောက်သင့်တယ်။ ဆင်တွေအတွက် သီးသန့်အကောင်ရေ တိုးပွားလာဖို့၊ ကျန်းမာရေးစောင့်ရှောက်ဖို့၊ ဆင်တွေ သတ်ဖြတ်တာကို ကာကွယ်ဖို့ဆိုတာလည်း သစ်တောက တောခေါင်းတွေနဲ့လည်း မလုံလောက်ဘူး။ တရားဥပဒေစိုးမိုးမှုတွေ ပါလာမယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အကူအညီတွေ အများကြီးလိုအပ်တယ်လို့ ထင်တယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ ထိရောက်ကူညီမှုတွေ မပါရင် ဘယ်လောက်ပဲ ဆင်တွေနဲ့ ပတ်သက်တဲ့ လှုပ်ရှားမှုတွေ လုပ်ပေးလုပ်ပေး လူတွေဟာ သိသွားရုံကလွဲပြီး ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး။ တစ်ခုရှိတာက သိသွားတဲ့အတွက် တစ်ဆင့်စကားတစ်ဆင့်နဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ ဆင်တွေကို သတ်ဖြတ်မယ့်သူရှိနေရင်တော့ အချိန်မီတားလို့ရတာပေါ့။ မကောင်းမှုဒုစရိုက်သမားတွေကတော့ ဆင်တွေကို မသတ်ဖို့ တရားချလည်း ရမှာမဟုတ်ဘူး။ ရုပ်ရှင်ထဲမှာဆို လူဆိုးဂိုဏ်းတွေပေါ့။ ဥပဒေနဲ့ပဲ အုပ်ထိန်းမှရမယ်။ အဓိကပြောချင်တာကတော့ နိုင်ငံတော်မှာရှိတဲ့ တာဝန်ရှိသူတွေအားလုံး ဒီကိစ္စကို သတိကြီးကြီးနဲ့ ဆောင်ရွက်ပေးကြပါလို့ ပြောချင်ပါတယ်။

**မေး။ ပြည်သူတွေ ဒီလှုပ်ရှားမှုမှာ ပါဝင်ဖို့အတွက်လည်း ပြောကြားပေးပါဦး။**

ဖြေ။ ပြည်သူတွေကို ပြောချင်တာက facebook တွေ့ရင် share ပေးကြပါ။ ဒီလို share ပေးခြင်းအားဖြင့် သတင်းပျံ့နှံ့လာမယ်။ ဆင်နဲ့ပတ်သက်တဲ့ သတ်ဖြတ်ခံရမှုတွေ တွေ့ရှိရင်လည်း ကိုယ့်ဒေသနဲ့ သက်ဆိုင်ရာဌာနတွေကို အကြောင်းကြားတာတွေ၊ ကိုယ်တိုင် မကာကွယ်နိုင်တောင် ကာကွယ်နိုင်တဲ့သူတွေကို အကြောင်းကြားတာတွေ လုပ်ပေးသင့်ပါတယ်။ အားလုံး ပူးပေါင်းဆောင်ရွက်ကြမှ အောင်မြင်နိုင်မှာပါလို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - အေးမင်းသူ**
**ဓာတ်ပုံ - ဇာနည်မောင်**




# ကရာတေးဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သော ကရာတေးဒိုနည်းပြနှင့် ဒိုင်လူကြီးသင်တန်း(၂/၂၀၁၇) ဆင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒို သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းက သင်တန်းမှရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ယခု သင်တန်းဆင်းပွဲတွင် နိုင်ငံတကာစံနှုန်းများဖြင့် သင်ကြားပေးခြင်းဖြစ်ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲ၊ ပြည်တွင်း ပြိုင်ပွဲများတွင် ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဒင်၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ES4E ကျောင်းမှ တာဝန်ရှိသူများနှင့် အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်မိုးတို့က သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။

သင်တန်းတွင် ကရာတေးဒို နည်းပြသင်တန်းမှ (A)အဆင့် ၁၃ ဦး၊ (B) အဆင့် ၃၃ ဦး၊ (C)အဆင့် ၁၀ ဦး စုစုပေါင်း ၅၆ ဦးတို့ အောင်မြင်ခဲ့ပြီး ဒိုင်လူကြီး(ခတ) သင်တန်းတွင် ရှစ်ဦး၊ အသစ်ခြောက်ဦး၊ Upgrade (ကုမိတဲ့) တွင် ၂၅ ဦး၊ အသစ် ရှစ်ဦး၊ လေ့လာသူ ၁၁ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ကျောက်ဖြူမြို့တွင် မီးလောင်မှုဖြစ်ပွား



**ကျောက်ဖြူ နိုဝင်ဘာ ၅**

ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက်၌ နိုဝင်ဘာ ၅ ရက် နံနက် ၁ နာရီခွဲတွင် လျှပ်စစ်မီးဖိုမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက် ဖြတ်လမ်း ၇ နှင့် ဖြတ်လမ်း ၈ ကြားရှိ ဦးဇော်မင်းသန်း(ခ) ဦးမောင်မောင်၏ ခုံးဝယ်ဒိုင်တွင် အလုပ်သမားများဖြစ်သော မောင်ငယ်၊ မောင်လှမြင့်၊ မောင်လှဝင်း၊ ကိုကျော်ဇောလှ တို့သည် ဒိုင်အတွင်းညအိပ်နေစဉ် ၎င်းတို့သုံးစွဲခဲ့သော လျှပ်စစ်မီးဖိုမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး ဒိုင်အနီး ရှိ အခြား ငါး၊ ပုစွန် အဝယ်ဒိုင်များနှင့် လူနေအိမ်များအား မီးကူးစက်လောင်ကျွမ်းရာ မီးသတ်ဦးစီးဌာနမှ မီးသတ် ယာဉ်ခြောက်စီး၊ အကူမီးသတ်ယာဉ်သုံးစီးဖြင့် ခရိုင်ဦးစီးမှူး ဦးဟန်လင်းကျော်၊ မြို့နယ်ဦးစီးမှူး ဦးစည်သူလင်းတို့နှင့် အတူ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၅ နာရီတွင် မီးငြိမ်း သွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ငါး၊ပုစွန်အဝယ်ဒိုင် ၁၁ ဒိုင်၊ လူနေအိမ် ၁၆ လုံး၊ လူဦးရေ ၇၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ ပြီး လျှပ်စစ်မီးပေါ့လျော့စွာသုံးစွဲသူ ဦးမောင်ငယ်အား အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**

# အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယနေ့နံနက်စောစောပိုင်းက ယာဉ်မတော်တဆမှု နှစ်မှုဖြစ်ပွား၍ နှစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမြန်လမ်းမကြီး၏ အုတ်ရှစ်ကုန်းလမ်းပိုင်း မိုင်တိုင် ၆၃/၁ နှင့် ၆၃/၂ အကြား ယာဉ်မောင်း ဇင်မင်းနိုင် မောင်းနှင်လာသော မော်တော် ယာဉ်မှာ ယနေ့နံနက် ၃ နာရီခန့်က ယာဉ်မောင်းအိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအားတိုက်မိပြီး မီးလောင်မှုဖြစ်ပွားခဲ့ကာ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

အလားတူ နံနက် ၅ နာရီခွဲက ပေပင်လေးအမြန်လမ်းပိုင်းအကြား မိုင်တိုင် ၂၅၁/၇ နှင့် ၂၅၂/၀ ကြားတွင် ယာဉ်မောင်း လွမ်းဝေ မောင်းနှင်လာသော ယာဉ်မှာ လမ်းဘေးတွင်ရပ်ထားသော ယာဉ်မောင်း အောင်မျိုးမြတ် မောင်းနှင် သည့် လိုက်ထရပ်ယာဉ်အား ဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် လိုက်ထရပ်ယာဉ်ပေါ်ပါ ၁၇ ဦး အနက် အမျိုးသမီး တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

သို့ပါ၍ ဒဏ်ရာရရှိသူများနှင့် သေဆုံးသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် သက်ဆိုင်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ပြီး ဖြစ်စဉ်မှယာဉ်မောင်းများအား သက်ဆိုင်ရာ အပိုင်ရဲစခန်းများမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ အမြန်လမ်းမကြီး၌ ယနေ့ညနေပိုင်းတွင် ယာဉ်မတော်တဆမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ပြီ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဘောနက်ကြီးအမြန်လမ်း ပိုင်း မိုင်တိုင် ၃၈/၆ နှင့် ၃၈/၇အကြား ယာဉ်မောင်း ကျော်ရဲအောင် မောင်းနှင် လာသော လိုက်ထရပ်ယာဉ်မှာ ယနေ့ မွန်းလွဲ ၂ နာရီက တစ်ဖက်ယာဉ်ကြောသို့ လမ်းလယ်ကျွန်းမှ ဖြတ်ကွေ့စဉ် တစ်ဖက်ယာဉ်ကြောမှ စပိန်နိုင်ငံသား မောင်းနှင်လာသော Ford ယာဉ်နှင့် တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် Ford ယာဉ်ပေါ်တွင်ပါရှိသူများ ထိခိုက်မှုမရှိသော်လည်း လိုက်ထရပ်ယာဉ်ပေါ်ပါရှိသူ ၁၇ ဦးအနက် သုံးဦးဒဏ်ရာရှိခဲ့သည်။ ဒဏ်ရာ ရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ညနေ ၄ နာရီခွဲကလည်း ယင်းလမ်းပိုင်း မိုင်တိုင် ၂၇/၂ နှင့် ၂၇/၃ အကြား ယာဉ်မောင်း တင်ဝင်းမောင် မောင်းနှင်လာသော Nissan AD van မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိတိမ်းမှောက်ခဲ့ သည်။ သို့ပါ၍ ဖြစ်စဉ်မှ ယာဉ်မောင်းများအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**သန်းဦး၊ညီညီသန်း(နေပြည်တော်)**




# လမ်းဖြတ်ကူးသူအား တိုက်မိသောယာဉ်ပေါ်တွင် ဒေါင်း၊ ကျေးကျွတ်နှင့် ချိုးငှက်များ တွေ့ရှိ

**ပဲခူး နိုဝင်ဘာ ၅**

ပဲခူးမြို့ မြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၅၄/၀ နှင့် ၅၄/၁ အကြား အဝိုင်းကျေးရွာထိပ်တွင် နိုဝင်ဘာ ၄ ရက် ည ၉ နာရီခန့်က ဘုရားကြီးမှ ပဲခူးမြို့တွင်းသို့ ယာဉ်မောင်းတင်မောင်နိုင် မောင်းနှင်လာ သော MAZDA EMAIUA အမျိုးအစား (အဖြူရောင်) ယာဉ်မှာ လမ်း၏ ယာဘက်ခြမ်းမှ ဝဲဘက်ခြမ်းသို့ လမ်းဖြတ်ကူးသူ ဦးကြည်လွင်အား ဝင်ရောက် တိုက်မိခဲ့ရာ ဦးကြည်လွင်၌ ဒဏ်ရာများရရှိခဲ့သဖြင့် ပဲခူးဆေးရုံကြီးသို့ ပို့ဆောင်ထားပြီး ယာဉ်မောင်းအား မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထား သည်။

တိုက်မိသောယာဉ်ပေါ်တွင် ဒေါင်းလေးကောင်၊ ကျေးကျွတ် အကောင် ၃၅၀၊ ချိုးအကောင် ၄၀ စုစုပေါင်း ၃၉၄ ကောင်အား တွေ့ရှိရသဖြင့် စစ်ဆေး ရာ ၎င်းပစ္စည်းများသည် ဦးစိုးငြိမ်းဇော်(၃၂)နှစ် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် နေသူပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်ပြီး သထုံမြို့မှ စတင်သယ်ယူလာကြောင်း သိရှိရသဖြင့် ဒေါင်း၊ ကျေးကျွတ်နှင့် ချိုးတို့အား တရားမဝင်သယ်ဆောင်လာသူ ယာဉ်မောင်း တင်မောင်နိုင်နှင့် ပိုင်ရှင်ဖြစ်သူ ဦးစိုးငြိမ်းဇော်တို့အား မြို့မရဲစခန်းမှ တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၇(က)ဖြင့် ဆက်လက်အမှုဖွင့် အရေးယူထားကြောင်း သိရ သည်။

**တင်စိုး(ပဲခူး)**

# မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး အယူခံလျှောက်လွှာ ထိုင်းအစိုးရရှေ့နေများဘက်မှ ခုခံချေပလျှောက်လွှဲချက်အား ရက်တိုးထပ်မံခွင့်ပြုချက်ရရှိ

**ဘန်ကောက် နိုဝင်ဘာ ၅**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း)တွင် ဖြစ်ပွားခဲ့သော အယူခံတရားရုံးမှ သေဒဏ်ချမှတ်လိုက်သည့် မြို့တော်ဘန်ကောက် ဘန်ခဝင် အကျဉ်းထောင်၌ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ် သမားနှစ်ဦးအတွက် အယူခံလျှောက်လွှာအပေါ်တွင် ထိုင်း အစိုးရရှေ့နေများဘက်မှ ခုခံချေပလျှောက်လွှဲချက်အား ရက်တိုးထပ်မံခွင့်ပြုချက် ရရှိထားကြောင်း ဘန်ကောက် မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့မှ သိရ သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၂၂ ရက်က အဆိုပါ အယူခံခုခံချေပလျှောက်လွှဲချက်အား ထိုင်းအစိုးရရှေ့နေ များဘက်မှ ထိုင်းနိုင်ငံ ဗဟိုတရားရုံးချုပ်သို့ တင်ပြရန် လုပ်ဆောင်ခဲ့သော်လည်း ၎င်းတို့ဘက်မှ အဆင်သင့်မဖြစ် သေးသည့်အတွက် ထိုင်းနိုင်ငံ ဗဟိုတရားရုံးချုပ်သို့ တစ်လ ထပ်မံရက်တိုးတောင်းခံခဲ့ရာ မြန်မာရွှေ့ပြောင်းအလုပ် သမားနှစ်ဦးအတွက် အယူခံခုခံချေပလျှောက်လွှဲချက်ကို နိုဝင်ဘာ ၂၂ ရက်ထိ ခွင့်ပြုချက်တစ်လ ထပ်မံရက်တိုး ရခဲ့ခြင်းဖြစ်သည်။

လိပ်ကျွန်း အထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ မြန်မာရှေ့နေကြီး ဦးအောင်မျိုးသန့်က“ထိုင်းနိုင်ငံ တရားရုံး တော်ကို ထိုင်းအစိုးရရှေ့နေများဘက်က တက်ရောက်သည် ဖြစ်စေ၊ မတက်ရောက်သည်ဖြစ်စေ တရားရုံးတော်အနေနဲ့ ကတော့ ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်၊ မူလတရားရုံးတော်မှာလည်း အမှုတွဲစာမျက်နှာ ၄၀၀၀ ကျော် ရှိနေပြီး အယူခံတရားရုံးတော်မှာလည်း အမှုတွဲတွေကရှိနေပြီးသားပါ၊ ဒါတွေအားလုံးကလည်း ထိုင်းနိုင်ငံရဲ့ ဗဟိုတရားရုံးချုပ်ကို ရောက်ရှိနေတာဖြစ်ပြီး ခုဆို ခေါ်ယူစစ်ဆေးမှုတွေလည်း လုပ်ဆောင်နေပါပြီ၊ ထိုင်းနိုင်ငံရဲ့ ဥပဒေအရ တောင်းဆိုခွင့်ရှိတာကို တောင်းဆို ပိုင်ခွင့်ရှိပါတယ်၊ ဥပမာကျွန်တော့်အတွေ့အကြုံအရ ပြောမယ်ဆိုရင် ထိုင်းနိုင်ငံမှာ ပြီးခဲ့တဲ့ခြောက်နှစ်အရင်က ဖြစ်ပွားခဲ့တဲ့ အမှုတစ်ခုမှာ ခိုင်လုံတဲ့အထောက်အထားမရှိ၊ မျက်မြင်သက်သေမရှိတဲ့အတွက် ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးလွှတ်ပေးလိုက်ရတဲ့ သာဓကရှိနေပါတယ်၊ ခု တစ်လော ထိုင်းဘုရင်သစ် ဗက်ဂျီယာလောင်ကွန်းက မတရားသဖြင့် အစွပ်စွဲခံရတဲ့ မြန်မာနိုင်ငံသားနှစ်ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆိုပြီး အွန်လိုင်းမီဒီယာ တွေကနေ ဖော်ပြနေတာ တွေ့ရပါတယ်။ ဒီသတင်းတွေ အမှားဖြစ်နေတာကို မြန်မာနိုင်ငံပြည်သူတွေကို ပြောချင်ပါ တယ်၊ အမှန်တော့ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာ ပြစ်ဒဏ် ချမှတ်ပြီးမှ ရတာမို့ပါ”ဟု ရှင်းပြသည်။

လက်ရှိအနေအထားအရ သေဒဏ်ချမှတ်ခံထားကြရ သည့် မြို့တော်ဘန်ကောက် ဘန်ခဝင်အကျဉ်းထောင်၌ ရှိနေသည့် မတရားအစွပ်စွဲခံနေကြရသော မြန်မာရွှေ့ပြောင်း အလုပ်သမား ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့ အမြန်ဆုံး လွတ်မြောက်နိုင်ရေးအတွက် ဘန်ကောက်မြန်မာသံရုံး အထူးစုံစမ်းရေးကော်မတီအဖွဲ့နှင့် မြန်မာနိုင်ငံမှ ကိုယ်စား လှယ် ဥပဒေပညာရှင်များက အထူးကြိုးစားဆောင်ရွက် လျက်ရှိနေကြောင်း သိရသည်။

လိပ်ကျွန်းအထူးစုံစမ်းရေးကော်မတီ(၃)မှ တာဝန်ခံ ဦးထူးချစ်က “မည်သည့်ရည်ရွယ်ချက်ကြောင့်လည်းတော့ မသိဘူး၊ လိပ်ကျွန်းလူသတ်မှုနဲ့ ပတ်သက်တဲ့ ညီငယ်နှစ်ဦး လွတ်မြောက်ပြီဆိုပြီး အမျိုးမျိုးသော လုပ်ကြံသတင်းတွေ ကို အွန်လိုင်းသတင်းတွေကနေ ဖြန့်နေကြပါတယ်၊ လုပ်ကြံ သတင်းတွေထွက်လာတိုင်း ကျွန်တော်တို့ အလုပ်ရှုပ်ကြရ ပါတယ်၊ လိပ်ကျွန်းလူသတ်မှုဟာ ကမ္ဘာကျော်သတင်း ဖြစ်ခဲ့တာဖြစ်ပြီး မြန်မာအစိုးရကလည်း ထဲထဲဝင်ဝင် ကူညီဆောင်ရွက်ပေးခဲ့တဲ့ အမှုတစ်ခုလည်းဖြစ်ပါတယ်၊ လက်ရှိကတော့ လိပ်ကျွန်းလူသတ်မှုဟာ အမှုပြီးပြတ်ပြီ လို့မဆိုနိုင်ပါဘူး၊ တရားခံလို့ အစွပ်စွဲခံထားရတဲ့ဘက်ကလည်း ထိုင်းဗဟိုတရားရုံးချုပ်ကို နောက်ဆုံးအယူခံလွှာတင်ထား ဆဲဖြစ်ပါတယ်၊ ထိုင်းအစိုးရရှေ့နေဘက်ကလည်း မိမိတို့ အယူခံလွှာကို ပြန်လည်စိစစ်နေဆဲ၊ ထောက်ပြကွက် များရှာဖွေနေဆဲကာလ ဖြစ်ပါတယ်၊ ထိုင်းနိုင်ငံ တရား ရေးလုပ်ထုံးလုပ်နည်းအရ ပြစ်မှုကျူးလွန်သူကို အပြစ် ရှိတယ်လို့ ရုံးတော်ကဆုံးဖြတ်ထားရင်သာ အပြစ်ဒဏ်ခံ နေရတဲ့ တရားခံများကိုပဲ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လျှော့ရက်တွေ ပေးတာဖြစ်ပါတယ်၊ ဒါလည်းအစဉ်အလာ ရှိခဲ့တာပါ၊ ပြီးတော့ ထိုင်းဘုရင်ကြီးမွေးနေ့တိုင်းမှာ ထောင်တွင်းမှာရှိတဲ့ အကျဉ်းသားတွေနဲ့ မိသားစုဝင် တွေကို တွေ့ဆုံခွင့်ပေးပြီး ထမင်းစားပွဲတွေ ကျင်းပပေး လျက်ရှိပါတယ်”ဟု ပြောသည်။

မြို့တော်ဘန်ကောက် ဘန်ခဝင်အကျဉ်းထောင်၌ ရှိနေ သော မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးအား ထိုင်း နိုင်ငံအနေဖြင့် မည်သည့်အတွက်ကြောင့် လွှတ်ပေးသည် ဆိုစေကာမူ သံတမန်ကျင့်ဝတ်အရ မြန်မာအစိုးရကို တရားဝင်အကြောင်းကြားပြီး မြန်မာရွှေ့ပြောင်းအလုပ် သမားနှစ်ဦးအား စနစ်တကျလွှဲပြောင်းပေးအပ်မည်ဟု မျှော်လင့်ကြောင်း၊ အဆိုပါလူငယ်များ၏ ရှေ့နေများကို လည်း တရားဝင်အကြောင်းကြားရမည်ဖြစ်ပြီး ထိုင်းနှင့် နိုင်ငံတကာသတင်းဌာနများမှ မီဒီယာများကို ဖိတ်ကြားရ မည်ဖြစ်ကာ မီဒီယာများ၏ရှေ့မှောက်တွင် လွှတ်ပေးရမည် သာ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအမှုကို အမြဲ တမ်းနားစွင့်လျက်ရှိပြီး ထိုင်းရှေ့နေတစ်ဦးအား အဆိုပါ အမှုကို ကူညီဆောင်ရွက်ပေးရန် ဆောင်ရွက်ထားရှိကြောင်း နှင့် မိမိတို့အနေဖြင့် မြို့တော်ဘန်ကောက် ဘန်ခဝင် အကျဉ်းထောင်၌ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ် သမားနှစ်ဦး၏ အမှုကိစ္စရပ်များအား မြန်မာနိုင်ငံသားများ သိရှိစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ တရားဝင်အသိ ပေး ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း လိပ်ကျွန်းအထူး စုံစမ်းရေးကော်မတီ(၃)မှ တာဝန်ခံ ဦးထူးချစ်က ထပ်မံ ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း)တွင် ၂၀၁၄ ခုနှစ် စက်တင် ဘာ ၁၅ ရက်က ကမ္ဘာလှည့်ခရီးသည် ဗြိတိန်နိုင်ငံသား နှစ်ဦးဖြစ်သော David Miller နှင့် Hannah Witheridge တို့ သေဆုံးမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အစွပ်စွဲခံရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး ဖြစ်သော ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အား ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကော့စမွေ ခရိုင် တရားရုံးတော်မှ လူသတ်မှု၊ မုဒိမ်းမှုတို့ အပါဝင်ပုဒ်မ ခုနစ်ခုဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင်လည်း အယူခံတရားရုံးတော်မှ သေဒဏ်အမိန့်ထပ်မံချမှတ်ခဲ့ပြန်ကြောင်း လိပ်ကျွန်း အထူးစုံစမ်း စစ်ဆေးရေးကော်မတီမှ စုံစမ်းသိရှိရ သည်။

**ပွင့်သစ္စာ**

# ဂိုးဖန်တီးမှု ပြုလုပ်ပေးရသည်ကို အကြိုက်နှစ်သက်ဆုံးဟု ဒီဘရိုင်း ဖွင့်ဟ

မေလှဲသင်း
စုစည်းသည်



မန်စီးတီးကွင်းလယ်လူ ကီဗင်ဒီဘရိုင်းက ၂၀၁၅ ခုနှစ်တွင် မန်စီးတီးသို့ ရောက်ရှိလာပြီးနောက် ဂိုးဖန်တီးမှု ၁၄ ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ပြီးဖြစ်သော်လည်း ယခုနှစ် ဘောလုံးရာသီတစ်ခုတည်းမှာပင် ဂိုးပါဝင်ပတ်သက်မှု အရေအတွက် ၂၄ ကြိမ်ရှိခဲ့ပြီဖြစ်သည်။ စကိုင်းစပို့နှင့်ပြုလုပ်သည့် အင်တာဗျူးတွင် ဒီဘရိုင်း၏ အတ္တနည်းသည့် ဘောလုံးခံယူချက်ကို အထင်အရှား မြင်တွေ့ခဲ့ရသည်။ ဒီဘရိုင်းက တစ်ခါတစ်ရံ ကိုယ်တိုင်ဂိုးသွင်းယူနိုင်ရန် အခွင့်အရေးကောင်းမွန်သည်ကိုပင် ပါလာသည့်တွဲဖက်ကစားဖော်ကို ဂိုးသွင်းနိုင်အောင် အခွင့်အရေးဦးစားပေးတတ်သူဖြစ်သည်။ ဒီဘရိုင်း၏ မယုံကြည်နိုင်လောက်အောင် ပြုလုပ်နိုင်သည့် ဖန်တီးနိုင်စွမ်းက နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအတွက် များစွာ ထောက်ကူပြုနိုင်ခဲ့သည်။

ဒီဘရိုင်းကိုယ်တိုင်ကလည်း သူ့ခြေထောက်တွင် ဘောလုံးရသည်ဆိုသည်နှင့် မည်သူရှိ မရှိ ဆိုသည်ကို ရှာဖွေတတ်ကြောင်း၊ အကယ်၍ ဦးခေါင်းလှည့်ကစားချိန် မရလျှင်ပင် ရှေ့တွင် မည်သို့သော အခြေအနေရှိနေတတ်သည်ကို အကဲခတ် လေ့ရှိကြောင်း ဖွင့်ဟခဲ့သည်။

ဒီဘရိုင်းက “တစ်ခါတလေတော့ ကျွန်တော်က တိုက်ရိုက်ပေးပို့ပါတယ်။ တစ်ခါတလေများဆိုရင် တကယ့်ကို တိုက်ရိုက်ကြီးပဲ။ ဒါပေမယ့် ဒီလို မပေးပို့ခင် ဘာဖြစ်မလဲဆိုတာ ကျွန်တော်သိတယ်။ ဘာလို့လဲဆိုရင် ကျွန်တော်တို့က အမြဲတမ်းလုပ်ဆောင်နေကျတာဖြစ်လို့ပါ”ဟု ဆိုသည်။ ဒီဘရိုင်းမှာ ဂိုးဖန်တီးမှုကောင်းမွန်ရုံမျှမက ဘောလုံးလမ်းကြောင်း ခင်းကျင်းသေသပ်မှုတွင်လည်း ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့်အပြိုင် ကောင်းမွန်သူဖြစ်သည်။ ထို့ပြင် ဒီဘရိုင်းမှာ ဘောလုံးဖြတ်တောက်မှုတွင်လည်း ၇၅ ရာခိုင်နှုန်း အောင်မြင်အောင် လုပ်ဆောင်နိုင်သည့်မှတ်တမ်းကောင်းကိုလည်း ပိုင်ဆိုင်ထားသည်။



ဒီဘရိုင်းသည် လက်ရှိ ကစားရသည့် ကွင်းလယ်မှ ဘယ်ဘက်ခြမ်းသို့ ဘောလုံးပေးပို့ရသည့်နေရာနှင့် အံဝင်နေကာ တိုက်စစ်ပိုင်းသို့ ဘောလုံးပေးပို့မှုက တစ်ပွဲလျှင် ပျမ်းမျှ ၄၆ ကြိမ်အထိရှိသည်။ ဒီဘရိုင်းက မန်စီးတီးတွင် သူ့ထက် ဝါရင့်သူများထံမှ သင်ကြားမှုခံရသည်ကို နှစ်သက်သူဖြစ်ကာ ဒေးဗစ်ဆေးလ်ဗားဆီမှ လေ့လာသင်ယူမှုပြုလေ့ရှိကြောင်းလည်း သိရသည်။



# ရီးယဲလ်စူပါစတားများက ရုရှားကမ္ဘာ့ဖလားကို အာရုံစိုက်နေခြင်းက ရီးယဲလ်၏ ရလဒ်များကို ထိုးဆင်းစေ

ရီးယဲလ်စူပါစတားများက ၂၀၁၈ ကမ္ဘာ့ဖလားဝင်နွှဲချိန် ဒဏ်ရာပြဿနာများကို ရှောင်လွှဲရေးသာ လိုလားနေပြီး ကလပ်အသင်းအတွက် ကစားချိန်တွင် အင်ပြည့်အားပြည့် အားထုတ်မှုမရှိခြင်းက ရီးယဲလ်ရဲ့ ရလဒ်များကို ထိုးဆင်းစေတဲ့အကြောင်းများဖြစ်ကြောင်း သတင်းရင်းမြစ်အတော်များများက ဖော်ပြခဲ့ပါတယ်။ ရီးယဲလ်က ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်ဆက်တိုက်ရရှိခဲ့ပြီးနောက် ရလဒ်များပြန်လည်ကျဆင်းလာပြီး ဒီနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်တွင်လည်း အုပ်စု ဒုတိယနေရာ ရောက်ရှိနေသလို လာလီဂါမှာလည်း ဇယားထိပ်မှ ဘာစီလိုနာနဲ့ ရမှတ်ပြတ်အနေအထားကို ရောက်ရှိနေပါတယ်။

ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုက အသင်းမှာ လူငယ်ကစားသမားများနေပြီး အတွေ့အကြုံပြည့်ဝမှုမရှိခြင်းက ရလဒ်များကို ဆိုးရွားစေကြောင်းဆိုခဲ့သလို ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ မိုရာတာနဲ့ ပီပီတို့ကို အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ခြင်းကလည်း အားနည်းမှုကိုဖြစ်စေကြောင်း ထောက်ပြခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ယခုထိ အခမ်းနားဆုံးနဲ့ အကြီးကျယ်ဆုံးအဆင့်မှ လျော့ကျသွားခြင်းမရှိသလို ထိပ်တန်းကစားသမားများအားလုံးက ကမ္ဘာ့ဖလားပြိုင်ပွဲကိုသာ အလေးထားလွန်းနေသဖြင့် ရီးယဲလ်အတွက် အင်ပြည့်အားပြည့် ပေးဆပ်ခြင်းမရှိရာ ဒီအခြေအနေက ရီးယဲလ်ရဲ့ ရလဒ်ပိုင်းကို ကျဆင်းစေတာဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြပါတယ်။



# ဒဏ်ရာပြဿနာကိုသာ အကြောင်းပြပါက မိမိဆိုလျှင် အပတ်တိုင်း ငိုကြွေးနေသင့်ဟု မော်ရင်ဟို စကားစစ်ထိုး

မန်ယူနည်းပြ မော်ရင်ဟိုက ဒဏ်ရာပြဿနာက အသင်း၏ရလဒ်ကို ထိခိုက်စေသည့် အဓိကအကြောင်းတရားဟု အကြောင်းပြချက်ပေးမည်ဆိုပါက မိမိဆိုလျှင် ရက်သတ္တပတ်တိုင်းငိုကြွေးနေရလိမ့်မည်ဟု ချယ်လ်ဆီးနည်းပြ ကွန်တီကို သွယ်ဝိုက်သော နည်းလမ်းဖြင့် ဝေဖန်ထိုးနှက်ခဲ့သည်။ မော်ရင်ဟိုက ပြီးခဲ့သည့်နေ့ကပင် ကွန်တီ အနေဖြင့် သူချန်ထားရစ်သည့်အသင်းကို ကိုင်တွယ်ခွင့်ရသည်မှာ ကံကောင်းကြောင်းဆိုခဲ့သေးပြီး ယခုတစ်ကြိမ်တွင်လည်း ဒဏ်ရာပြဿနာများကြောင့် အသင်းရလဒ်ကို ထိခိုက်ခဲ့သည်ဟူသော ကွန်တီ၏အကြောင်းပြချက်အပေါ် ထပ်မံတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

“ဒါက ကျွန်တော့်အမှားပါ။ ဒဏ်ရာပြဿနာတွေကြောင့် ကျွန်တော် အပတ်တိုင်းငိုကြွေးသင့်ပါတယ်။ တစ်ရက်ပြီး တစ်ရက်၊ သတင်းစာရှင်းလင်းပွဲ တစ်ခုပြီးတစ်ခု လူတိုင်းက ဒါကို သတိရစေပါတယ်။ ဒါက ကျွန်တော့်အမှားပါ။ ကျွန်တော့်ဆုံးဖြတ်ချက်ပါ။ ဒီလို ပြဿနာတွေကို ကြုံရတိုင်း သူတို့နေရာမှာ အစားထိုးနိုင်မယ့် ကစားသမားတွေကို စိတ်အားထက်သန်လာအောင်ပြုလုပ်ပြီး ယုံကြည်မှုပေးတတ်တာက ကျွန်တော့်နည်းလမ်းပါ”ဟု မော်ရင်ဟိုက ဒဏ်ရာပြဿနာများအပေါ် သူ၏ စီမံခန့်ခွဲမှုနည်းဗျူဟာအပေါ် ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းတွင်လည်း ပေါ့ဘာ၊ ကာရစ်၊ ဖယ်လိုင်နီတို့ ဒဏ်ရာပြဿနာကြုံခဲ့ရသလို နောက်တန်းခံစစ်တွင်လည်း ဒဏ်ရာရကစားသမား အတော်များပြားခဲ့သည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ်တွင် ရလဒ်ကောင်းကိုထိန်းထားနိုင်သလို ပရီမီယာလိဂ်တွင်လည်း ဆိုးဆိုးရွားရွားအနေအထားမရောက်ရှိအောင် ထိန်းထားနိုင်ခဲ့သည်။

ဆက်လက်ပြီး မော်ရင်ဟိုက “အခြား မန်နေဂျာဆို ပေါ့ဘာအကြောင်းကို နေ့တိုင်းပြောနေမှာပါ။ အိုး တို့ဆီမှာ ပေါ့ဘာကို ဆုံးရှုံးနေပြီ။ ပေါ့ဘာ ဘယ်အချိန်မှ ပြန်ကစားနိုင်မလဲ။ ပေါ့ဘာမရှိဘဲ ၁၀ ပွဲတောင် ကစားရတယ်။ ချန်ပီယံလိဂ် အုပ်စုပွဲတွေတိုင်း ပေါ့ဘာမပါဘဲ ကစားနေရတယ်။ ပေါ့ဘာ မပါဘဲ လီဗာပူး၊ ချယ်လ်ဆီးနဲ့ စပါးအသင်းတွေလို အသင်းကြီးတွေကို ရင်ဆိုင်ရတယ်” ဟူသောစကားဖြင့်လည်း ကွန်တီအပေါ် ထိုးနှက်ခဲ့သည်။ ချယ်လ်ဆီးသည် ကွင်းလယ်လူ ကန်တီ မပါဘဲ ကစားရသည့် အချိန်မှ စတင်ပြီး ရလဒ်များကျဆင်းလာကာ နောက်တန်းခံစစ်ပိုင်း တည်ငြိမ်မှုဆုံးရှုံးနေသည်ကို တွေ့ရသည်။

ကွန်တီ၏ ချယ်လ်ဆီးအသင်းမှာ ပြီးခဲ့သည့် ဘောလုံးရာသီယခုလို အချိန်မျိုးတွင် ရလဒ်များ အထူးကောင်းမွန်နေပြီး အားလုံးကို အံ့အားတသင့် စွမ်းဆောင်ပြနေသော်လည်း ယခုနှစ်တွင် နိုင်တစ်ခါ ရှုံးတစ်လှည့်နှင့် ခြေစွမ်း အတက်အကျအတော်များနေသည်ကို တွေ့ရသည်။ ကွန်တီနှင့် မော်ရင်ဟိုတို့ကြား ကွင်းဘေးစည်း အချေအတင်ဖြစ်မှုများကို ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့ ထိပ်တိုက်ဆုံတွေ့ခဲ့သည့် ပွဲစဉ်တိုင်းလိုလိုတွင် မြင်တွေ့ခဲ့ရသလို ပြီးခဲ့သည့်နွေဈေးကွက် ခေါ်ယူချင်သည့်ကစားသမား ကြိုက်နှစ်သက်မှုတူညီခဲ့ရာ တစ်ယောက်တစ်ပြန်ထိုးနှက်မှုများ နွေဈေးကွက်တောက်လျှောက်ဖြစ်ပေါ်ခဲ့သည်။ ချယ်လ်ဆီးက တောက်လျှောက်ချဉ်းကပ်ခဲ့သည့် လူကာကူကို မန်ယူက အရခေါ်ယူနိုင်ခဲ့ပြီးနောက် ချယ်လ်ဆီးကလည်း မန်ယူက ခေါ်ယူရန် ကြိုးပမ်းခဲ့သည့် မိုရာတာကို ကလပ်အသင်း စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူပြခဲ့သည်။



# ဒိုင်လူကြီးပါ လူစားလဲရတဲ့ ဖြစ်အင်

စနေနေ့က ကစားခဲ့တဲ့ စတုတ်နဲ့ လက်စတာအသင်းတို့ရဲ့ ပွဲစဉ်မှာ အနည်းငယ်ထူးခြားမှုတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဒါကတော့ ဒိုင်ဖြစ်သူကို လက်ထောက်ဒိုင်နဲ့ လူစားလဲမှု ပြုလုပ်ခဲ့ရခြင်းပါ။ ဘောလုံးပွဲတစ်ပွဲမှာ အစဉ်အလာအားဖြင့် ဒိုင်ကို လူစားလဲတာမျိုး ဖြစ်လေ့ဖြစ်ထမရှိပေမယ့် ပထမပိုင်းပြီးခါနီး ဒိုင်ဖြစ်သူ ဘော်ဘီမက်ဒလေ ခြေသလုံးဒဏ်ရာရခဲ့တာကြောင့် အကူဒိုင်(စတုတ္ထဒိုင်)အဖြစ် ဆောင်ရွက်နေတဲ့ ဂျွန်မော့စ်နဲ့ လူစားလဲခဲ့ရတာ ဖြစ်ပါတယ်။

မက်ဒလေက ဂျွန်မော့စ်ကို အဝါကတ်၊ အနီကတ်တွေ အလဲအလှယ်ပြုနေချိန်မှာ ပရိသတ်တွေက “ခင်ဗျား ဒိုင်လုပ်ဖို့ ကြံ့ခိုင်မှု မပြည့်ဝပါဘူးဗျို့”လို့ အော်ဟစ်တာတွေ ပြုခဲ့ပါတယ်။ အဲဒီပွဲမှာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သလို မက်ဒလေနေရာ အစားထိုးတာဝန်ယူတဲ့ ဂျွန်မော့စ်ကလည်း ပွဲကိုအကောင်းဆုံးထိန်းကျောင်းနိုင်ခဲ့တာကို တွေ့ရပါတယ်။

# စူပါဆန်းဒေးတွင် မန်စီးတီးနှင့်စပါး နိုင်ပွဲကိုယ်စီရရှိ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၁၁) တနင်္ဂနွေည ပွဲစဉ်အဖြစ် မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲချိန် ၁၉ မိနစ်မှာပင် မန်စီးတီးအတွက် ဒီဘရိုင်းက အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ဒုတိယပိုင်းအစပွဲချိန် မိနစ် ၅၀ တွင် အဂူရိုက ဒုတိယဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းအတွက် ချေပဂိုးကို လာကာဇက်တီက ၆၅ မိနစ်တွင် ပြန်လည်သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းသည် တိုက်စစ်အသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ၇၄ မိနစ်တွင် ဂါဘရီရဲဂျဆပ်က တတိယဂိုးကို သွင်းယူပေးခဲ့သည်။ မန်စီးတီးသည် အဆိုပါနိုင်ပွဲကြောင့် ရမှတ် ၃၁ မှတ်ဖြင့် ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိသည်။

အခြားပွဲစဉ်အဖြစ် စပါးနှင့်ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ စပါးအတွက် အနိုင်ဂိုးကို ဆွန်ယောင်မင်းက ၆၄ မိနစ်တွင် သွင်းယူပေးခဲ့ပြီး လက်ရှိ ပရီမီယာလိဂ်အဆင့် ၃ နေရာမှာ ထပ်မံရပ်တည်နိုင်ခဲ့သည်။

**(ခိုင်ဝင်း)**

**စီးရီးအေပွဲစဉ် ၁၁ အနိုင်/အရှုံးရလဒ်များ**

| | | |
|---|---|---|
| အင်တာမီလန် | ၁ - ၁ | တိုရီနို |
| ကယ်ဂလီယာရီ | ၂ - ၁ | ဗီရိုနာ |
| ချီယေဗို | ၀ - ၀ | နာပိုလီ |
| ဖီအိုရင်တီးနား | ၂ - ၄ | ရိုးမား |
| ဂျူဗင်တပ် | ၂ - ၁ | ဘီနီဗန်တို |

# အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၁၆။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၀။ (ခ) ခုံသမာဓိကောင်စီ၏ သက်တမ်းသည် သုံးနှစ်ဖြစ်သည်။"

၁၇။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၁။ (ခ) လက်ခံရရှိသည့် အငြင်းပွားမှုအား ကြားနာစစ်ဆေးရန် ပုဒ်မ ၁၉ ပါ ပုဂ္ဂိုလ်များအနက်မှ ကိုယ်စားပြုအဖွဲ့အစည်း တစ်ခုစီမှ ပုဂ္ဂိုလ်တစ်ဦးစီ ပါဝင်သော သုံးဦးပါ ခုံအဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပေးခြင်းနှင့် စစ်ဆေးဆုံးဖြတ်စေခြင်း၊"

၁၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၂။ (က) ဝန်ကြီးဌာနသည် ခုံသမာဓိကောင်စီက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို တည်ဆဲအလုပ်သမားဥပဒေများ နှင့်အညီ သတ်မှတ်ရမည်။"

၁၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၃။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီသည် အငြင်းပွားမှုများဖြေရှင်းရာတွင် တည်ဆဲအလုပ်သမားဥပဒေများမှ ပြဋ္ဌာန်းချက်များအပေါ်တွင်သာ အဓိကထား စဉ်းစားဆုံးဖြတ်ရမည်။"

၂၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၄ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၄။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်၏ တိုင်ကြားချက်အရဖြစ်စေ၊ ဝန်ကြီး၏အကြောင်းကြားချက်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားချက်အရဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုကို သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ပြေငြိမ်းစေရန် ဖျန်ဖြေပေးခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုစေခြင်း၊

(ဂ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုသည့်နှစ်ဖက်သဘောတူစာချုပ်ဖောက်ဖျက်လျှင် ဦးစီးဌာနမှ တာဝန်ပေးအပ်သည့်အရာရှိက ဖောက်ဖျက်သည့်ဘက်ကို တရားစွဲရမည်။"

၂၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၅ တွင်ပါရှိသော "စုပေါင်းအငြင်းပွားမှုကို" ဆိုသည့်စကားရပ်ကို "အငြင်းပွားမှုကို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် ဖျန်ဖြေရေးဆောင်ရွက်ရာတွင် ပြေငြိမ်းမှုမရသည့် အချက်များအပေါ် သုံးသပ်အကြံပြုချက်ပါဝင်သော အသေးစိတ် အစီရင်ခံစာနှင့်အတူ အမှုတွဲအား တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည်။"

၂၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၇။ သက်ဆိုင်ရာခုံသမာဓိအဖွဲ့သည် ပုဒ်မ ၂၆ အရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကလွှဲအပ်သော အငြင်းပွားမှုအား လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်းဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်ပြီး တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာအငြင်းပွားသူများထံ ဆုံးဖြတ်ချက်ပေးပို့ရမည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့်ဆုံးဖြတ်ချက်ဖြစ်ပါက ဝန်ကြီးနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ မိတ္တူပေးပို့ရမည်။"

၂၄။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်မှတစ်ပါး ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အငြင်းပွားသူများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားခြင်း၊

(ခ) အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းကို သက်ဆိုင်ရာ ဥပဒေအရပြုလုပ်ခြင်း။"

၂၅။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(က) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၃၁။ (က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က) အရ လျှောက်ထားသည့် အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ ၁၄ ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။"

၂၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ၃၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၂။ (က) ပုဒ်မ ၂၉ အရ လျှောက်ထားသည့်အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။"

၂၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၃။ ခုံသမာဓိကောင်စီသည် ပုဒ်မ၃၂၊ပုဒ်မခွဲ(က)အရ ခုံအဖွဲ့ကချမှတ်သော ဆုံးဖြတ်ချက်မိတ္တူကို ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ နေပြည်တော်အပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များထံ ပေးပို့ရမည်။"

၂၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၄။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို နှစ်ဖက်အငြင်းပွားသူများက သဘောတူလျှင် သို့မဟုတ် အငြင်းပွားသူတစ်ဖက်ဖက်က သတ်မှတ်ကာလအတွင်း ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားခြင်း မရှိလျှင် ယင်းဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့မှစ၍ အတည်ဖြစ်သည်။"

၂၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၆ တွင်ပါရှိသော "သုံးလကျော်လွန်ပါက" ဆိုသည့်စကားရပ်ကို "ရက်ပေါင်း ၉၀ ကျော်လွန်ပါက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၈။ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့သည် တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ချိန်းဆိုသည့်နေ့ရက်၊အချိန်တွင် ကာယကံရှင်အလုပ်ရှင်နှင့် အလုပ်သမားများကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ တက်ရောက်ရန် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း မရှိစေရ။"

၃၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၈ ၏ နောက်တွင်ပုဒ်မ ၃၈-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၃၈-က။ မည်သည့်အလုပ်ရှင်၊ အလုပ်သမားမျှပုဒ်မ ၃ ပါပြဋ္ဌာန်းချက်နှင့်အညီ ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရန် ပျက်ကွက်ခြင်း မရှိစေရ။"

၃၂။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၉။ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှုစစ်ဆေးနေစဉ် ထိုအငြင်းပွားမှုမစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့်သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်းမပြုရ (သို့မဟုတ်) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အလုပ်ပိတ်ခြင်းမပြုရ။"

၃၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၉ ၏ နောက်တွင် ပုဒ်မ ၃၉-ကကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၉-က။ မည်သည့်အလုပ်သမားမျှ အငြင်းပွားမှု ဖြေရှင်းနေစဉ် ကုန်ထုတ်လုပ်မှုကျဆင်းစေရန် ဆောင်ရွက်ခြင်းမပြုရ။"

၃၄။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၃။ မည်သူမျှအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။"

၃၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၅ ၏ နောက်တွင် ပုဒ်မ ၄၅-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၅-က။ မည်သူမျှဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်ကို ဖောက်ဖျက်ခြင်းမပြုရ။"

၃၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၆။ မည်သူမဆို ပုဒ်မ ၃၈ ၊ ပုဒ်မ ၃၈-က ၊ ပုဒ်မ ၃၉ ၊ ပုဒ်မ ၃၉-က၊ နှင့်ပုဒ်မ ၄၅-က တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၃၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၄၆ ၏ နောက်တွင် ပုဒ်မ ၄၆-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၆-က။ မည်သူမဆို ပုဒ်မ ၃၈၊ ပုဒ်မ၃၈-က၊ ပုဒ်မ ၃၉၊ပုဒ်မ ၃၉-က နှင့် ပုဒ်မ ၄၅-က တို့ပါ တားမြစ်ချက်ကို ထပ်မံကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပျက်ကွက်သည့်ရက်တိုင်းအတွက် တစ်ရက်လျှင် ဒဏ်ငွေကျပ်တစ်သိန်းချမှတ်ရမည်။"

၃၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၇။ မည်သူမဆို ပုဒ်မ ၄၁ နှင့် ၄၂ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ်တစ်ဆယ်သိန်း ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။"

၃၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၈။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၄ ၊ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်သိန်းနှစ်ဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။"

၄၀။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၈ ၏ နောက်တွင်ပုဒ်မ ၄၈-က ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၄၈-က။ ပုဒ်မ ၃၇ ပါလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သူ မည်သူမဆို ပုဒ်မ၄၃နှင့် ပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်းတစ်ရာဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမား ရရန်ရှိသည့် ငွေကြေးအကျိုးခံစားခွင့်များကို အလုပ်သမားအားပေးချေရန် အမိန့်ချမှတ်ရမည်။"

၄၁။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၉ ၏ နောက်တွင်ပုဒ်မ ၄၉-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၉-က။ သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးသည် သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိပါက အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်းခံရမည်။ ရာဇသတ်ကြီးဆိုင်ရာ ကျူးလွန်မှု သုံးသပ်တွေ့ရှိပါက အရေးယူဆောင်ရွက်ရန် ဦးစီးဌာနမှ အရာရှိတစ်ဦးအား တာဝန်ပေးခန့်အပ်၍ တရားစွဲဆိုရမည်။"

၄၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅၀။ ညှိနှိုင်းရေးကော်မတီ သို့မဟုတ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီတို့သည် သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရမည်ဖြစ်ပြီး သက်တမ်းပြည့်သည့်နေ့တွင် ရွေးချယ်တင်မြှောက်ခံရသော အဖွဲ့များကို တာဝန်လွှဲပြောင်း ပေးအပ်ရမည်။"

၄၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၀၏ နောက်တွင်ပုဒ်မ ၅၀-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၅၀-က။ ဤဥပဒေအရ အသစ်ပြန်လည်ဖွဲ့စည်းသော ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့သည် သက်တမ်းကုန်ဆုံးသည့် ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ လုပ်ငန်းမပြီးပြတ်သော စုပေါင်းတောင်းဆိုဆွေးနွေးညှိနှိုင်းမှုနှင့် အငြင်းပွားမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။"

၄၄။ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၁ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၅၁။ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကိုဖြေရှင်းနေစဉ်အတွင်း လုံလောက်သောအကြောင်းမရှိဘဲ အလုပ်သမား၏ အကျိုးခံစားခွင့်လျော့နည်းစေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခု ကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ဆုံးဖြတ်သည့် ငွေကြေးခံစားခွင့်ကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိက မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။"

၄၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၅၁ ၏ နောက်တွင် ပုဒ်မ ၅၁-က ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၅၁-က။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုသည့် နှစ်ဖက်သဘောတူစာချုပ်နှင့် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တို့၏ ဆုံးဖြတ်ချက်များအား လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ငွေကြေးခံစားခွင့်ပေးရန် ပျက်ကွက်သောကာလ ရက်ပေါင်းသုံးဆယ်ကျော်လွန်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှ တာဝန်ပေးသော အရာရှိက တရားစွဲဆိုရမည်။"

၄၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၄-က ကို ပယ်ဖျက်ရမည်။

---

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၅**

၂၀၁၇ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပသည်။

မီးပုံးပျံပြိုင်ပွဲဆုရရှိသူများကို ဆုပေးပွဲကျင်းပရာ ညမီးကြီး၊ စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် စတုတ္ထ၊ ပဉ္စမဆုများ၊ ဂုဏ်ပြုဆုရရှိသူများနှင့် နှစ်သိမ့်ဆုများ၊ မသိုးသက်န်းရက်လုပ်ပြိုင်ပွဲ၊ မြို့လုံးကျွတ် မဟာဘုံကထိန်လှည့်လည်ပွဲ၊ ညမီးပဒေသာလှည့်လည်ပူဇော်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသူများ၊ ဖွင့်ပွဲ၊ ပိတ်ပွဲ သီချင်းပြိုင်ပွဲတွင် ပထမဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီးပေးအပ်၍လည်းကောင်း၊ ညမီးကြီး ပထမဆုရရှိသော သွေးသစ်မီးကို ငွေကျပ် ၆၅ သိန်း၊ ဒုတိယဆုရ ကားပွဲစားအိုမီးကို ငွေကျပ်သိန်း ၅၀၊ တတိယဆုရ ရောင်စုံမီးကို ငွေကျပ် ၄၅ သိန်းနှင့် ညလွှတ်စိန်နားပန် ပထမဆုရ မြောက်ပိုင်းမီးကို ငွေကျပ် ၂၇ သိန်း၊ ဒုတိယဆုရ နယူးထူးရှားမီးကို ငွေကျပ် ၂၂ သိန်း၊ တတိယဆုရ ဖွဲ့လူငယ်မီးကို ငွေကျပ်သိန်း ၂၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်းတို့က ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကိန္နရီကိန္နရာအက၊ ခါးသိုင်းအကတို့ဖြင့်ဖျော်ဖြေပြီး တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တို့က တန်ဆောင်တိုင်ပိတ်ပွဲသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ၁၃၇၉ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား ပိတ်သိမ်းကြောင်းကြေညာပြီး ပိတ်ပွဲအထိမ်းအမှတ်မီးရှူး၊ မီးပန်းများပစ်ဖောက်ကာ ညမီးကြီးမီးပုံးပျံ တစ်လုံး၊ စိန်နားပန် မီးပုံးပျံတစ်လုံးနှင့် မီးပုံးပျံငယ် အလုံး ၂၀၀၀ တို့ကို လွှတ်တင်ခဲ့သည်။

အဆိုပါ ရှမ်းပြည်နယ်တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြီး၊ စိန်နားပန်၊ နေ့လွှတ်အရုပ်များ၊ မြို့လုံးကျွတ် မဟာဘုံကထိန်လှည့်လည်ပွဲ၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲ၊ မသိုးသက်န်းရက်လုပ်ပြိုင်ပွဲ၊ ပိတ်ပွဲ၊ ဖွင့်ပွဲသီချင်းဆိုပြိုင်ပွဲများအတွက် ဆုချီးမြှင့်ငွေစုစုပေါင်းငွေကျပ် ၈၁၁၃၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ တက္ကသိုလ်တက်ရောက်မည့်ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေး

**မြစ်ကြီးနား နိုဝင်ဘာ ၅**

ကချင်ပြည်နယ်မှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့ တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူ ၂၇ ဦး စုစုပေါင်း ၄၅ ဦးအား နိုဝင်ဘာ ၄ ရက် ညနေ ၄ နာရီက ကချင်ပြည်နယ်ပညာရေးမှူးညွှန်ကြားရေးမှူးဦးအောင်သန်းမြင့်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ နေထိုင်တည်းခိုရာ မြစ်ကြီးနားမြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေသွေးခန်းမ၌ တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်တို့မှ သင်ကြားသည့် ကျောင်းပညာများအား ကြိုးစားသင်ယူရေး၊ ကျောင်းစည်းကမ်းများအားလိုက်နာရေး၊ ဒေသအပြောင်းအလဲများကြောင့် ကျန်းမာရေးဂရုစိုက်စေရေးနှင့် ပညာရေးရည်မှန်းချက်များအား မပျောက်ပျက်စေရေး၊ ကျောင်းပညာများ သင်ယူပြီးဆုံးပါက မိမိတို့ဒေသရှိ တိုင်းရင်းသားလူငယ်များပညာသင်ကြားရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့တွင် ဦးဆောင်ပါဝင် လုပ်ဆောင်နိုင်ရေးတို့ကို ပြည်နယ်ပညာရေးမှူးမှ လမ်းညွှန်မှာကြားကာ ပြည်နယ် ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးမင်းဦးက အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# ကလေးငယ်များ ဖန်တီးမှု အနုပညာများ ပေါ်ထွက်လာရေးလက်မှုအနုပညာပစ္စည်းများ ပြသ

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေအနီး Mandalay Hill Resort Hotel ၌ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိသော စတုတ္ထအကြိမ်မြောက်ဧရာဝတီစာပေပွဲတော်တွင် ပြသရောင်းချသောသစ်သားလက်မှုအနုပညာပစ္စည်းများကို စိတ်ဝင်စားမှုများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သစ်သား လက်မှုအနုပညာ ပစ္စည်းများကို အထိမ်းအမှတ်ပွဲများ စာပေပွဲတော်များ စာအုပ်အရောင်းပြပွဲများတွင် ခင်းကျင်းပြသကာ ရောင်းချပေးရင်း လက်တွေ့လုပ်ကိုင်ပြသပေးလျက်ရှိသည်။ သစ်သားလက်မှု အနုပညာပစ္စည်းများ ပြသရခြင်းမှာ ဝါသနာအလျောက် မိမိ၏ ဖန်တီးမှုအနုပညာကိုပြသရင်း လက်ဆင့်ကမ်းမျှဝေခြင်း အစီအစဉ်ဖြင့် လက်တွေ့လုပ်ဆောင်ပြသပေးခြင်းဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ ကလေးငယ်များ မိမိ၏ဖန်တီးမှု အနုပညာများပေါ်ထွက်လာစေရန် ရည်ရွယ်ကာ လက်တွေ့သင်ပြခြင်းဖြစ်သည်။

လက်မှုအနုပညာပစ္စည်း ဖန်တီးမှုတွင် အရောင်ဆိုးထားသည့် ထင်းရှူးသားအပိုင်းအစများ၊ သွားကြားထိုးတံများကို အသုံးပြုကာ ဖန်တီးထားသည်။ သစ်သားလက်မှုအနုပညာ ဖန်တီးမှုအတွက် စာရွက်ပေါ်တွင် အချိုးညီသည့် ပုံစံရေးဆွဲခြင်း (ဒီဇိုင်းထုတ်ခြင်း)ကို ပြုလုပ်ပြီး ထိုစကေးအတိုင်း ကော်ဖြင့်ကပ်ကာ ဖန်တီးကြရသည်။ ဓာတ်ပုံထည့်သည့်ကလပ်၊ အိမ်ပုံစံမျိုးစုံနှင့် ဘုရားပုံ၊ နန်းမြို့ရိုးနှင့် ပြာသာဒ်ပုံများကို အများဆုံး ပြုလုပ်ကြသည်။

လက်ရှိကာလ ဧရာဝတီစာပေပွဲတော်တွင် ခင်းကျင်းပြသရောင်းချရင်း လက်တွေ့သရုပ်ပြမှုအစီအစဉ်တွင် သွားကြားထိုးတံဖြင့်ပြုလုပ်သော ကျိုက်ထီးရိုးဘုရားပုံတော်၊ နန်းမြို့ရိုးနှင့်ပြာသာဒ်ပုံ၊ မန္တလေးဈေးချိုတော်နာရီစင်ပုံများကို စိတ်ဝင်စားမှုများပြားလျက်ရှိပြီး သစ်သားလက်မှုအနုပညာပစ္စည်းတစ်ခုလျှင် လက်ရာအနုစိပ်မှုအလိုက် အနည်းဆုံးငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၂၀၀၀၀ ကျော်အထိရောင်းချလျက်ရှိပြီး ကလေးငယ်များကို လုပ်ကိုင်နည်းများပြသရင်း ဆေးဆိုးထားသော သစ်သားအပိုင်းအစကလေးများပါ ရောင်းချပေးကြောင်း သစ်သားလက်မှုအနုပညာဖန်တီးပြသသူ ဆရာသုတမင်းညိုက ပြောပြသည်။

**တိမ်တမန်**



# ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်မှုများပြား၍ တောင်သမန်အင်းအတွင်း၌ငှက်လှေအငှားလိုက်သူများ အဆင်ပြေ

**အမရပူရ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်းသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားလျက်ရှိသောကြောင့် ငှက်လှေအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဦးပိန်တံတားကို ကမ္ဘာလှည့်ခရီးသွားတွေ ယခုနိုဝင်ဘာလဆန်းပိုင်းမှ စတင်ကာ သိသိသာသာ များပြားလာပါတယ်၊ ပြီးခဲ့တဲ့ တန်ဆောင်မုန်းလပြည့်နေ့ကတော့ ပြည်တွင်းပြည်ပခရီးသွားတွေ တိုးမပေါက်အောင် စည်ကားခဲ့ပါတယ်၊ စက်လှေငှားရမ်းခက ပြည်တွင်းခရီးသွားတွေကို တစ်စီးလျှင် ငွေကျပ် ၈၀၀၀ နှုန်းဖြင့်ပေးပို့ပြီး ပြည်ပ ခရီးသွားဆိုရင်တော့ တစ်စီးကို ငွေကျပ် ၁၅၀၀၀ ပါ၊ ပြည်တွင်းခရီးသွားနဲ့ ပြည်ပခရီးသွား ဘာကွာသလဲဆိုတော့ ပြည်တွင်းခရီးသွားတွေက အင်းတစ်ပတ်ပို့ပေးရင်ပြီးသွားပြီး ပြည်ပခရီးသွားတွေက ညနေ နေဝင်ဆည်းဆာကြည့်ချင်တော့ နေဝင်တဲ့အထိ အင်းထဲမှာ လှည့်လည် ပို့ဆောင်ပေးရတယ်၊ ဒါတောင်တချို့ နိုင်ငံခြားသားတွေက နေဝင်ပြီးတာတောင် မပြန်ချင်သေးဘူး၊ တောင်သမန်အင်းမှာ ငှက်လှေအငှားလိုက်တာ အစီး ၁၀၀ ကျော်ရှိတယ်၊ ယခုလဆန်းပိုင်းကနေစပြီး ညနေပိုင်းဆို ငှက်လှေ အကုန်လုံး အငှားလိုက်ရတယ်၊ လောက်တောင်မလောက်ဘူး၊ ပြီးခဲ့တဲ့ လကတော့ တစ်ရက်ကို အစီး ၆၀ ကျော် လောက်ပဲလိုက်ရတာ၊ ဒီလထဲမှာ သိသိသာသာကောင်းလာပါတယ်" ဟု တောင်သမန်အင်း၌ ငှက်လှေအငှားလိုက်သူတစ်ဦးက ပြောပြသည်။

ပြည်ပခရီးသွား ငှက်လှေစီးသူအများစုမှာ ကြိုတင်စနစ် ငှားရမ်းကြပြီး Package Tour အများစု Sunset ကြည့်ရန် ငှက်လှေစီးကြကြောင်း၊ ယခုရက်ပိုင်း ဦးပိန်တံတားသို့ ကမ္ဘာလှည့်ခရီးသွား လာရောက်မှုများပြား၍ ငှက်လှေအငှားလိုက်သူများ အဆင်ပြေလျက်ကြောင်း သိရသည်။

ကမ္ဘာကျော်ဦးပိန်တံတားနှင့် တောင်သမန်အင်းသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ ငှက်လှေအငှားလိုက်သူများအနေဖြင့် ပြီးခဲ့သည့်လက ပုံမှန်ထက် ငှက်လှေငှားရမ်းမှု နည်းပါးခဲ့သော်လည်း ယခုလဆန်းမှ စတင်ကာ ငှက်လှေများ ငှားမလောက်ဖြစ်နေသောကြောင့် ငှက်လှေအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မန္တလေး မနော်ရမ္မံ ပြည်သူ့ရင်ပြင်တွင်ဘန်ကောက်စတိုင် ညဈေးဖွင့်

**မဟာအောင်မြေ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားရှိ မနော်ရမ္မံ ပြည်သူ့ရင်ပြင်တွင် နိုဝင်ဘာ ၃ ရက် မှ ၅ ရက်အထိ ဘန်ကောက်စတိုင် ညဈေးကို ဆိုင်ခန်း ၁၀၀ ခန့်ဖြင့် ဖွင့်လှစ်ရာ လာရောက်လေ့လာသူ၊ ဝယ်ယူသူ၊ စားသုံးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ညဈေးကို ထိုင်းနိုင်ငံ မဲဆောက်၊ ဘန်ကောက်မြို့တို့ရှိ ဆိုင်ခန်းပုံစံအတိုင်း တည်ဆောက်ပေးထားပြီး ထိုင်းအစားအစာများ၊ ပင်လယ်စာများ၊ ထိုင်းအကင်မျိုးစုံ၊ ရေညှိထမင်းလိပ်အပါအဝင် စားသောက်ဖွယ်ရာများ၊ ထိုင်းနိုင်ငံရှိ ကုမ္ပဏီများမှ တင်သွင်းရောင်းချသော လူသုံးကုန်၊ အလှကုန်များ၊ အဝတ်အထည်များ၊ ကလေးကစားစရာများ ရောင်းချပေးလျက်ရှိသည်။

ညဈေးသို့ လာရောက်သူများ ကြည့်ရှုနားဆင်နိုင်ရန် Acoustic တေးဂီတအဖွဲ့မှလည်း ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေပေးသည်။ တန်ဆောင်တိုင် မီးထွန်းပွဲနှင့်အတူ အမှတ်တရဓာတ်ပုံ ရိုက်ကူးနိုင်စေရန် Photo Boothe စီစဉ်ပေးထားရာ ဓာတ်ပုံရိုက်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။ ဘန်ကောက်စတိုင် ညဈေးကို ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်တွင် ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် နိုဝင်ဘာ ၇ ရက်၌ ကျရောက်မည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ(ဒုတိယအကြိမ်)ကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက ဘားအံမြို့ ကန်သာယာကန်အတွင်း စည်ကားသိုက်မြိုက်စွာထည့်သွင်း ကျင်းပကြကြောင်း သိရသည်။



(၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ လှေလှော်ပြိုင်ပွဲဝင်အသင်းများက ယှဉ်ပြိုင်ကြရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံလှေလှော်ဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ရိုးရာလှေလှော်ပြိုင်ပွဲကို အမျိုးသား(၅)တက် လှော်ပြိုင်ပွဲတွင် ၂၅ သင်း၊ အမျိုးသား (၃) တက် လှော်ပြိုင်ပွဲတွင် ၂၃ သင်း၊ အမျိုးသမီး(၅)တက် လှော်နှင့် (၃)တက်လှော်ပြိုင်ပွဲများတွင် ငါးသင်းစီရှိသည်။ ပြိုင်ပွဲဝင်အသင်း သုံးသင်းစီ ယှဉ်ပြိုင်ကြစေသည်။ ပန်းဝင်အသင်း နှစ်သင်းကို ရွေးချယ်ကာ ဒုတိယအကြိမ်ဆက်လက်ယှဉ်ပြိုင်စေကာ စံချိန်အကောင်းဆုံးအသင်းအား ထပ်မံရွေးချယ်၍ နိုဝင်ဘာ ၇ ရက်တွင် ဗိုလ်လုပွဲစဉ်အား ယှဉ်ပြိုင်စေကာ ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လှေလှော်ပြိုင်ပွဲကို ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်တွင် ရိုးရာယဉ်ကျေးမှုကို ထိမ်းသိမ်းသည့်အနေဖြင့် ဒုတိယအကြိမ် ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ဘားအံမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများမှ အသင်းများ၊ ဌာနဆိုင်ရာအသင်းများ၊ ဝါသနာရှင်ကိုယ်စားပြုအသင်းများသည် နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ သုံးရက်တိုင် ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**

# ဒီဇင်ဘာ ပိတ်ရက်များအတွက် ချောင်းသာကမ်းခြေဟိုတယ်များ ကြိုတင်ဘိုကင်များ ပြည့်နှက်နေပြီး မူလထက် ဈေးနှုန်းမြင့်တက်

**ရန်ကုန် နိုဝင်ဘာ ၅**

လာမည့် ဒီဇင်ဘာလအတွင်း ပိတ်ရက်များတွင် ကမ်းခြေအပန်းဖြေခရီးသွားရန် ကြိုတင်ဘိုကင် ယူထားသူများနှင့် အခန်းများ ပြည့်နှက်နေပြီး အခန်းခများမှာ မူလထက် ဈေးနှုန်းမြင့်တက်သွားကြောင်း ပြည်တွင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် ကမ်းခြေဟိုတယ်များ ပိုင်ရှင်ထံမှ သိရသည်။

ပွင့်လင်းရာသီ ခရီးသွားကာလဖြစ်သည့်အပြင် ယခု နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း အစိုးရ၏ တရားဝင်ရုံးပိတ်ရက်များ ဆက်တိုက်ကြုံကြိုက်နေသောကြောင့် ကမ်းခြေ အပန်းဖြေခရီးစဉ်များတွင် ကြိုတင်ဘိုကင်များနှင့် ပြည့်နှက်နေကြောင်း ချောင်းသာကမ်းခြေ အပန်းဖြေဟိုတယ်များမှ စုံစမ်းသိရှိရသည်။

"နိုဝင်ဘာ၊ ဒီဇင်ဘာ ပိတ်ရက်ဆက်တိုက် ပိတ်တာတွေများတယ်၊ ဒီဇင်ဘာ သုံးရက်ပိတ်မှာ ချောင်းသာသွားဖို့အတွက် အောက်တိုဘာလကုန်ကတည်းက ဘိုကင်လုပ်ထားရတယ်၊ ဒါတောင် အခန်းခတွေက အောက်တိုဘာလမကုန်ခင်တုန်းက မေးတော့ ဈေးကတစ်မျိုး၊ အခု အဲဒီအချိန် ရာသီဈေးမို့ဆိုပြီး ဈေးကတက်သွားတယ်၊ အရင်မေးတုန်းက ကျပ် ၆၀၀၀၀၊ ၇၀၀၀၀ အခန်းတွေက ကျပ် ၉၀၀၀၀၊ တစ်သိန်းဖြစ်သွားတယ်၊ ဒါတောင် အခန်းဘိုကင်ယူပြီးတာနဲ့ ၅၀ ရာခိုင်နှုန်း စရန်ပေးရတယ်၊ အရင်ကတော့ သင်္ကြန်ကာလ ကမ်းခြေခရီးသွားရင် Package ရက်အလိုက် အခန်းခကို အပြီးချေထားရတယ်၊ အခုကတော့ ခရီးသွားရာသီမို့ဆိုပြီး စရန်တစ်ဝက်ကို ပေးထားရတယ်၊ အခန်းခတွေတင် မဟုတ်ဘူး၊ ရန်ကုန်-ချောင်းသာ Express ဈေးက အရင်က တစ်ယောက်ကျပ် ၁၅၀၀၀၊ အခု ဒီဇင်ဘာကာလကို ကျပ် ၂၀၀၀၀ ဖြစ်သွားတယ်"ဟု အပန်းဖြေခရီးသွားရန် ကြိုတင်စီစဉ်နေသည့် ရန်ကုန်မြို့ခံတစ်ဦးက ပြောသည်။

ချောင်းသာကမ်းခြေ ဟိုတယ်ခနှုန်းထားများ ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ငွေဆောင်ကမ်းခြေ ဟိုတယ်ခဈေးနှုန်းများမှာ ပုံမှန်အတိုင်းသာဖြစ်ပြီး အချို့ ဟိုတယ်များမှာ အရောင်းမြှင့်တင်ရေး အစီအစဉ်များဖြင့် ဈေးနှုန်းလျှော့ချပေးမှုများရှိကြောင်း သိရသည်။ သို့ရာတွင် ပြည်တွင်းခရီးသွားအများစုမှာ အစားအသောက်လွယ်ကူပေါများသည့် ချောင်းသာကမ်းခြေကို သွားရောက်မှု ပိုမိုများပြားပြီး ပြည်ပခရီးသွားများအနေဖြင့် ငွေဆောင်ကမ်းခြေ၊ ငပလီကမ်းခြေတို့ကို ပိုမိုကြိုက်နှစ်သက်ကြကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများမှ သိရသည်။

ယခုနှစ် ပွင့်လင်းရာသီတွင် ပိတ်ရက်များ ဆက်တိုက်ရှိလာခြင်းနှင့်အတူ ပြည်တွင်းခရီးသွားကဏ္ဍ အထူးဖွံ့ဖြိုးလာပြီး အထူးသဖြင့် ဒီဇင်ဘာကာလတွင် ကမ်းခြေခရီးသွားသူ ပိုမိုများပြားသောကြောင့် ချောင်းသာကမ်းခြေဟိုတယ်များ ကြိုတင်ဘိုကင်များနှင့် ပြည့်နှက်နေသည့်အပြင် ဈေးနှုန်းများလည်း မြင့်တက်သွားခြင်းဖြစ်သည်။

**(၀၀၁)**



ခရမ်းမြို့နယ် ကမာမတ်ရဲကင်းစခန်းမှူး ရဲအုပ်လှထွန်းသည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ၂ နာရီက ကျုံးကျုံးကျကျေးရွာအုပ်စု ကမာပတောကျေးရွာ စာသင်ကျောင်း၌ သက်ငယ်မုဒိမ်းပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရာ ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၆၈၉)**

# တောင်သူလယ်သမားအသက်အာမခံလုပ်ငန်းရှင်းလင်းဆွေးနွေး

**တိုက်ကြီး နိုဝင်ဘာ ၅**

မြန်မာ့အာမခံလုပ်ငန်းသည် တောင်သူလယ်သမား အသက်အာမခံလုပ်ငန်းအား ပိုမိုသိရှိစေရန်ရည်ရွယ်၍ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာလအတွင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း မန်နေဂျာဦးကျော်မျိုးဆွေက တောင်သူလယ်သမား အသက်အာမခံလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းစဉ်အသေးစိတ်နှင့် အာမခံထားရှိခြင်း ရရှိနိုင်မည့် အကျိုးခံစားခွင့်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်၊ တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ ဥက္ကဌနှင့် အမှုဆောင်များ၊ အခြေခံသမဝါယမအသင်းများ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**

# ရုရှားနည်းပညာကုမ္ပဏီတစ်ခုမှ iPhone X များကို ပြန်လည်ပြုပြင်၍ ဒေါ်လာ ၄၇၀၀ ကျော်တန်ဖိုးဖြင့် ရောင်းချ

နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ကမ္ဘာတစ်ဝန်းတွင် စတင်ရောင်းချပေးခဲ့သော နာမည်ကျော် iPhone X မှာ တရားဝင် ဈေးကွက်အတွင်းသို့ မရောက်မီကပင် စိတ်ဝင်စားမှုခံခဲ့ရပြီး စတင်ရောင်းချသည့်အချိန်တွင် မှောင်ခိုဈေးကွက်များ၊ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ်စကိုတွင် iPhone X အလုံး ၃၁၀ ကျော် ခိုးယူခံရမှုများနှင့် ဝယ်ယူရန်တန်းစီ စောင့်ဆိုင်းသောနေရာများကို တစ်ဆင့်ပြန်လည်ရောင်းချမှုများနှင့် အချို့က ကိုယ်တိုင်သုံးစွဲရန်မဟုတ်ဘဲ ကိုယ်စားဝယ်ယူပေးကာ ဝန်ဆောင်ခပြန်လည်ရယူမှုများ စသည့် သတင်းများစွာသည် မိုဘိုင်းဈေးကွက်သတင်းများတွင် ပျံ့နှံ့လျက် ရှိနေသည်။




နာမည်ကျော်မိုဘိုင်းဖုန်းများကို ပြန်လည်ပြင်ဆင်ကာ စိန်၊ ရွှေများနှင့်အလှဆင်ပြီး ပြန်လည်ရောင်းချပေးသည့် ကုမ္ပဏီ တစ်ခုဖြစ်သော ရုရှားနိုင်ငံအခြေစိုက် Caviar က အသစ်ထွက် iPhone X များကို ရွှေနှင့် တိုက်တေနီယမ်သတ္တုတို့ အသုံးပြုကာ ဆိုလာအားသွင်းစနစ်ကို တပ်ဆင်ဖန်တီးပြီး အမြင့်ဆုံးတန်ဖိုး အမေရိကန်ဒေါ်လာ ၄၇၀၀ ကျော်ဖြင့် ရောင်းချပေးလိုက်ပြီဖြစ်သည်။

၎င်းပြန်လည်ပြုပြင်ထားသောဖုန်းကို iPhone X Tesla ဟုအမည်ပေးထားကာ ဖုန်း၏ကိုယ်ထည်အနောက်ဘက်တွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာတပ်ဆင်ပေးထားပြီး ကိုယ်ထည်ကို PVD Coating ဖြင့် ကာရံထားပေးသောကြောင့် တုန်ခါမှုဒဏ်ကို ခံနိုင်ရည်ရှိမည်ဟု သိရသည်။ ထို့အပြင် မူလကိုယ်ထည်ကို တိုက်တေနီယမ်သတ္တုဖြင့် လဲလှယ်တပ်ဆင်ပေးထားပြီး ကင်မရာနှင့်ဘေးပေါင်များတွင် ၂၄ ကာရက်ရှိသော ရွှေဖြင့်အနားကွပ် ဖန်တီးပေးထားကာ ဖုန်း၏ ကျောဘက်တွင် ရွှေပြားတစ်ခုတပ်ဆင်၍ ၎င်းအပေါ်တွင် ကုမ္ပဏီ၏နာမည်နှင့် အမှတ်တံဆိပ်ရေးထိုးပေးထားသည်။ အနိမ့်ဆုံးတန်ဖိုး ဒေါ်လာ ၄၅၀၀ နှင့် အမြင့်ဆုံးတန်ဖိုး ဒေါ်လာ ၄၇၀၀ ဝန်းကျင်တွင် ဝယ်ယူရရှိနိုင်ပြီး အဆိုပါ ကုမ္ပဏီသည် ယခင်ကလည်း နာမည်ကျော်မိုဘိုင်းဖုန်းများကို ယခုကဲ့သို့ပြန်လည်ပြုပြင်ကာ ရောင်းချမှုများရှိခဲ့ကြောင်း သိရသည်။

ALEX

# Oppo မှ အဆင့်မြှင့်ထားသော နည်းပညာများပါဝင်သည့် R11s ကိုတရားဝင်မိတ်ဆက်

အာရှဈေးကွက်သို့ ကင်မရာပိုင်းကောင်းမွန်မှုဖြင့် ထိုးဖောက်ဝင်ရောက်လာသော Oppo အမှတ်တံဆိပ်စမတ်ဖုန်းသည် Selfie ဝါသနာရှင်များအကြား ရေပန်းစားခဲ့ပြီး ၂၀၁၇ ခုနှစ်နောက်ပိုင်း စမတ်ဖုန်းဈေးကွက်အတွင်း ပြိုင်ဆိုင်မှုပြင်းထန်လာသောကာလတွင် ခေတ္တငြိမ်သက်နေရာမှ ယခုအခါ အဆင့်မြှင့်တင်ထားသည့် နည်းပညာများနှင့် ဒီဇိုင်းနှင့် ကင်မရာပိုင်း ထူးခြားချက်များပါဝင်သော Oppo R11s အမျိုးအစားစမတ်ဖုန်းကို တရုတ်နိုင်ငံတွင် တရားဝင်မိတ်ဆက် ပေးလိုက်ပြီဖြစ်သည်။

မျက်နှာပြင်အကျယ် ခြောက်လက်မနှင့် ဖုန်းတစ်ခုလုံးကို Corning Gorilla Glass 5 ဖြင့် ဖုန်းမျက်နှာပြင်ကို ကာကွယ်ပေးထားကာ အောက်တိုဘာလ နောက်ပိုင်းထွက်ရှိလာသော စမတ်ဖုန်းများကဲ့သို့ပင် မျက်နှာပြင်အပြည့်နီးပါး FHD ပါဝင်သည်။ Face Unlock စနစ်ပါဝင်လာပြီး အသိဉာဏ်တုနည်းပညာ AI စနစ်အချို့လည်း ထည့်သွင်းပေးထားကာ Oppo စမတ်ဖုန်းသုံးစွဲသူများအတွက် ယခင်စမတ်ဖုန်းများ၏ အားနည်းချက်များကို ပြန်လည်ပြုပြင်ပေးထားပြီး ဖျော်ဖြေရေးဆိုင်ရာနည်းပညာများ အဆင့်မြှင့်ပေးထားသည်ဟု သိရသည်။

Qcta-Core Qualcomm MSM8956 Plus Snapdragon 660 ပရိုဆက်ဆာပါဝင်သောကြောင့် စွမ်းဆောင်ရည်မြင့် စမတ်ဖုန်းအမျိုးအစားဖြစ်ပြီး Android 7.1.1 လည်ပတ်မှုစနစ်နှင့် ရုပ်ထွက်အရည်အသွေးအတွက် Adreno 512 ကို တပ်ဆင်ထည့်သွင်းပေးထားသည်။ RAM ပါဝင်မှု 4 GB အထိရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB ပါဝင်ကာ Micro SD 256 GB အထိ ထပ်မံ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။




ကင်မရာ လုပ်ဆောင်ချက်များက ယခင်ထုတ်လုပ်ပြီး စမတ်ဖုန်းများ ကတည်းကပင် အသုံးပြုသူများအကြိုက်တွေ့စေခဲ့ပြီး ယခုအခါ ကျောဘက်ကင်မရာ 20MP+16MP နှစ်လုံးနှင့် အရှေ့ဘက်ကင်မရာ 16 MP ပါဝင်သောကြောင့် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးမှုအပိုင်းတွင် အခြားအသစ်ထွက် စမတ်ဖုန်းများထက် အရည်အသွေးနိမ့်ကျမှု မရှိနိုင်ဟု သိရသည်။ ဘက်ထရီစနစ် 3200 mAh ပါဝင်ပြီး စပီကာနှင့် နားကြပ်အသုံးပြုမှုများအတွက် အထူးပြုပြင်ပေးထားသောကြောင့် နည်းပညာမြင့် စမတ်ဖုန်းတစ်မျိုးအဖြစ် ဈေးကွက်အတွင်းရောက်ရှိ လာနိုင်ဖွယ်ရှိသည်။ Red, Black, Rose Gold ဟူ၍ အရောင်သုံးမျိုး ထုတ်လုပ်ရောင်းချပေးသွားမည်ဖြစ်ကာ တရုတ်နိုင်ငံဈေးကွက်တွင် ယွမ် ၃၀၀၀ ဝန်းကျင်ဖြင့် စတင်ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

ALEX

# ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြန်ဆန်ထိရောက် အောင်မြင်ရန်မှာ အရေးပါသည့် ဒေတာစင်တာ

**နန္ဒာဝင်း**



**သတင်းအချက်အလက်များကို Data Center များတွင် စုစည်းသိမ်းဆည်းလာကြသည်။**

တစ်ကမ္ဘာလုံးသို့ ဖြန့်ကြက်ဆက်သွယ်ပြီး ကုန်သွယ်မှုပြုနေကြသည့် ယနေ့ခေတ်တွင် နိုင်ငံတကာ၌ ဒေတာစင်တာကို တစ်ဦးနှင့်တစ်ဦး သတင်းအချက်အလက်များ ဖလှယ်ချိတ်ဆက်ပေးသည့် နေရာဆုံမှတ်အဖြစ် အသုံးပြုလာကြသည်။ မိမိတို့ လုပ်ငန်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို မိမိတို့ကိုယ်တိုင် လျှို့ဝှက်စွာသိမ်းဆည်းလေ့ရှိသော မြန်မာနိုင်ငံသားတို့အနေဖြင့် နေ့စဉ်တိုးတက်နေသော နည်းပညာကမ္ဘာနှင့် ထိတွေ့နေသော်လည်း ဒေတာစင်တာ (Data Center) တွင်အချက်အလက်များ သိုမှီးအသုံးပြုသည့်ဗဟုသုတကိုသိရှိသူ နည်းပါးနေသေးသည်။

လုပ်ငန်းတစ်ခု၏ ဘဏ္ဍာငွေစာရင်း၊ လူစွမ်းအားအရင်းအမြစ်၊ ဈေးကွက်ဆိုင်ရာ အချက်အလက်များကို တစ်နေရာတည်းတွင် စုစည်းသိမ်းဆည်း၍ လိုအပ်သည့်နေရာသို့ ချိတ်ဆက် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအဆောက်အအုံများဖြစ်သော ကွန်ပျူတာများ တပ်ဆင်အသုံးပြုခြင်း၊ အချက်အလက်များကို Database ပြုလုပ်ခြင်း၊ လုပ်ငန်းသဘောသဘာဝအလိုက် အသုံးချ Software (Applications) ရေးဆွဲအသုံးပြုခြင်းမှသည် ယင်းအချက်အလက်များကို စုစည်းချိတ်ဆက်အသုံးပြုနိုင်သည့် ဒေတာစင်တာများအထိ အဆင့်ဆင့်လုပ်ဆောင်ဆက်သွယ်ကြရသည်။ ထိုကဲ့သို့ ဆက်သွယ်ချိတ်ဆက်နိုင်ရေးအတွက် ဒေတာစင်တာများသည် အရေးပါသည့် အဓိကနေရာတွင် ပါဝင်လာသည်။

"အခုအချိန်မှာ အင်တာနက်ကို Wireless အပါအဝင် ကွန်ပျူတာ၊ လက်တော့၊ Tablet၊ ဖုန်း၊ နာရီ၊ TV စတဲ့ ကြားခံပစ္စည်းမျိုးစုံနဲ့ အလွယ်တကူ ချိတ်ဆက်အသုံးပြုနိုင်နေပါပြီ၊ ဒီလို အင်တာနက်ချိတ်ဆက်အသုံးပြုဖို့များပြားတဲ့ နည်းလမ်းတွေကြောင့် အများပြည်သူတွေ၊ လုပ်ငန်းရှင်တွေနဲ့ အစိုးရဌာနဆိုင်ရာတွေရဲ့လုပ်ငန်းတွေဟာ ဒစ်ဂျစ်တယ်ပလက်ဖောင်း သို့မဟုတ် အွန်လိုင်းပေါ်မှာ တဖြည်းဖြည်းတိုးတက်များပြားလာတာကို တွေ့မြင်နေရပါတယ်။ ဒီလိုဒစ်ဂျစ်တယ်ဒေတာများလာတဲ့အတွက်လည်း ဒစ်ဂျစ်တယ်ဒေတာတွေ သိုလှောင်သိမ်းဆည်းဖို့ အခြေခံအဆောက်အအုံလိုအပ်ပါတယ်၊ ဒီအခြေခံအဆောက်အအုံကို ဒေတာစင်တာလို့ခေါ်ပါတယ်" ဟု မြန်မာနိုင်ငံတွင်တစ်ခုတည်းသော Tier III အဆင့်ရှိ ဒေတာစင်တာတည်ထောင်ထားသည့် ဦးစည်သူမိုးမြင့်က အမိပွါယ်ဖွင့်ဆိုသည်။

**နည်းပညာတိုးတက်လာမှုနှင့်** e - Government

တိုးတက်လာသော ICT နည်းပညာများကိုအသုံးချ၍ နိုင်ငံတစ်နိုင်ငံတွင် ပွင့်လင်းမြင်သာသည့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရေး၊ အစိုးရအဖွဲ့အစည်းများ ခေတ်မီရေးအတွက် အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်မှာ e - Government ဖော်ဆောင်နိုင်ရေးပင်ဖြစ်သည်။

"မြန်မာနိုင်ငံမှာ အရင်က အရောင်းအဝယ်လုပ်ငန်းတွေနဲ့ စားသောက်ဆိုင်တွေမှာ အများအားဖြင့် ငွေသားနဲ့ပေးချေကြပါတယ်၊ အခုဆိုရင် မြို့ကြီးတွေမှာ Credit ကတ်တွေကိုကျော်လွန်ပြီး မိုဘိုင်းလ်ဘဏ်စနစ်ကိုအသုံးပြုပြီး ငွေပေးချေနေတာတွေကို တွေ့မြင်နေရပါတယ်။ နောက်ပြီး အစိုးရအပိုင်းကိုကြည့်မယ်ဆိုရင် စာရွက်စာတမ်းတွေနဲ့ အချက်အလက်တွေကို သိမ်းဆည်းတဲ့ စနစ်ကနေ ဒစ်ဂျစ်တယ်နည်းပညာနဲ့ သိမ်းဆည်းနိုင်ဖို့ e - Government နဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နေကြပြီဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်သုံးသပ်ပြသည်။

**မရှိမဖြစ်လိုအပ်လာသည့် ဒေတာစင်တာ** (Data Center)

ကုမ္ပဏီများ၊ ဘဏ်များ၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏အချက်အလက်များကို ထိန်းသိမ်းထားသော Server အခန်းများကို Data Center ဟုခေါ်ဆိုကြပြီး ၎င်း Data Center များတွင် သီးသန့်ဝန်ဆောင်မှုများဖြစ်သည့် Facility၊ Security နှင့် Network Performance တို့အပြင်၊ Server များကို ၂၄ နာရီပတ်လုံး မပြတ်စောင့်ကြည့်မောင်းနှင်နေသည့် Network Operating Center များပါဝင်သည်။

ထို့အပြင် e-Government စနစ်၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ဌာနတစ်ခုနှင့်တစ်ခု အွန်လိုင်းချိတ်ဆက်အသုံးပြုနိုင်ရန် အခြေခံအဆောက်အအုံများသာမက ICT Hardware နှင့် Data Center သည် မရှိမဖြစ်လိုအပ်သည်။ ထို့ကဲ့သို့သော အကြောင်းအရာများကြောင့် ဒေတာစင်တာ (Data Center) များသည် e-Government အပါအဝင် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းနေရာတွင် ရပ်တည်လျက်ရှိသည်။

"e - Government စနစ်ကို အကောင်အထည်ဖော်ပြီးသွားတဲ့အချိန်မှာ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းတွေက အွန်လိုင်းအင်တာနက်ကို အသုံးပြုသွားရတော့မှာပါ။ ဥပမာ မြန်မာနိုင်ငံက MACCS Project ဆိုရင် တင်ပို့မယ့် ကုန်တွေကို Customer တွေ အကုန်လုံးက အွန်လိုင်းကနေ Service ပေးတယ်၊ လိုင်စင်ခွင့်ပြုမှုတွေဆိုရင်လည်း အွန်လိုင်းကနေပဲ ဝန်ဆောင်မှုပေးတာ၊ အများပြည်သူကို အစိုးရက e Service လိုမျိုးတွေ ပေးတယ်ဆိုရင်လည်း ဒီ System ကို လည်ပတ်နေတဲ့ အက်ပလီကေးရှင်းတွေသည် လုံးဝကွန်နက်ရှင်ကောင်းနေဖို့၊ လိုင်းမကျသွားဖို့ အရေးကြီးပါတယ်၊ Customer က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ပြိုင်နက်တည်း ဝင်ရောက် အသုံးပြုနေတဲ့အတွက် ချိတ်ဆက်ပေးတဲ့ Network ပိုင်းဆိုင်ရာ ကဏ္ဍကလည်း အလျင်အမြန်ဖြည့် ဆည်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ အဲလိုမျိုးလုပ်ငန်းတွေ ဆိုရင် ဒေတာစင်တာက မရှိမဖြစ်လိုအပ်ပါတယ်" ဟု နည်းပညာကျွမ်းကျင်ပညာရှင်တစ်ဦးက ဆိုသည်။

၁၉၉၀ ခုနှစ် ဝန်းကျင်က စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ အချက်အလက်များကို သိမ်းဆည်းရန် ကိုယ်ပိုင်ဒေတာစင်တာများ တည်ဆောက်ခဲ့ကြသည်။ မိမိတို့အချက်အလက်များကို မိမိတို့ကိုယ်တိုင်သိမ်းဆည်းခြင်းဖြင့်၊ လုံခြုံစိတ်ချရသည်ဆိုသည့် ယူဆမှုများကြောင့်လည်း ဖြစ်သည်။ နည်းပညာကဏ္ဍမဖွံ့ဖြိုးသေးသည့် အချိန်တွင် ကိုယ်ပိုင် Server Room နှင့် ထားခြင်းသည် မှန်သော်လည်း၊ မိုဘိုင်းနည်းပညာနှင့် အင်တာနက်ဆိုင်ရာ နည်းပညာများ တစ်ဆင့်ချင်း ဖွံ့ဖြိုးတိုးတက်မှုတိုင်းတွင် ချိတ်ဆက်မှု ကွန်နက်ရှင်များလိုအပ်လာသည်။ ပြောင်းလဲလာသည့် နည်းပညာအရ လျင်မြန်စွာ စီးဆင်းမှုများ လိုအပ်လာသည့်အတွက် ကွန်နက်ရှင်တစ်ခုတည်းသာ ချိတ်ဆက်နိုင်သည့် မိမိတို့ကိုယ်ပိုင် ဒေတာစင်တာများထက် ကွန်နက်ရှင်များစွာ ချိတ်ဆက်ထားသည့် ဒေတာစင်တာများ၌ ထားရှိအသုံးပြုရန် လိုအပ်လာသည်။

**ဒေတာစင်တာ သုံးစွဲရန်လိုအပ်သည့် အဖွဲ့အစည်းများ**

သတင်းအချက်အလက် လုံခြုံစိတ်ချမှုရှိစေရန် အထူးလိုအပ်သည့် အစိုးရဝန်ကြီးဌာနများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့များနှင့်ချိတ်ဆက်လုပ်ကိုင်နေသည့် လုပ်ငန်းများ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တင်ရသည့် အဖွဲ့အစည်းများသည် ဒေသတွင်း သာမက နိုင်ငံတကာနှင့် ကွန်နက်ရှင်ချိတ်ဆက်ရန် သီးခြားရပ်တည်ကာ သတင်းအချက်အလက်များ၊ ဒေတာများ သိမ်းဆည်းထားနိုင်မည့် Data Center များတွင် စုစည်းသိမ်းဆည်းလာကြသည်။

အသေးစားလုပ်ငန်းများမှ ကော်ပိုရေးရှင်းအသွင် စီးပွားရေးလုပ်ငန်းကြီးများ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများသည် တစ်ခုနှင့် တစ်ခု ဆက်သွယ်ဆောင်ရွက်နိုင်ရန် အင်တာနက်လိုင်းများပေးနိုင်သည့် Internet Exchange Provider _ IXP နှင့် Internet Service Provider _ ISP များလိုအပ်လာသည်။

ဒေတာစင်တာကို အသုံးပြုလာမှု တွင်ကျယ်လာပုံနှင့် ပတ်သက်၍ "အင်တာနက်လိုင်းတွေကို ပေးနေတဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေ ဥပမာ - စင်ကာပူ Telecom၊ မလေးရှား Telecom လို ဆက်သွယ်ရေးလုပ်ငန်းတွေကလည်း အများအသုံးပြုတဲ့ (Common) ဒေတာစင်တာတွေတစ်နေရာတည်းမှာ စုစည်းပြီးထားနေကြပြီဖြစ်ပါတယ်"ဟု နည်းပညာကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောသည်။

**ရရှိလာမည့် အကျိုးကျေးဇူး**

ဒေတာစင်တာတစ်ခုကိုအသုံးပြုခြင်းဖြင့် ဆက်သွယ်ရေးလုပ်ငန်း (Telecommunications Carrier) အချင်းချင်းဆက်သွယ်နိုင်ခြင်း၊ ကွန်နက်ရှင်ပေါင်းများစွာဖြင့် အလွယ်တကူချိတ်ဆက်ဆောင်ရွက်နိုင်သည့် (Link Redundancy) ရှိသည့်အတွက် မိမိနှင့် အဆင်ပြေမည့် ကွန်နက်ရှင်ကို ရွေးချယ်နိုင်ခြင်း၊ Data များပျက်စီးဆုံးရှုံးမှုမရှိစေရန် ကာကွယ်ပေးထားသော Facilities များကို အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

"အရင်တုန်းက IXP / ISP လို တွေကပဲ ဒေတာစင်တာမှာထားတယ်၊ Enterprise လို လုပ်ငန်းတွေက ကိုယ့်ကွန်ပျူတာခန်းမှာပဲထားကြတယ်၊ ဒေတာစင်တာမှာ မထားဘူး၊ ဒါပေမယ့် အကျိုးသက်ရောက်မှုတွေများလာတဲ့အခါ ဒေတာစင်တာတွေမှာ ထားလာကြတယ်၊ ဘာကြောင့်လဲ ဆိုတော့ Connectivity ပိုင်းနဲ့ Facility ပိုင်းကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ခက်ခဲမှုတွေရှိလာသလို ပါဝါမီးအားတွေ အခက်အခဲရှိလာပါတယ်၊ တည်ဆောက်တာက လူတိုင်း တည်ဆောက်နိုင်တယ်၊ ဒါပေမယ့် Operate လုပ်ဖို့က ကုန်ကျစရိတ်က ကြီးမားတယ်၊ ဥပမာ- ကုမ္ပဏီတစ်ခုအနေနဲ့ Rack တစ်လုံးစာငှားရမ်းသုံးစွဲလိုက်တာက ငှားရမ်းခပဲ ကုန်တယ်၊ ကိုယ်ဆက်ပြီးတိုးချဲ့သုံးမယ်ဆိုရင်လည်း တိုးချဲ့စရိတ်ပဲကုန်တယ်၊ ကိုယ်ပိုင်တည်ဆောက်မယ်ဆိုရင်တော့ အဲကွန်းတွေတပ်ပြီး ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်၊ လျှပ်စစ်ဓာတ်အားခစရိတ်၊ Maintenance နဲ့ Operations အတွက်အသုံးပြုမယ့် လူအင်အားကုန်ကျစရိတ်တွေရှိလာမယ်၊ အဲဒီလိုအချက်တွေကြောင့် ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေမှာ ဘယ်သူမှ ကိုယ်ပိုင်ဒေတာစင်တာမဆောက်ကြတော့ဘူး၊ ရှိပြီးသား ဒေတာစင်တာမှာပဲ သွားထားကြတယ်" ဟု General Manager ဦးသိန်းစိုးထိုက်က ပြောသည်။

Data Center **အဆင့်အတန်းသတ်မှတ်ချက်များ**

Data Center များကိုအမေရိကန်နိုင်ငံအခြေစိုက် ဒေတာစင်တာ အကဲဖြတ်ဆန်းစစ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Uptime Institute က ဒေတာစင်တာတစ်ခု၏ ဒီဇိုင်းပေါ်မူတည်၍ Tier I၊ Tier II၊ Tier III နှင့် Tier IV ဟူ၍ အဆင့်အတန်းလေးခု သတ်မှတ်သည်။

"ဒေတာစင်တာတစ်ခုကို တည်ဆောက်ပြီးသွားရင် ကမ္ဘာ့အဆင့်မီဖို့ စစ်ဆေးဆန်းစစ်တဲ့ (Third Party) လို အဖွဲ့အစည်းတွေရှိပါတယ်၊ ဒီအဖွဲ့တွေကို ဖိတ်ရတယ်၊ ဖိတ်ပြီး (Safety) ဘေးကင်းရေး၊ (Security) လုံခြုံစိတ်ချရရေး၊ (Reliable) ပိုင်းတွေကို စစ်ဆေးတယ်၊ ကမ္ဘာ့အဆင့်မီတော့မှ ဒေတာစင်တာကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာ ဖြစ်ပါတယ်၊ အဆင့်အတန်းလေးခု သတ်မှတ်ပါတယ်၊ အကောင်းဆုံးကတော့ (Tier III ) အဆင့်အတန်း ၃ နဲ့ (Tier IV) အဆင့်အတန်း၄ ပဲ ဖြစ်ပါတယ်၊ ဥပမာ ဒေတာစင်တာတစ်ခုက (Tier III ) နဲ့ (Tier IV) ကို မှီခိုနိုင်တယ်ဆိုရင် ပြင်ပလုပ်ငန်းရှင်တွေရဲ့ ဒေတာအချက်အလက်တွေ၊ ဘဏ်တွေရဲ့ ဒေတာတွေ၊ ကတ်တွေနဲ့ ငွေပေးချေမှုစနစ်တွေကို ဝန်ဆောင်မှုပေးနေတဲ့လုပ်ငန်းတွေ၊ အစိုးရ ၊ စတော့ဈေးကွက်၊ ပြည်သူတွေရဲ့ Personal ဆိုင်ရာ ဒေတာတွေကိုလည်း သိုလှောင်သိမ်းဆည်းလို့ရပါတယ်" ဟု နည်းပညာကျွမ်းကျင်ပညာရှင်တစ်ဦးက ဆိုသည်။

ဆက်လက်ဖော်ပြပါမည်။

> "ဒေတာစင်တာတစ်ခုကိုအသုံးပြုခြင်းဖြင့် ဆက်သွယ်ရေးလုပ်ငန်း (Telecommunications Carrier) အချင်းချင်းဆက်သွယ်နိုင်ခြင်း၊ ကွန်နက်ရှင်ပေါင်းများစွာဖြင့် အလွယ်တကူချိတ်ဆက်ဆောင်ရွက်နိုင်သည့် (Link Redundancy) ရှိသည့်အတွက် . . ."

# နိုင်ငံ၊ ပြည်သူ့ သဒ္ဓါကြည်ဖြူ စေတနာပြဋ္ဌာန်း အနာဂတ်အလင်းတန်း

သက်ငွေး

Facebook လူမှုကွန်ရက်စာမျက်နှာများမှာ ယနေ့အချိန်အခါတွင် လူထုကြား၌ အထိရောက်ဆုံး၊ အပျံ့နှံ့ဆုံး အသုံးပြုကြသည့် လူမှုကွန်ရက်တစ်ခုဆိုလျှင် မှားမည်မထင်။ သုံးစွဲကြသည့် လူတစ်ဦးချင်းစီ၏ အသုံးချမှုအပေါ်၊ တွေးခေါ်မြော်မြင်နိုင်မှုအပေါ်၊ ခံယူချက်တို့အပေါ် မူတည်၍ အကြောင်းအရာမျိုးစုံ၊ အယူအဆမျိုးစုံတို့ကို ပုံစံမျိုးစုံဖြင့် ရှုမြင်ကြရသည်မှာ မြင်တတ်ကြည့်တတ်လျှင် ဗဟုသုတရစရာ၊ သင်ခန်းစာယူဖွယ်ရာ၊ သံဝေဂရစရာ၊ ကြည်နူးစရာ၊ မုဒိတာပွားစရာ၊ သာဓုခေါ်စရာ စသည်ဖြင့် အမျိုးမျိုးအဖုံဖုံသော ခံစားမှုရသတို့ဖြင့် ပြည့်လျှမ်းနေပေသည်။

## ရှမ်းတိုင်းရင်းသူ

လူမှုကွန်ရက်ပေါ်တွင် မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ လတ်တလော မြင်တွေ့ကြားသိရသည်မှာ စိတ်ချမ်းမြေ့ဖွယ်၊ မုဒိတာပွားဖွယ် အလှူဒါနပြုကြသော သတင်းများပင်ဖြစ်သည်။ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ သတင်းများအား စိတ်ဝင်တစားကြည့်ရှုရင်း လူမှုအကျိုးပြုဖောင်ဒေးရှင်းတစ်ခု၏ ကာလတိုအတွင်း လှူဒါန်းမှုအစုစုမှာ အံ့ဘနန်းပင်ဖြစ်သည်။ ထိုလှူဒါန်းမှုအပေါ်ထားရှိသည့် ဖောင်ဒေးရှင်း၏ စိတ်စေတနာမှာ အနှောင်အဖွဲ့မပါ ရိုးရှင်းမှုရှိ၊ မရှိ စေ့ငုကြည့်မိသည်။ လှူဒါန်းမှုအဖုံဖုံတို့ကို လေ့လာဆန်းစစ်ကြည့်မိရာ၌ လေးစားဂုဏ်ယူမှု၊ အားကျအတုယူလိုမှုတို့နှင့် အတူ ပြည်သူတို့ကို အမှန်တကယ်အကျိုးပြုသည့် အသင်းအဖွဲ့များ တိုးတက် ပွားများလာစေလိုရင်း စိတ်ရင်းစေတနာမှန်ဖြင့် ယခုဆောင်းပါးအား တင်ပြလိုက်ခြင်းဖြစ်ပါသည်။

"ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း" (KBZ Bright Future Myanamr Foundation) သည် ယခင်က လူသိမများ၊ မထင်ပေါ်၊ မကျော်ကြား၊ နာမည်မကြီးသည့် လူမှုအကျိုးပြုဖောင်ဒေးရှင်းအဖြစ်မို့ စာရေးသူပင် အမှုမဲ့အမှတ်မဲ့ပင်။ တကယ်တမ်းတွင် ဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌဆိုသူမှာ အသက် (၃၀) ဝန်းကျင်ခန့် အရွယ်ရှိသည့် ရှမ်းတိုင်းရင်းသူလုပ်ငန်းရှင်တစ်ဦးက ထူးခြားသော အလှူဒါနများပြုသည်ကို သိရှိရသောအခါ အထူးပင် လေးစားဂုဏ်ယူမိပါသည်။

ယနေ့ကာလတွင် စာရေးသူအပါအဝင် နိုင်ငံသူနိုင်ငံသားအားလုံး စိတ်ဝင်တစားရှိနေကြသည့် ရခိုင်ပြည်နယ်အရေးကိစ္စများတွင် အဆိုပါဖောင်ဒေးရှင်းအနေဖြင့် မည်သို့ပါဝင်ခဲ့သည်ကို ဖြန့်ကြက်လေ့လာသောအခါ ကျဆုံး/ဒဏ်ရာရ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လဝကဝန်ထမ်းများအတွက် ၂၆-၈-၂၀၁၇ ရက်က ငွေကျပ် သိန်း ၄၇၀၊ ၁၀-၉-၂၀၁၇ ရက်က နယ်စပ်ခြံစည်းရိုးကာနိုင်ရေးအတွက် ငွေကျပ် သိန်း ၃၁၆၉၀၊ ၁၂-၉-၂၀၁၇ ရက်က ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ် သိန်း ၃၀၀၀၀ လှူဒါန်းခဲ့ပြီး စုစုပေါင်းလှူဒါန်းမှုပမာဏမှာ ငွေကျပ် သိန်း ၆၅၁၆၀တို့ကို ၂၆-၈-၂၀၁၇ ရက်မှ ၁၉-၁၀-၂၀၁၇ ရက်အထိ နှစ်လမပြည့်သော အချိန်ကာလအတွင်း လှူဒါန်းခဲ့သည်ကို တွေ့ရပါသည်။

## ဖြည့်ဝမ်းဗိုက်

လတ်တလောကာလအတွင်း ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် လှူဒါန်းမှုမှာပင် ဤမျှများပြားလျှင် အခြားအခြားသော လှူဒါန်းမှုများ ရှိနိုင်လိမ့်မည်ဟူသော သိလိုစိတ်ဇောဖြင့် ထိုဖောင်ဒေးရှင်း၏ Facebook စာမျက်နှာအား ဝင်ရောက်ကြည့်ရှုလေ့လာကြည့်မိပြန်ရာ နာဂစ်မုန်တိုင်းဒဏ်ကို ခံစားခဲ့ကြရသည့်ကာလမှ အစပြု၍ လှူဒါန်းထားမှုပမာဏမှာ များပြားလှသဖြင့် ပီတိသောမနဿဖြင့် သာဓုခေါ်မိပါသည်။

မင်းအစိုးရတို့ဟူသည် ပြည်သူ့ဘဏ္ဍာကို ကန့်သတ်ချက်များ၊ စည်းဘောင်များအတွင်းမှ ညှိနှိုင်းချင့်ချိန်၊ တွေးဆ၍ နိုင်ငံနှင့် ပြည်သူအတွက် သုံးစွဲကြရသည်။ မင်းအစိုးရတို့သည် နိုင်ငံနှင့် ပြည်သူအတွက် တွက်ချက်သတ်မှတ်ခွဲဝေသုံးစွဲရသည့် ဘတ်ဂျက်ထက် ပမာဏများစွာ ကျော်လွန်လိုအပ်လာပြီး အရေးကြီး၊ အရေးပေါ် အခြေအနေများနှင့် ကြုံတွေ့လာသည်ရှိသော် "ဖြည့်ဝမ်းဗိုက်"ဟုခေါ်တွင်သော ရှေးဘုရင်များလက်ထက် ပညာရှိများ မိန့်ဆိုသတ်မှတ်ခဲ့သည့် သူဌေး သူကြွယ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများထံမှ အလှူငွေများ လက်ခံရယူခြင်း၊ ပြည့်အင်အားဖြစ်သော ပြည်သူ ပြည်သားများထံမှ အလှူငွေများ လက်ခံရယူခြင်း စသည့် နည်းလမ်းများဖြင့် အရေးပေါ် အရေးကြီး ကိစ္စရပ်များကို အလျင်အမြန် ဆောင်ရွက်ကြရသည့် မင်းအစိုးရတို့၏ သဘောသဘာဝများရှိပါသည်။



ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း ဆည်းဆာရိပ် ဘိုးဘွားရိပ်သာအတွက် အလှူငွေပေးအပ်ပြီး အဘိုး အဘွားများကို နှုတ်ဆက်စကား ပြောကြားစဉ်။

## သဒ္ဓါတရားကွာခြား

ယနေ့ မျက်မှောက်ခေတ်ကာလတွင်လည်း နိုင်ငံတော်အတွက် လိုအပ်ချက်ဖြစ်ပေါ်လာသော နေရာ၊ ဒေသ၊ အခန်းကဏ္ဍတို့တွင် ပြည်သူပြည်သားများ၊ သူဌေးသူကြွယ်၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများက နိုင်ငံချစ်စိတ်ပြည့်ဝစွာဖြင့် ဝန်းရံကြရမည်သာ။ ထိုအခြေအနေမျိုးတွင် မတူကွဲပြားသည့် သဒ္ဓါတရားတို့ကိုလည်း မြင်တွေ့ကြရမည်ဖြစ်သည်။ လှူဒါန်းဖို့အတွက် နှိုးဆော်စရာမလိုဘဲ စဉ်ဆက်မပြတ် လှူဒါန်းနေကြသူများ၊ ဖောင်ဒေးရှင်းများ၊ ပရဟိတအဖွဲ့များရှိသလို လှူဒါန်းဖို့အတွက် နှိုးဆော်မှ လှူဒါန်းကြသူများဟူ၍ တစ်ဦးနှင့် တစ်ဦး စေတနာ၊ သဒ္ဓါတရား ကွာခြားမှုများရှိကြပါသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်းဒေးရှင်း (BFM) သည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စေတနာ၊ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းမှုများဖြင့် စတင်ပေါ်ပေါက်လာခဲ့သည့် ပြည်သူ့အကျိုးပြုအဖွဲ့ဖြစ်သည်။ ပြည်ပတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်နေခဲ့ပြီး ဒုက္ခမျိုးစုံ ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ၊ လူကုန်ကူးခံရသူများ၊ ကျွန်ပြုနှိပ်စက်မှုခံကြရသူများ၊ ပြည်ပနိုင်ငံတွင် ဖိနှိပ်ခံရ၊ အကျဉ်းကျခံကြရသည့် မြန်မာနိုင်ငံသားများအားလုံးကို အမိနိုင်ငံတော်သို့ အခမဲ့ပြန်လည် ခေါ်ဆောင်ပေးခဲ့သည့်အပြင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး နေရပ်ဇာတိသို့ အရောက်ပြန်နိုင်ရန်အတွက်လည်း တစ်ဦးလျှင် ကျပ်တစ်သိန်းစီ လမ်းစရိတ်အဖြစ် ထောက်ပံ့ကူညီပေးခဲ့သည်။ ပြည်ပမှ အကြိမ်ကြိမ် ပြန်လည်ခေါ်ဆောင်ပေးခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု၊ မြေပြိုမှုစသည့် သဘာဝဘေးကို မြန်မာနိုင်ငံ နေရာအနှံ့ ရင်ဆိုင်ကြုံတွေ့ချိန်ကလည်း အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ကြရသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းမှ အင်တိုက်အားတိုက် ကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို ပေးပို့လှူဒါန်းခြင်း၊ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးပမာဏများစွာ လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

ကယားပြည်နယ် မော်ချီးဒေသတွင် မြေပြိုမှုကြောင့် အိုးအိမ်မဲ့ခဲ့ရသည့် ပြည်သူများအတွက် အနာဂတ်အလင်းတန်းရွာ တည်ထောင်ပေးပြီး နေအိမ်၊ စာသင်ကျောင်း၊ စာကြည့်တိုက်၊ လျှပ်စစ်မီးလိုင်း၊ မီတာ၊ ရေလှောင်ကန်နှင့် ရေပိုက်လိုင်းများ အပြည့်အစုံကို လှူဒါန်းပေးခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း မိုးကာလမတိုင်မီ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများသို့ ကျပ်သိန်း ၁၀၀၀ စီဖြင့် ကျပ်သိန်း ၁၄၀၀၀ လှူဒါန်းခဲ့သည်ကို တွေ့ရသည်။

ပညာရေးကဏ္ဍတွင် ငွေကြေးအင်အားနည်းပြီး ပညာရေးထူးချွန်သူများ၊ ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသူများကို ဘွဲ့ရသည်အထိ အခမဲ့ပညာသင်ကြားပေးခဲ့ရာ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူများ၊ မဟာဘွဲ့ရရှိသူများ၊ အင်ဂျင်နီယာများနှင့် ဆရာဝန်များစွာကို မွေးထုတ်ပျိုးထောင်ပေးနိုင်ခဲ့သည်။

## သွေးလှူဒါန်းပေး

ကျန်းမာရေးကဏ္ဍတွင်လည်း ပြည်သူများအတွက် လိုအပ်ချက်ဖြစ်သည့် ဆေးပေးခန်းများ၊ ဆေးရုံများ ဆောက်လုပ်လှူဒါန်းသလို လှူဒါန်းခဲ့သည့် ဆေးရုံ၊ ဆေးခန်းများအတွက်လည်း ဆေးပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဆေးဝါးများကိုပါ စေတနာပြည့်ဝစွာ လှူဒါန်းပေးသည်ကို လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် ဘော်ဆိုင်းဒေသတွင် ဆောက်လုပ်လှူဒါန်းခဲ့သည့် တိုက်နယ်ဆေးရုံသည် မြန်မာနိုင်ငံအကောင်းဆုံး စံနမူနာပြဆေးရုံအဖြစ်ပင် မှတ်ကျောက်တင်ခဲ့ရကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မှတ်ချက်ပြုသည်ကို ကြားသိရသည်။

ဖောင်ဒေးရှင်းသည် စင်ကာပူနိုင်ငံအခြေစိုက် Smile Asia ဆေးပညာအဖွဲ့အစည်းနှင့်အတူ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များ အခမဲ့ ခွဲစိတ်ကုသပေးခြင်းကို သုံးကြိမ်တိုင်ဆောင်ရွက်ပေးခဲ့ပြီး ကလေးငယ်ပေါင်း ၂၈၁ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ခြင်း၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ အပါအဝင် ဖောင်ဒေးရှင်းအဖွဲ့ဝင်က အထက်မြန်မာပြည်အတွက် မန္တလေးမြို့နှင့် အောက်မြန်မာပြည်အတွက် စုပေါင်းသွေးလှူဒါန်းမှုကို ဆောင်ရွက်ခဲ့ရာ ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တို့အတွင်း ဖောင်ဒေးရှင်းအဖွဲ့ဝင် ၃၀၀၀ ကျော်က လူမျိုးမရွေး၊ ဘာသာမရွေး သွေးလိုအပ်သည့် ဝေဒနာရှင်များအတွက် သွေးလှူဒါန်းပေးခဲ့သည်။

အားကစားကဏ္ဍတွင်လည်း မြန်မာနိုင်ငံဘောလုံးအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် foundation မတည်ထောင်ခင်ကပင် ၁၉၉၅ ခုနှစ်မှစ၍ အစဉ်တစိုက်လှူဒါန်းပံ့ပိုးခဲ့သည်။ ယနေ့အချိန်ထိလည်း မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား အဓိကလှူဒါန်းပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အခြားအားကစားကဏ္ဍများ၌လည်း အလျဉ်းသင့်သလို လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

## စေတနာမှာ သိသာထင်ရှား

လူမှုရေးကဏ္ဍတွင်လည်း Foundation ၏ ရေအလှူစီမံကိန်းမှာ လေးစားအားကျအတုယူဖွယ်ရာကောင်းလှသည်။ သောက်သုံးရေ လွန်စွာခက်ခဲလှသည့် နေရာဒေသအနှံ့အပြားတွင် ငွေကျပ် ဘီလီယံပေါင်းများစွာ အကုန်အကျခံလျက် စေတနာအပြည့်အဝဖြင့် စက်ရေတွင်းပေါင်းများစွာကို တူးဖော်လှူဒါန်းပေးပြီး ရေပေးဝေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခြင်း၊ ရေလှောင်ကန်များတည်ဆောက်ပေးခြင်း၊ ခေတ်မီ၍ အဆင့်မြင့်သော ရေတွင်းတူးစက်ကြီးကို အင်္ဂလန်နိုင်ငံမှ မှာယူတင်သွင်း၍ နေရာအနှံ့တူးဖော်လှူဒါန်းပေးလျက်ရှိခြင်း၊ ညောင်ဦးခရိုင်အတွင်းရှိ ငါ့သရောက်မြို့နယ်ခွဲ စက်စက်ယိုကျေးရွာအနီးတွင် နှစ် ၃၀ ကျော်ကောနေသော မန်ကျည်းရွှေဂူဆည်အား ပြန်လည်တူးဖော်ပေးခဲ့ခြင်း၊ ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ် ၄၆ စီးအား လိုအပ်သည့် ဒေသများအတွက် လှူဒါန်းပေးထားခြင်းတို့ကို တွေ့ရသည်။

တိုက်ပွဲရှောင်ဒေသများသို့လည်း သက်စွန့်ဆံဖျားသွားရောက်၍ အစားအသောက်၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းများ၊ ငွေကြေးများနှင့် ခေါင်းစွပ်ပါ အနွေးထည်အမြောက်အမြား လှူဒါန်းလျက်ရှိသည်ကို တွေ့ရ၍ လေးစားအံ့သြတုန်လှုပ်မိပြန်သည်။ အချို့ဒေသများဆိုလျှင် စာရေးသူပင် ရောက်ဖူးခြင်းမရှိ။ သွားရောက်ရန် အလွန်ခက်ခဲသော ဒေသများဖြစ်၍ Foundation ၏ စေတနာမှာ သိသာထင်ရှားလှသည်။

## ပြည်သူ့အကျိုးပြုအဖွဲ့

၂၀၁၅ ခုနှစ် ဧပြီလအတွင်း ရာသီဥတုဖောက်ပြန်၍ မိုးသီးများကြွေကျကာ တောင်သူဦးကြီးများ၏ ခိုင်းနွားများ သေဆုံးခဲ့သည့်အချိန်ကလည်း ခိုင်းနွားတစ်ကောင်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ထောက်ပံ့ကူညီပေးခဲ့သည်မှာ ပီတိဖြစ်စရာကောင်းလှသည်။

ဘိုးဘွားရိပ်သာများအတွက် မော်တော်ယာဉ်များ လှူဒါန်းပေးခြင်း၊ အခြားသော ပရဟိတအဖွဲ့များ၊ လူမှုအကျိုးပြုအဖွဲ့ငယ်များသို့လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန် ငွေကြေးမြောက်မြားစွာ လှူဒါန်းပေးခြင်း၊ အအေးလွန်ကဲသည့် ဆောင်းရာသီအချိန်ကာလတွင်လည်း အအေးဒဏ်ကို ပိုမိုခံရသည့် ဒေသများရှိ ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ဂေဟာများ၊ တိုက်ပွဲရှောင်စခန်းများသို့ ခေါင်းစွပ်ပါ အနွေးထည်များ လှူဒါန်းပေးခဲ့သည်ကို တွေ့ရပြန်၍ ရာသီအလိုက်၊ နေရာဒေသအလိုက် လိုအပ်ချက်အပေါ် မူတည်၍ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိသည့် ပြည်သူ့အကျိုးပြုအဖွဲ့အစည်းအဖြစ် မှတ်ချက်ပြုမိသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ရန်ပုံငွေအတွက်လည်း ကျပ်သိန်း ၃၀၀၀၀ လှူဒါန်းခဲ့ခြင်း၊ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူ ပြည်သားအားလုံးအတွက် ကျပ်သိန်း ၆၅၁၆၀ လှူဒါန်းခဲ့ခြင်း၊ စုစုပေါင်း လှူဒါန်းထားမှုပမဏ ငွေကျပ် ၁၃၅ ဘီလီယံကျော် လှူဒါန်းထားခဲ့သည်မှာ Foundation ၏ မွန်မြတ်သည့် စေတနာ၊ ထက်သန်သည့်သဒ္ဓါ၊ ဖြူစင်သည့် မေတ္တာတရားနှင့် နိုင်ငံတော်နှင့် ပြည်သူတို့အပေါ်ထားရှိသည့် လေးစားစိတ်၊ နိုင်ငံချစ်စိတ်နှင့် ပြည်သူကို အလုပ်အကျွေးပြုလိုသည့် ခံယူချက်တို့ကို သိသာမြင်သာစေပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ နိုင်ငံတော်နှင့် ပြည်သူအတွက် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး ရှေ့တန်းမှ အမြဲမပြတ် လှူဒါန်းအကျိုးပြုလျက်ရှိသည့် လူမှုအကျိုးပြုအဖွဲ့အစည်းအဖြစ် လေ့လာတွေ့ရှိခဲ့ရပြီး ၎င်းဖောင်ဒေးရှင်းကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူတို့က အားကိုးအားထားပြုနိုင်မည့် ပရဟိတအသင်းအဖွဲ့အစည်းကြီးများ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၌ များစွာလိုအပ်နေသည့်အတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) ကို ရည်ညွှန်းဂုဏ်ပြုလျက် အလားတူ လူမှုအကျိုးပြုအဖွဲ့အစည်းပေါင်းများစွာ ပေါ်ထွန်းပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။ ။


New Fortuner. More Powerful and More Fuel-Efficient!
Look forward to the next generation of superior SUV.
Enhanced engine performance, quieter and more comfortable driving by the world's leading Toyota GD engine
New You. New Success.
FORTUNER
More Powerful!
KD engine 163ps → GD engine 177ps
Up to 15% more fuel efficient
Enhanced Torque!
Up to 25% more maximum torque
Luxuriously appointed interior
Spacious and elegant comfort
6-speed Automatic Transmission
ECO/PWR Switch
Downhill Assist Control (DAC)
Drive down slopes without the tires locking while keeping the vehicle stable.
For More Information Visit Our Website!
Visit ▸▸▸ www.toyota-myanmar.com/imv
Scan QR code
TOYOTA Aye and Sons
(Yangon)
Open: Mon - Sat 9 AM - 5 PM
Closed: Sunday and Public Holidays
No. 87 (A), Kaba Aye Pagoda Road, Bahan Township, Shwegondine P.O 11201, Yangon
E-mail: ayensons@ttasmyanmar.com.mm
Tel: (09) 954 502 206, (09) 954 400 950
TOYOTA MINGALAR
(Yangon)
Open: Mon - Sun 9 AM - 5:30 PM
No. 6 Bayintnaung Road, Ward (2), Hlaing Township Yangon
E-mail: info@mgmtoyota.com
Tel: (01) 514 940, (01) 514 941
TOYOTA GW Lion
(Mandalay)
Open: Mon - Sun 9 AM - 5:30 PM
Block (542), Upine – 10/339, Mandalay-Pyin Oo Lwin Road, Between 37th & 39th streets, Aung Pin lae Quarter, Pathein Gyi Township, Mandalay Division, Myanmar
Tel: (09) 969 700 001 ~ 3
Specifications may vary from model(s) shown.
www.toyota-myanmar.com
Together, Tomorrow, Toyota
TOYOTA

YOMA STRATEGIC HOLDINGS LTD.

# CPCL

NEW HOLLAND AGRICULTURE

ဖော်ပြပါကျွန်ုပ်တို့ ဝန်ဆောင်မှုများအား သင်ရရှိခံစားလိုပါက ယခုပင်နီးစပ်ရာနယူးဟော်လန်ရုံးခွဲများ (သို့မဟုတ်) နီးစပ်ရာစက်မှုလယ်ယာစခန်းများသို့ ဆက်သွယ်ဝယ်ယူလိုက်ပါ ........

"လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့"

## ရုံးခွဲပေါင်း (၁၅) ခုဖွင့်လှစ်ပြီး .....




- အကောင်းဆုံးထဲမှ အကောင်းဆုံးလယ်ထွန်စက် နယူးဟော်လန်




- အပိုပစ္စည်းများကို အချိန်မရွေး အလွယ်တကူဝယ်ယူအသုံးပြုနိုင်ခြင်း




- ရိုးမဘဏ်နှင့်ချိတ်ဆက်၍ ၁နှစ်၊ ၂နှစ်၊ ၃နှစ် ဖြင့်ဝယ်ယူလိုလျှင် ၁၀%၊ (သို့မဟုတ်) ၃၀% ကနဦးပေးသွင်းပြီး ၅နှစ် ဖြင့်ဝယ်ယူလိုလျှင် ၁၀% ကနဦးပေးသွင်းခြင်းဖြင့် ဝယ်ယူနိုင်ခြင်း
- နယူးဟော်လန်လယ်ထွန်စက်များကို နီးစပ်ရာစက်မှုလယ်ယာစခန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ၁၀% ကနဦးပေးသွင်းပြီး (၃) နှစ် (၇) ရစ် စနစ်ဖြင့်ဝယ်ယူနိုင်ခြင်း
- ပြုပြင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုများကိုအကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ (၂၂ ဖွဲ့) ဖွဲ့စည်းထားခြင်း
- နယူးဟော်လန်လယ်ထွန်စက်များကို တစ်နှစ်တိတိအာမခံပေးထားပြီး အာမခံကာလအတွင်း စက်ပျက်စီးမှုရှိပါက ကောင်းမွန်အဆင်ပြေသည်အထိ ပြုပြင်လုပ်ဆောင်ပေးလျှက်ရှိခြင်း
- တောင်သူဦးကြီးများ ပိုမိုအဆင်ပြေစေရန် မြန်မာနိုင်ငံအနှံ့ရုံးခွဲပေါင်း (၁၅) ခုအထိ ဖွင့်လှစ်ပေးခဲ့ပြီး ရုံးခွဲများဆက်လက်ဖွင့်လှစ်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျှက်ရှိခြင်း
- တောင်သူဦးကြီးများအတွက် နယူးဟော်လန်လယ်ထွန်စက်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် မောင်းနှင်မှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျှက်ရှိခြင်း
- နယူးဟော်လန်လယ်ထွန်စက်များ၏ စက်စွမ်းဆောင်ရည်ကို တောင်သူဦးကြီးများပိုမိုသိရှိနားလည်စေရန် စက်စွမ်းရည်လက်တွေ့သရုပ်ပြပွဲများ ပြုလုပ်ပြသခြင်း

100 YEARS OF TRACTORS 1917-2017

**Hot Line : 09765642725**

### တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ

ရန်ကုန်ရုံးချုပ် : အမှတ် (၁၁၅၉)၊ (အက်ဗ်အမ်အိုင်) ပဒေသပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဆက်သွယ်ရန်ဖုန်း - ရန်ကုန် - ၀၁၃ - ၆၈၇၀၀၂~၀၀၃၊ ၆၈၇၈၈၁။

နယ်ရုံးခွဲများ : မန္တလေး - ၀၉ ၄၃၀၁၄၄၅၂၊ နေပြည်တော် - ၀၉ ၄၄၈၅၄၁၄၅၈၊ ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇၊ တောင်ကြီး - ၀၉ ၄၅၇၄၅၅၄၀၉၊ နောင်ချို - ၀၉ ၄၅၇ ၄၅၅၄၀၈၊ မောင်းကုန်း - ၀၉ ၇၇၁ ၃၄၃၂၃၈၊ ပခုက္ကူ - ၀၉ ၄၅၇ ၄၅၅၄၁၀၊ ပြည် - ၀၉ ၇၈၃ ၃၈၈၀၅၇၊ မကွေး - ၀၉ ၇၆၁ ၀၉၅၀၂၄၊ ဟင်္သာတ - ၀၉ ၄၅၃၂၃၅၈၈၀၊ မအူပင် - ၀၉ ၇၇၃၈၂၆၅၇၉၊ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀၊ လွိုင်ကော် - ၀၉ ၇၆၉၂၀၅၂၉၂၊ ရွှေဘို - ၀၉ ၉၆၃၄၇၃၉၄၃။

**မြင်းကောင်ရေ ၄၅ ကောင်မှ ၁၈၀ ထိ နယူးဟော်လန်လယ်ထွန်စက်များကို အဆင်ပြေစွာ ဝယ်ယူနိုင်ပါသည်။**




09-420420761, 09-420420762, 09-420420763
◆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ ဆက်၍-လွိုင်ကော် | အမျိုးသားနေ့ ပိတ်ရက် အထူး
◆ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သိဟိုဠ်ရှင်၊ ဆက်၍-မန္တလေး
◆ ထားဝယ်-ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်
◆ ဘားအံ-ဂူ(၅)ဂူ၊ ကျောက်ကလပ်၊ ကျိုက်ထီးရိုး၊ မော်လမြိုင်-ခေါင်းဆေးကျွန်း၊ ဘီလူးကျွန်း
◆ မန္တလေး၊မဟာမြတ်မုနိ၊ပြင်ဦးလွင်၊ ဂုတ်ထိပ်၊ သီပေါ၊ ဒူဌဝတီမြစ်ဆုံ | Nov 10,17
◆ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) ◆ မဲလံ၊ ကျောက်ပါ၊ ရှင်သီဝလီ(သောကြာ-အပတ်စဉ်)

ရတီပွား ခရီးသွားလုပ်ငန်း 09-250147247, 09-774438366, 09-777700844
▲ မန္တလေး၊ပြင်ဦးလွင်၊ဂုတ်ထိပ်၊ဂုတ်တွင်း၊ခါလိန်ရေတံခွန် 50000
▲ မန္တလေးဘုရားစုံ၊ပြင်ဦးလွင်၊(၁၇)မိုင်ကမ်းခြေ 35000
▲ ပုဂံ-ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သရက္ခန်ဘုရား 40000
▲ ရှင်သီဝလိခြေတော်ရာ၊စပ်လဲရေတံခွန်၊(၁၅)မိုင်ဘုရား 15000
▲ မြဝတီ၊ မဲဆောက်၊ ဘားအံဂူဘုရားများ(တစ်ဘက်ကမ်းကူးဗီဇာအပါ) 60000
အမျိုးသားနေ့ပိတ်ရက် Nov 10,17

ကိုကျော်နိုင် CAR RENTAL
စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အံစာတုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda










အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

NELC
Don't Worry, Just Speak!
Communicative English Classes
- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။



မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

Star Academy Internationl Bakery & Pastry Course
ပြည်တွင်း၊ ပြည်ပ ဟိုတယ်ကြီးများနှင့် ကိုယ်ပိုင်ဆိုင်ဖွင့်လှစ်လိုသူများအတွက် နိုင်ငံတကာမုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း



Breads Puff Pudding Eclair Soft Roll
Cakes Danish Jelly Doughnut Hard Roll
Cookies Croissant Cream Puff Cheese Cake Focaccia

* သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်ရက် (23.11.2017)
* လူဦးရေကန့်သတ်ထားပါသည်။

တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရှိုးမဘာက်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
Star Resources Co.,Ltd ☎ 01- 523 200၊ 230 4020၊ 230 4021၊ 523 623၊ 09 5020 302.

WIN Japanese Language School

| | | |
|---|---|---|
| Basic,Intermediate | 31-10-2017 | Tue~Thu |
| Pre-Advanced(I) | 11-11-2017 | Sat,Sun |
| Intermediate | 11-11-2017 | Sat,Sun |
| Basic | 13-12-2017 | Wed~Fri |
| N3 Grammar+Reading | 16-12-2017 | Sat,Sun |
| N2 Grammar+Reading | 6-1-2017 | Sat,Sun |

တန်းခွဲသစ်များလည်း လစဉ်ရှိပါသည်။ Tel: 01-299493
Tel: 09-780390093,09780390094(စိန်ပေါလ်မှတ်တိုင်။)

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ရွှေကိန္နရီ
(MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားကြီး၊ ကားငယ်
ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ
တပါတည်း ပြောင်းရွှေ့ပေးသည်။
(မြို့တွင်း / နယ်ဝေး)
09-2532 77776
09-2532 66667
09-2532 66668
09-2532 66669

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်
ဂုဏ်ထူး ဦးအောင်ခိုင်
ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco
English Speaking (အင်္ဂလိပ် စကားပြော)
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်
မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော်၊ သံသုမာလမ်း 09 798 44 33 20



GROW YOUR FUTURE WITH KING GROUP INSTITUTE

မာ် KING Group Technical Institute
OXFORD ACADEMY AME ACCREDITED

အင်ဂျင်နီယာများ/ Construction လုပ်ငန်းတွင် Professional ဖြစ်လိုသူများအတွက် လုပ်ငန်းခွင် အတွေ့အကြုံ အထောက်အကူပြုသင်တန်းအား နိုင်ငံတကာ အတွေ့အကြုံရှိ ဝါရင့်အင်ဂျင်နီယာကြီးများမှ စာတွေ့လက်တွေ့ဖြင့် သင်ကြားပေးမည်ဖြစ်ပြီး AME Accredited Oxford Academy (UK) မှ ချီးမြှင့်သော အောက်ဖော်ပြပါ Engineer ဆိုင်ရာပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ပါသည်။

- Construction Surveying & Leveling
- Working Drawing/Stucture Drawing ဖတ်ရှုနည်း/စစ်ဆေးနည်း
- Site Inspection (RC, Steel Structure)
- Project Estimate
- Project Management
- Quality Management System
- Maintenance of Construction Building Materials
- RC and Steel Structure Basic
- Basic YCDC Rules for al types of buildings.

No.438, Thamine 8th St, Mayan Gone Township, Yangon, Myanmar. Tel : 09 254999809, 09 5095512,09 5505877
Email : education@king.com.mm www.king.education

## ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ (JLPT 2017 ) ဖြေဆိုမည့် Test Site နေရာပြောင်းကြောင်း အသိပေးကြေငြာခြင်း

3.12.2017 (Sunday) ရက်နေ့တွင် ဖြေဆိုရမည့် ကျောင်းသား/သူများ

၁။ JLPT N3 လျှောက်လွှာတင်ထားသူများ အနက်မှ ယခင် University of Yangon (Science) နှင့် University of Yangon (Arts) မှ ယခု National Management Degree College သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ပါသည်။

၂။ JLPT N4 လျှောက်လွှာတင်ထားသူများ အနက်မှ ယခင် University of Yangon (Law Department) မှ Practicing High School, University of Education (Kamayut Campus) (TTC)သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ပါသည်။

အသေးစိတ်ကို MAJA Facebook Page တွင်ကြေငြာပေးသွားမည်ဖြစ်ပါသည်။

Customer များရရှိမည့်အားသာချက်
DREAM ALUMINUM

- Euro System 45˚ ဒေါင့်ချိုး ဖြစ်ခြင်းကြောင့် အဆောက်အဦး၏ အလှကို ခေတ်မီသေသပ်စေခြင်း။
- Euro System Click Type ဖြစ်ခြင်းကြောင့် Screw အရာများကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီး ဆေးရောင်ကွာမကျခြင်း။
- Brand Accessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း။
- မြန်မာပြည်၏ အကောင်းဆုံး Euro System Dream Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။



အနယ်နယ်အရပ်ရပ်မှ
အရောင်းကိုယ်စားလှယ်များဖိတ်ခေါ်ခြင်း

- ရန်ကုန်၊မန္တလေး၊နေပြည်တော်၊တောင်ကြီး၊မော်လမြိုင် နှင့် အခြားမြို့ကြီးများအားလုံး ဆက်သွယ်နိုင်ပါသည်။
- Aluminium ဆိုင်သစ် တစ်ခုဖွင့်ချင်ပါသလား?
- သင့်ဘက်မှ ငွေအရင်းအနှီးရှိရုံဖြင့် Company ဘက်မှ ကုန်ပစ္စည်းရောင်းချခြင်း၊ပစ္စည်းထိန်းသိမ်းခြင်း၊ ငွေထိန်းသိမ်းခြင်း၊ Market လိုက်ခြင်း၊တပ်ဆင်မှုပုံစံ၊ထုတ်လုပ်မှုပုံစံနှင့် စာရင်းပိုင်းအဆုံးထိ ကူညီဆောင်ရွက်ပေးပါမည်။
- အရောင်းကိုယ်စားလှယ်ဦးရေ ကန့်သတ်ထားပါသဖြင့် ကျွန်ုပ်တို့နှင့် အမြန်ဆုံး လာရောက် ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်- Ph: 09-254038660,09-260905818

Showroom (1) No(223 / 225)၊ ကျိုက္ကဆံလမ်းမကြီး၊ကျောက်မြောင်းဈေးမှတ်တိုင်၊တာမွေမြို့နယ်။ Ph:01-8604394,09-977910201, 09-263563664
Showroom (2) No(133)၊အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ဗဟန်းမြို့နယ်။ Ph : 09 - 260905818 , 09-254048775 , 09- 951091111

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ဖြူဖြူမြင့်
**(Director-KTK Electrical Engineering Co., Ltd.)**
### အသက် (၄၆)နှစ်

၂၈-၁၀-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားသော ဒေါ်ဖြူဖြူမြင့်အား ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ တယ်လီဖုန်း၊ သတင်းစာ၊ ဂျာနယ်၊ လူမှုကွန်ရက်များ စသည်တို့ဖြင့်လည်းကောင်း အားပေးနှစ်သိမ့် ဆုတောင်းပေးကြပြီး လှူဖွယ်ဝတ္ထုအစုစု၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများ ပေးပို့ခြင်းနှင့် နာရေးနောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ခြင်းများ ပြုခဲ့ကြပါသော ကျောင်းနေဖက်သူငယ်ချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ဌာနအသီးသီး၊ ကုမ္ပဏီအသီးအသီးမှ အကြီးအကဲများ၊ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကွယ်လွန်သူ ဒေါ်ဖြူဖြူမြင့်ကို အကြောင်းပြု၍ သံဝေဂဘာဝနာပွားများနိုင်ရန် ညွှန်ပြဟောကြားပေးသည့် ဆရာတော် သံဃာတော်များ၊ သီလရှင်များ အစရှိသည့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းချို (ပေါင်းတလည်-ပဲခူးတိုင်း) (၇၄)နှစ်
**ဒုတိယဥက္ကဋ္ဌ(၂)၊ ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်**

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတလည်မြို့နေ (ဦးစံရွှေ-ဒေါ်အေး)တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်းကွန်ဒို၊ အမှတ်(၉၀)၊ (1/B)နေ ဒေါ်လှမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မမွန်မွန်ချို(မြန်မာ့စီးပွားရေးဘဏ်၊ ပြည်ဘဏ်ခွဲ)၊ မခိုင်ခိုင်ချို(မြန်မာ့စီးပွားရေးဘဏ်၊ပြည်ဘဏ်ခွဲ)၊ မစိုးစိုးချို (မြန်မာ့စီးပွားရေးဘဏ်၊ ပြည်ဘဏ်ခွဲ)၊ ကိုသန့်ဇင်ဦး-ဒေါက်တာမျိုးမျိုးထွန်း (နား၊နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး)တို့၏ဖခင်၊ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းချိုသည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၀နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇ (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းချို(ပေါင်းတလည်-ပဲခူးတိုင်း)
**ဒုတိယဥက္ကဋ္ဌ(၂) ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**
### အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ ဒေါ်လှမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းချို (ကမ္ဘောဇ ဘဏ်လီမိတက်၊ ဒုတိယဥက္ကဋ္ဌ-၂)၊ (အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)သည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းချို ကောင်းရာသုဂတိလားပါစေ။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**KBZ Bank / KBZ Group**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းချို(ပေါင်းတလည်-ပဲခူးတိုင်း)
**ဒုတိယဥက္ကဋ္ဌ(၂) ကမ္ဘောဇဘဏ်လီမိတက်**
**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**
### အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ ဒေါ်လှမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းချို (ကမ္ဘောဇဘဏ်လီမိတက်၊ ဒုတိယဥက္ကဋ္ဌ-၂)၊ (အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)သည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းချို ကောင်းရာသုဂတိလားပါစေ။

**Mr. Mike DeNoma**
**CEO**
**KBZ Bank Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း) (၆၆)နှစ်
**ကြည်း-၁၃၁၅၂၊ OTS(၄၉)**

၃၁-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (၄၉)မှ ရောင်းရင်းများ**

---

## ဒေါ်နွယ်နွယ်ဝင်း(ကျုံမငေး/မော်ကျွန်း) (၆၃)နှစ်
**ဟိုတယ်ခရီး (ငြိမ်း)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာတိုက်(၉)၊ အခန်း(၂၂)နေ (ဦးဘွန်ကျင်-ဒေါ်အေးငြိမ်း)တို့၏ သမီးငယ်၊ (ဦးတင်မြင့်-ဒေါ်စိမ်းညွန့်)၊ (ဦးမင်းဒင်)၊ (ဦးမောင်မောင်)၊ (ဦးစိုးသိန်း-ဒေါ်အေးသောင်း)၊ ဦးသိန်းအောင် (ဟိုတယ်ခရီး-ငြိမ်း)-ဒေါ်တင်တင်ပြုံး (ကန်တော်ကြီးဟိုတယ် သင်တန်းကျောင်း)၊ ဦးသိန်းဟန်-ဒေါ်ကြည်ညွန့်(ဆ-လ-ရ၊ ငွေစာရင်း-ငြိမ်း)၊ (ဒေါ်မြမြ)၊ ဦးညွန့်အောင်(စွမ်းအင်ဝန်ကြီးဌာန၊ ရေနံဓာတု-ငြိမ်း)-ဒေါ်အက်စကာလုံ (စွမ်းအင်ဝန်ကြီးဌာန၊ ရေနံဓာတု-ငြိမ်း)တို့၏ ချစ်လှစွာသောညီမငယ်၊ တူ/တူမ ၁၄ ယောက်တို့၏ ချစ်လှစွာသောအဒေါ်၊ မြေး ၁၅ယောက်တို့၏အဘွား ဒေါ်နွယ်နွယ်ဝင်းသည် ၄-၁၁-၂၀၁၇(စနေနေ့) နံနက် ၁၁း၃၅နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၇ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ၊ ဗဟန်းမြို့နယ်၊ အမှတ် (၂၇)၊ အနောက်ရွှေဂုံတိုင် (၅)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းကျော်
**လက်ထောက်အင်ဂျင်နီယာ**
**(ရေသန့်ဌာန) အငြိမ်းစား**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
### အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ (၇)ရပ်ကွက်၊ တိုက် (၃)၊ အခန်း(၁၀၂)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ (ဦးဘိုကြည်-ဒေါ်ခင်မြင့်)တို့၏သား ဦးထွန်းကျော်သည် ၄-၁၁-၂၀၁၇ (စနေနေ့) ညနေ ၆း၄၁နာရီတွင် ဗဟိုရိစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအေးမောင် (၉၄)နှစ်
**(ဘိုကလေး)**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးထုံး-ဒေါ်သော့)တို့၏ သား၊ (ဦးတင်မောင်-ဒေါ်သန်းရင်)၊ (ဦးခင်မောင်)-ဒေါ်ကျင်ယုံတို့၏ညီ၊ (ဦးကျော့ဖေ-ဒေါ်မိုးကြည်)၊ (ဦးထင်အောင်)-ဒေါ်သိန်းကျင်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ အမှတ်(၃၆၆)နေ ဦးမျိုးမြင့်၊ (ဦးတင်ထွန်းအောင်-ဒေါ်ယဉ်ယဉ်နု)၊ (ဦးအောင်ကျော်မြင့်)-ဒေါ်အေးအေးအောင်၊ ဦးဟင်နရီ-ဒေါ်သန်းသန်းအေးတို့၏ဖခင်၊ မကေခိုင်ကျော်၊ မအေးမို့မို့အောင်တို့၏အဘိုး ဦးအေးမောင်သည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးညွန့် (မော်လမြိုင်) (၈၆)နှစ်
**သားဖွားဆရာမ(ငြိမ်း)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၉၁)လမ်း၊ အမှတ် (၁၀၀)၊ (ဘီ-၆)နေ (ဦးဒင်-ဒေါ်နှင်းမေ)တို့၏ တတိယမြောက်သမီးငယ်၊ (ဦးစံတင်)၏ ချစ်လှစွာသောဇနီး၊ ဦးသုနန္ဒ(ခ) ဦးသက်လွင်ဦး၊ ဦးသန့်စင်၊ ဒေါ်သီတာစံ (မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မုံရွာမြို့)၊ ဦးလေးနိုင်-ဒေါ်မြင့်ချို၊ ဦးမင်းကိုမျိုးနိုင်(CKE)-ဒေါ်ချယ်ရီဝင်း၊ ဦးအေးကိုကို(CKE)-ဒေါ်ရီရီထွေးတို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၀ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၁၁-၂၀၁၇ (စနေနေ့) ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ၊ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်သက်သက်ဆွေ (၆၅)နှစ်
**B.A (Geography)**
**T.T.C (၁၉၆၈-၁၉၇၃) ကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ တိုက် (၁၄၈/B)၊ အခန်း(၂၀၂)နေ [သီရိပျံချီ ဦးသန့်တင်(ပါလီမန်အတွင်းဝန်-ငြိမ်း၊ စာရေးဆရာကြီး ဒဂုံရွှေပြည်စိုး)-ဒေါ်သန်းညွန့်]တို့၏သမီး၊ (ဦးတင်စိန်-ဒေါ်တင်ရီ)တို့၏သမီးချွေးမ၊ (ဒေါ်တင့်)၊ [ဒေါ်ရင်မြင့် (စာကြည့်တိုက်မှူး)]၊ [ဒေါ်သာခု (ကျောင်းအုပ်-ငြိမ်း)]၊ [ဒေါက်တာစံထွန်းအောင် (ပါမောက္ခ-ငြိမ်း၊ ဓာတ်ရောင်ခြည်ဌာန)]-ဒေါ်ခင်စန်းရီ(ကျောင်းအုပ်-ငြိမ်း)တို့၏ တူမ၊ ဦးအောင်မြင့်၏ဇနီး၊ ဒေါက်တာကံသစ်ထွန်း(လက်ထောက်ဆရာဝန်၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ကိုဖြိုးသက်အောင် (E/R MV. Sunleaf Star, Moonsoon Shipping)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သက်သက်ဆွေသည် ၄-၁၁-၂၀၁၇ (စနေနေ့) ညနေ ၄း၅၀ နာရီတွင် အမှတ်(၁၁၉၁/ခ)၊ သုမန(၂)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၁၁၉၁/ခ)၊ သုမန(၂)လမ်း၊ (၁၆/၁) ရပ်ကွက် နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၁-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သင်္ဃန်းကျွန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာ
## ဦးကျော်ဇော (၅၈)နှစ်
**C.D.C 18119, 2nd Engineer**
**P.L.L ရေကြောင်းအင်ဂျင်နီယာဟောင်း**
**Workshop Skill နည်းပြ (MMMC)**

ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်တင်လှိုင်)တို့၏သားကြီး၊ (ဦးအောင်ဒင်)-ဒေါ်တင်လှတို့၏ သားသမက်၊ ဦးသာသန(ဘုရားဖြူကျောင်းတိုက်)၏ အစ်ကို၊ ဦးမျိုးညွန့်(သတင်းဌာန၊သတင်းနှင့်စာနယ်ဇင်း)-ဒေါ်ခင်လှလှ၊ ဒေါ်စိုးစိုးမြင့်(မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲ-၁)၊ ဒေါ်လှစန္ဒာ-ဦးဉာဏ်ဝင်းဖေ၊ ဦးထွန်းထွန်းသိန်း-ဒေါ်ချောကလျာမိမိကျော်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ ဝတ်ကျောင်းလမ်း၊ အမှတ်(၁၉)၊ ငါးလွှာနေ ဒေါ်လှလှမော်၏ ချစ်လှစွာသောခင်ပွန်း၊ မယဉ်မင်းသွယ် (Final Year, Psychology-EYU)၊ မချစ်ချစ်ကျော်ဇော(SMVTI)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ထွန်းအောင်နိုင်၊ မအိမ်ချမ်းမြေ့(ခေတ္တ-USA)၊ မခြူးဆည်းလည်း (2nd year Myanmar အဝေးသင်တက္ကသိုလ်)၊ မခင်ယွန်းသစ္စာ (2nd year Tourism national Management Degree Collage)တို့၏ ချစ်လှစွာသောဘကြီး ဦးကျော်ဇောသည် ၄-၁၁-၂၀၁၇ (စနေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၇ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိဋ္ဌ

## ဦးစစ်ခွေး(ခ)ချောင်ပြန့်ဝင်း
**(ဖျာပုံမြို့)**
### အသက်(၉၈)နှစ်

ဖျာပုံမြို့၊ (၆)ရပ်ကွက်၊ အမှတ် (၂၇)နေ (ချောင်အင်ဟိုး-ဒေါ်လေးကြူ)တို့၏ သား၊ (ဒေါ်ကျင်ဟိန်)၏ ခင်ပွန်း၊ ဦးကျော်ဦး-ဒေါ်ခင်စောလုံ၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ညွန့်ညွန့်ဆွေ၊ ဒေါ်အေးအေး၊ ဦးထွန်းလင်း-ဒေါ်စန်းစန်းယု၊ ဒေါ်သီသီခိုင်၊ ဒေါ်ခင်ခင်ဇင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ကိုသိန်းထိုက်ဝင်း-မရတနာခိုင်၊ ကိုသက်နိုင်ဝင်း၊ မအေးပွင့်ဖြူ၊ မခင်စိုးသူ၊ မောင်ဉာဏ်လင်းထက်၊ ဘေးဘေးတို့၏ ချစ်လှစွာသောအဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုး ဦးစစ်ခွေး(ခ) ချောင်ပြန့်ဝင်းသည် ၄-၁၁-၂၀၁၇ (စနေနေ့) ည ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
## ဒေါ်နှင်း
### အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် (၉၉၄)နေ (ဦးကျော်-ဒေါ်အုန်းမြိုင်)တို့၏သမီးကြီး၊ (ဦးစိန်ဝှက်)၏ဇနီး၊ ဆရာတော် ဦးဝဏ္ဏိတ (ဟင်္သာတ သုံးထပ်ကျောင်း)၏ မယ်တော်ကြီး၊ ဦးသန်းဦး-ဒေါ်ညွန့်ညွန့်လှိုင်၊ ဦးမြွေအောင်-ဒေါ်ချိုချိုမြင့်၊ ဒေါက်တာ ဒေါ်အေးသီတာ (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ်)၊ ဦးဇော်ငွေး (chief mate)-ဒေါ်တင်မမ၊ (ဦးတင်ဝင်းအောင်)-ဒေါ်အေးအေးသိန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ (မခိုင်ရွှန်းလဲ့ရည်)၊ မအေးမြတ်ရတနာ၊ မောင်သီဟလင်းဦး၊ မောင်သူရလင်းဦး၊ မဖြူစင်လဲ့ရည်၊ မဆောင်းရတီတင်၊ မအိမ့်ရတီတင်တို့၏ ဘွားဘွားကြီး ဒေါ်နှင်းသည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဘိုတင့်
### အသက်(၆၂)နှစ်
**လုံခြုံရေးမှူး-ငြိမ်း၊ Y.T.U**

ရန်ကုန်မြို့၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်းနေ (ဦးမြမောင်-ဒေါ်နီ)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်ဝိုင်း)တို့၏ သားသမက်၊ (ဦးကျော်မြင့်)-ဒေါ်ရွှေမိတို့၏ညီ၊ (ဦးဘိုးအောင်)-ဒေါ်ခင်အုန်းမြင့်၊ ဦးဖိုးဆန်း၊ ဦးဘိုးသန်း-ဒေါ်မြဝင်း (ကျောင်းသားရေးရာဌာန)၊ ဦးငွေမောင်-ဒေါ်စန်းမြင့်ရီတို့၏ အစ်ကို၊ ဦးခွန်မောင်မောင်(ယာဉ်မောင်း Y.T.U)-ဒေါ်အေးအေးတင့်၊ ဦးခင်မောင်တင့်-ဒေါ်နွယ်လေး၊ မထွေးထွေးတင့် (Concordia In'l Co.,Ltd.) တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဒေါ်စိန်ရွှေ(ခ)ဒေါ်မိဒေါ်၏ ခင်ပွန်းသည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇(အင်္ဂါနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်(MD-7)၊ ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

---

## ဒေါ်စိုးဝင်း
### အသက် (၈၇)နှစ်
**မိုးကုတ်ယောဂီ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁)၊ သီလလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်နေ (ဦးသန်း-ဒေါ်အေးရှင်)တို့၏ သမီးကြီး၊ [ဦးသိန်းဇံ(စစစ-ငြိမ်း)]၊ (ဦးတိုးအောင်)တို့၏ ညီမ၊ ဒေါ်ထားတင့်၊ ဒေါ်မြမြသိန်း(သ/မ ဒီဂရီကောလိပ်-ငြိမ်း)၊ [ဦးအောင်ကျော်မြင့်(R/O)]တို့၏အစ်မ၊ ဒေါ်တင်တင်အေး၏ အဒေါ်၊ ဒေါက်တာရွှေသန်းထွဋ်-ဒေါက်တာယုယုသိန်းတို့၏အဘွား ဒေါ်စိုးဝင်းသည် ၄-၁၁-၂၀၁၇ (စနေနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မျိုးလှ (၈၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၂၇၈)၊ အခန်း (၇)နေ (ဦးလှဖေ-ဒေါ်ခင်သိန်း)တို့၏သမီး၊ (Dr.မြင့်သိန်း)၏ ဇနီး၊ ဒေါ်ချိုချိုမြင့်-ဦးညွန့်ဝင်း (Ex-Uniteam)၊ (ဒေါ်သီသီမြင့်)၊ ဦးထင်ကျော်မြင့် (Head of HR-Uniteam)-ဒေါ်သဇင်မင်းစုထွေးတို့၏ချစ်လှစွာသောမိခင်၊ (မောင်ဝင်းချိုဝင်း)၊ မောင်လင်းချိုဝင်း၊ မရွှေရည်လင်းလက်မြင့်(ရန်ကုန်တက္ကသိုလ်)တို့၏အဘွား ဒေါ်ခင်မျိုးလှသည် ၅-၁၁-၂၀၁၇ ရက် နံနက် ၈း၁၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (Uniteam ရုံးနှင့် နေအိမ်တို့မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ထွေး(ခေတ်ဆန်းယဉ် အမျိုးသမီးလှဝတ်စုံ)
### အသက် (၇၈)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်ရွာဟောင်းရွာနေ (ဦးဆိုးသာအောင်-ဒေါ်မင်းလှ)တို့၏ သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၇/၂)နေ (ဦးအောင်ကျော်တင့်)၏ ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်သိန်း (ခေတ္တ-နယူးဇီလန်)-ဒေါ်မြမြစန်း(ခ)မလင်းလင်း၊ ဒေါ်အေးအေးသိန်း၊ (ဦးမင်းသိန်းထွန်း)-ဒေါ်ဝင်းဝင်းသိန်း၊ ဒေါ်ခင်ခင်သိန်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ထွန်း-ဒေါ်ချိုချိုသက်၊ ဦးဇော်မင်းထွန်း-ဒေါ်မော်မော်ထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မမြတ်နိုးဖေ၊ မမြတ်နိုးမေ၊ မောင်နန္ဒလင်း၊ မောင်ပြည့်ဘုန်းမောင်တို့၏အဘွားသည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၇/၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စောတင် (၇၆)နှစ်
**B.Com (A.A) (1966)**
**ဦးစီးအရာရှိ(ကြီးကြပ်) (ငြိမ်း) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီမြို့၊ ရွာသစ်ပိုင်းရပ်နေ (ဦးထွန်းတင်-ဒေါ်ကြင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးအေးမောင်- ဒေါ်ကျင်မြိုင်)တို့၏ သမီးချွေးမ၊ (ဦးအေးတိုး)-ဒေါ်ခင်နွယ်အေး၊ ဦးတင်ထွဋ်-ဒေါ်ချိုမာဝင်း၊ ဦးစိုးလှိုင်-(ဒေါ်စန်းစန်းဝင်း)၊ (ဦးတင်ထွန်းအောင်)-ဒေါ်ရင်ရင်လှ၊ ဦးတင်အောင်ညွန့်-ဒေါ်မူမူမြင့်၊ ဦးအေးကျော်-ဒေါ်ခင်မြတ်မြတ်ဦး၊ (ဦးဟန်မြင့်-ဒေါ်မိမိတင်)၊ ဦးစိုးလွင်-ဒေါ်သီတာတင်တို့၏အစ်မကြီး၊ အမှတ်(၂၇-D)၊ သုမင်္ဂလာလမ်း၊ ဇ/မြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးသန်းစိန်၏ ဇနီး၊ မသင်းသူ့ဆွေ၊ (မောင်ဝင်းသန်းထွဋ်)တို့၏မွေးသမိခင်၊ တူ/တူမ ၁၃ ယောက်တို့၏အဒေါ် ဒေါ်ခင်စောတင်သည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသက်နိုင်ဦး(ခ)ကိုရွှဲကြီး
**စိန်ဂျွန်းကျောင်းသားဟောင်း**
### အသက်(၆၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅၄)၊ ပထမထပ်၊ ဘုန်းကြီးလမ်းနေ (ဦးမောင်မောင်နိုင်-ဒေါ်မြမြအုန်း)တို့၏သားကြီး၊ (ဦးကျော်သန်း-ဒေါ်ကြည်)တို့၏ သားသမက်၊ ဦးမိုးအောင်မြင့်-ဒေါ်မိမိသက်၊ (ဦးဘုန်းမြင့်နိုင်)၊ ဦးမျိုးမြင့်နိုင်-ဒေါ်ချိုချိုတာ(MPPE၊ နေပြည်တော်)၊ ဒေါ်လှလှမယ်၊ ဦးကျော်သူရစိုး(သတ္တုတွင်းလုပ်ငန်း)-ဒေါ်သီတာနိုင်တို့၏အစ်ကိုကြီး၊ ကိုနေလင်းအောင် (B.S.M Co., Ltd.)-မဇာဇာအောင်၊ ကိုအောင်နန်းဦး၊ ကိုအောင်စိုးမင်းတို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်မာမာသန်း၏ချစ်လှစွာသောခင်ပွန်း၊ မအေးငြိမ်းချမ်းအောင်၏အဘိုးသည် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## မအေးချမ်းမိုး(ခ)မရွှေဇင်ထက်(ခ)မီးမီး (၂၃)နှစ်
**Third Year (E.P.P)**
**LCCI (Level I, II, III) ACCA (UK)**
**ကျောက်ဖြူ**

ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ (ဦးအောင်ဖော်)-ဒေါ်စောတင်၊ အလယ်ပိုင်းရပ်ကွက်နေ (ဦးကျော်စိန်)-ဒေါ်တင်တင်အေးတို့၏ မြေးဦး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ အမှတ်(၆၅၈)၊ (၆/အေ)နေ [ဦးဇော်မိုးအောင်(ခရိုင်ဦးစီး၊ ပြန်ဆက်၊ ကျောက်ဖြူ)]-ဒေါ်မျိုးသန္တာကျော်တို့၏သမီးကြီး၊ ဦးပဥ္စင်း ဦးကုန္ဒောဘာသ၊ ကျောက်ဖြူမြို့နေ ဦးမျိုးမြင့်မောင်-ဒေါ်သူဇာမိုး၊ ပြင်ဦးလွင်မြို့နေ ဦးကျော်ဇင်ဦး-ဒေါ်အိဖြိုးကျော်၊ ကိုကျော်ဇင်ဟိန်းတို့၏ တူမကြီး၊ မအေးချမ်းဖြိုး(ခ) ရွှေရည်ထက်၊မောင်ဘုန်းမြင့်မြတ်တို့၏ အစ်မကြီး၊ မအေးချမ်းမိုး(ခ)ရွှေဇင်ထက်သည် ၅-၁၁-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇ (စနေနေ့) နံနက် ၁၁နာရီ၊ ၁၂နာရီတွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ငြိမ်းချမ်းရေးဂီတပွဲတော် (၂၀၁၇) သီချင်းဆိုပြိုင်ပွဲ Level(3)အဆင့် ပွဲစဉ်(၁) ကျင်းပ

## ပွဲစဉ်များတွင် ဒိုင်များ၏ ဆုံးဖြတ်ချက်များအပြင် ပရိသတ်များ၏ Voting စနစ်လည်း ပါဝင်



**နေပြည်တော် နိုဝင်ဘာ ၅**

ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲ Level(3) အဆင့် ပွဲစဉ်(၁)ကို ယနေ့ ည ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ ၌ ကျင်းပသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Level(3)အဆင့် ပွဲစဉ်(၁) ပြိုင်ပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ငြိမ်းချမ်းရေးဂီတပြိုင်ပွဲကို နှစ်သက်မြတ်နိုးကြသည့် ဧည့်ပရိသတ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၂ သို့ ✱**

ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲ Level(3) အဆင့် ပွဲစဉ်(၁) ကျင်းပစဉ်။

**လျှပ်စစ်မော်တော်ကား သုံးစွဲမှု တိုးတက်လာစေရေး ဂျာမနီ၌ ဓာတ်အားပြန်လည်ဖြည့်တင်းရေးစခန်းများ ဖွင့်လှစ်** စာမျက်နှာ - ၄

**စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍများ နှစ်ဆင့်ချေးငွေစီမံကိန်း ထုတ်ချေးပေးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးချက်များ** စာမျက်နှာ - ၈


# ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်း အားကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် နိုဝင်ဘာ ၅**

M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်းကို နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်ပြီး တစ်လနီးပါး အချိန်ယူပြင်ဆင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစုကို အခြေခံကာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းမှ ကစားသမားများ၊ ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် ယူ-၁၈ အသင်းမှ ကစားသမားအချို့နှင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် နိုဝင်ဘာ ၆ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသည့် နည်းပြများနှင့် ကစားသမားများမှာ အိန္ဒိယနှင့်ပွဲပြီးမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၃ အသင်းတွင် အောင်သူ၊ သန်းပိုင်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ စည်သူအောင်၊ သီဟထက်အောင် စသည့် လက်ရွေးစင်ကစားသမားများ ပါဝင်လာပြီး ယူ-၁၈ အသင်းမှ ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ စိုးမိုးကျော်နှင့် လွင်မိုးအောင်တို့ကို အတွေ့အကြုံရစေရန် ရွေးချယ်ထားကာ ဒဏ်ရာမှပြန်ကောင်းလာသည့် ငြိမ်းချမ်းအောင်နှင့် ကျော်မင်းဦးတို့ကိုလည်း ရွေးချယ်ထားသည်။ မြန်မာ ယူ-၂၃ အသင်းသည် ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် M-150 Cup ထိုင်း ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(ခ)တွင် ထိုင်း၊ ဗီယက်နမ် အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေကာ အုပ်စု (က) တွင် ဂျပန်၊ မြောက်ကိုရီးယား၊ ဥဇဘက်ကစ္စတန် အသင်းတို့ ပါဝင်လျက်ရှိသည်။

မြန်မာ ယူ-၂၃ အသင်းတွင် နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ် (ဂျာမနီ)၊ လက်ထောက်နည်းပြ-ပိုပေါ့စကီး (မက်ဆီဒိုးနီးယား)၊ **စာမျက်နှာ ၃ ကော်လံ ၆ သို့ ○**



မြန်မာ ယူ-၂၃ အသင်းတွင် ပါဝင်လာသည့် တောင်ပံကစားသမား စည်သူအောင်